
我每周随机一个
新职业
ငါ့မှာအပတ်တိုင်းအလုပ်အသစ်ရှိတယ်
စာစဉ် ( ၁၅ )
ဘာသာပြန် – ထွန်းလင်းအောင်

# ငါ့မှာ အပတ်တိုင်း အလုပ်အသစ် ရှိတယ်

## ဘာသာပြန် - ထွန်းလင်းအောင်

## အခန်း (၂၁၁)

ရန်ရွှေနှင့် ဝမ်ရိရွှမ်တို့ကတော့ တခြားသူများ၏ အမူအရာများကို သတိမထားမိဘဲ အချင်းချင်း ဆက်ပြောနေကြခဲ့၏။

"ဒါပေါ့ဟဲ့ နင်က တစ်ချိန်လုံး ဘာတွေလျှောက်တွေးနေတာ...သူ့ကို တကယ်ကြီးချမ်းသာတဲ့ ဒုတိယမျိုးဆက်လို့ ထင်နေတာလား.."

ရန်ရွှေ မေးလိုက်သည်။

"ဘာလို့လဲဆိုတော့ သူက ပြိုင်ကားကြီး မောင်းတာကိုးရှင့်..အဲ့တော့ အထင်လွဲမိတာက ပုံမှန်ပဲလေ.."

ဝမ်ရိရွှမ် ပြောလိုက်ပြီး "နောက်ပြီး ဆရာမရန်က အရမ်းအသက်ကြီးသေးတာလည်း မဟုတ်ဘဲနဲ့ ဆွဲဆောင်မှုက ရှိနေတုန်းပဲလေ..သာမန်လူသာဆို ဆရာမရန်ရဲ့ အမြင်ကို ဘယ်လိုလုပ် ဖမ်းစားနိုင်မှာ.."

"ချုံး ချုံး ချုံး ..ဒီကလေးမကတော့ ဘာတွေ ပေါက်တတ်ကရ ပြောနေမှန်းကို မသိဘူး.."ရန်ရွှေ ပြောလိုက်ပြီး "အရှင်းဆုံး ပြောလိုက်မယ်..သူက ဘာမှ ချမ်းသာတဲ့

ဒုတိယမျိုးဆက်မဟုတ်ဘူး...နင်ကသာ အတွေးတွေ လွန်နေတာ..."

"အွန်း.ဆရာမပြောတာ မှန်တယ်..သမီးကို က နည်းနည်းလေး အတွေးလွန်နေတာ ဟီး ဟီး..."

ထိုနောက် ဝမ်ရိရှမ် ရန်ရှယ်၏ နားအနား ကပ်၍ "နောက်ပြီး အထင်လွဲလည်း လွဲချင် စရာပဲလေ...

ဟိုရှိုက်ကောက ဘော်ဒီတောင့်တောင့်နဲ့ အရမ်းချောတဲ့ ရှောင်ကောကောကို ပဲ..ဆရာမရန်က အရမ်းမြင်တတ်တယ် နော်..သမီးတော့ ဆရာမဆီကနေ အများ ကြီး သင်ယူဖို့ လိုနေသေးတာပဲ.."

"ချူး ချူး ဘာတွေ ပြောနေပြန်ပြီလည်း မ သိညူး..သွား..ကိုယ့်ရဲ့ ပီယာနိုကိုပဲ အသံ သွားစမ်းနေလိုက်..."

"ခစ်ခစ် တို့ဆရာမ ရှက်နေရင်လည်း မပြော တော့ပါဘူးရှင့်..."

ဝမ်ရိရှမ်ကို စကားဖြတ်ပြီးနောက် ရန်ရှေ လင်းရီထံသို့ လျှောက်လာပြီး အလှမ်းသိပ်မ ဝေးသော နေရာရှိ ပီယာနိုကို ညွှန်ပြကာ "နင်တီးရမယ့် ပီယာနိုက ဟိုရဲ့ဟာပဲ...သွား ပြီး စမ်းကြည့်လိုက်ဦးလေ...ငါက တခြား လုပ်စရာလေးတွေ ရှိသေးတယ်..တစ်ခုခု လိုအပ်ရင် ခေါ်လိုက်နော်..ဘာမှ အားနာမ နေနဲ့ သိလား..."

"ဟုတ်ကဲ့ပါဗျ..."

ပွဲတွင် တေးပြဆရာမဖြစ်သည့်အလျောက် ရန်ရွှေမှာ သဘာဝအလျောက် အလုပ်အများဆုံးပင်။ သူမ လင်းရီကို အကြံအနည်းငယ် ပေးပြီးနောက် သူမလုပ်ရမည့် အလုပ်များကို ဆက်လုပ်နေလိုက်သည်။

လင်းရီ ထိုင်ခုံတစ်ခုံပေါ်တွင် ထိုင်လိုက်ပြီး အချိန်ဖြုန်းရန် ဖုန်းကစားနေလိုက်၏။

သူ၏ လက်ရှိ ပီယာနိုလယ်ဗယ်နှင့် ဆိုပါကယခုလို ပွဲများကို အသာလေး ထိန်းချုပ်သွားနိုင်သည်။ အထွေထူး အချိန်ပေး၍ လေ့ကျင့်နေရန် မလိုတော့ချေ။

ရန်ရွှေ ထွက်သွားပြီးနောက် လူတိုင်း ဝမ်ရိရှမ်အနားသို့ဝိုင်းအုံလာကြပြီး "ရှမ်ရှမ် ဘာတွေ ဖြစ်နေတာလဲ ...ဆရာမရန်ပြောသံကြားတာတော့ သူက အီရန်ဘွိုင်းကြီးဆို..."

"အွန်း..ဟုတ်တယ်လေ..ဆရာမက အစားထိုးဖို့ လူပို ရှာမတွေ့တာနဲ့ မေ့ထွမ်ရဲ့ အီရန်အက်ပ်ကနေတစ်ဆင့် ငှားထားတာ..."

ရိရှမ် ခေါင်းညိမ့်၍ သာမန်လေသံဖြင့် ပြောလိုက်လေသည်။

"အင်း..သူ့ပုံစံ ကြည့်ရသလောက်ကတော့ စကေးတစ်ချို့ ရှိမယ့်ပုံပဲ..မဟုတ်ရင်

ဆရာမရန်က သူ့ကို ခေါ်မှာ မဟုတ်လောက်ဘူး.."

"သူက စကေးတစ်ချို့ရှိတယ်ဆိုရင်တောင်မှ အီရန်ဘွိုင်း ဖြစ်နေတုန်းပဲလေဟယ်..နင်နဲ့ ကျင်းကျင်းလောက် အရည်ချင်း ရှိချင်မှ ရှိမှာပေါ့ဟဲ့..."

"ပြောစရာတောင် လိုနေသေးလို့လား...ကျင်းကျင်းနဲ့ ငါက ပြည်နယ်အဆင့် လူငယ် စန္ဒယားပြိုင်ပွဲမှာ ရွှေတံဆိပ်ဆုရှင်တွေပဲလေ.ငါတို့ကြားမှာ ကွာဟမှုတွေ ရှိမှာကတော့ သေချာပေါက်ပဲပေါ့...."ဝမ်ရိရှွမ် ဂုဏ်ယူစွာ ပြောလိုက်၏။

"ခုမှ နည်းနည်းတောင် စိုးရိမ်လာပြီ..တကယ်လို့ ငါတီးတဲ့ အချိန်ကျရင် သူငါနဲ့ စည်းချက်မှီအောင် လိုက်တီးနိုင်ပါ့မလားမသိဘူး..အဲ့ချိန်ကျရင် ငါသူ့ကို ဖြေးဖြေးနဲ့ဆွဲခေါ်သွားရတော့မှာ..တကယ်လို့ ပွဲမှာအဆင်မပြေဖြစ်သွားရင်တော့ ငါ့ကို အပြစ်မတင်ကြနဲ့နော်..."

"ဆရာမရန်ကလဲ ဘာကြီးလဲကွာ..ပွဲက ဒီလောက်အရေးကြီးတာတောင်မှ အီရန်ဘွိုင်းကို ခေါ်လိုက်ရတယ်လို့.....ငါတို့ကို တမင် ဒုက္ခပေးချင်လို့များ လုပ်နေလားမသိ..."

"ငါတော့ ဂရုမစိုက်ဘူး..သူ့ကြောင့်သာ ငါတို့ပွဲမှာ အဆင်မပြေရင်တော့ သေချာပေါက်ဆရာမရန်နဲ့ သွားစကားပြောမယ်..."

"နင်ပြောမယ်ဆိုလည်း ခုသွားပြောလိုက်လေ..ပွဲပြီးမှဆို အကုန်နောက်ကြကုန်မှာပေါ့ဟဲ့..."

"အမှန်ပဲ.."မှန်ကြောင်နှင့် ကောင်လေးတစ်ယောက်မှ ပြောလိုက်ပြီး "ဆရာမရန်ကစိတ်လောကြီးနေလို့ မဆင်ခြင်နိုင်လိုက်ဘူးဆိုရင်တောင် အဲ့ကောင်ကတော့ သူ့နေရာသူ သိသင့်တယ်...ဒီလိုကိစ္စမျိုးကို ဘယ်လိုလုပ်ပြီး လက်ခံဝံ့ပါလိမ့်..."

"သည်ခုခေတ်လူတွေက ငွေရရင်ပြီးရော ပဲ..ကောင်းတာ မကောင်းတာ နားလည်တာ မဟုတ်ဘူး..သူတို့ ကော်မရှင်ခ ရနေသရွေ့ အကျိုးဆက်တွေကို ဂရုစိုက်နေမှာ မဟုတ် ဘူး..."

"အဲ့လိုဆိုရင်တော့ မဖြစ်တော့ဘူး..တစ် ယောက်မှ ငါ့ကို လာမတားနဲ့နော်...ငါသူနဲ့ စကားသွားပြောတော့မယ်...သူက ဆရာမ ရန် ရှာထားတဲ့သူ ဆိုရင်တောင်မှ ငါတို့ရဲ့ အနာဂတ်အတွက် သူ့ကို မောင်းထုတ်ပစ်ရ မယ်..."

"အဲ့လောက်ကြီးလည်း မစိုးရိမ်နဲ့ဦး.အရင် ဆုံး ရွှမ်ရွှမ်က ပွဲမှာ သူဦးဆောင်ပြီး တီးနိုင် မလားလို့ အရင်မေးကြည့်လိုက် .ဒါပေမယ့်

ပွဲတစ်ခုလုံးကို တစ်ယောက်တည်း ဦးဆောင်ရမယ်ဆိုရင်တော့ ခက်ခဲမှာက အမှန်ပဲ..ဘာပဲဖြစ်ဖြစ် သိပ်မလောပါနဲ့ဦး ဟယ်..."

လူတိုင်း၏ အကြည့်များက ဝမ်ရိရှမ်ထံ စုပြုံနေကြပြီး သူမ၏ အမြင်ကို တောင်းဆို နေကြ၏။

"အွန်း ငါတစ်ယောက်ထဲဆိုရင် ခက်ခဲမှာ ကတော့ အမှန်ပဲ..ဒါပေမယ့် အဲ့အီရန်ဘွိုင်း လည်း စင်ပေါ်မှာ ငါနဲ့အတူတီးလည်း ခက်ခဲ မှာက ခက်ခဲမှာပဲ..ဒီတော့...နင်တို့ဘာနင်တို့ ဆုံးဖြတ်ကြည့်ပေါ့.."

အခြေနေက မည်သို့ပင် ဖြစ်စေ အီရန်ဘွိုင်း ရှိသည် မရှိသည်က မရေးမပါသောကြောင့် သူမ အမှန်ကို ဖွင့်ဟ ပြောဆိုလိုက်၏။

တစ်ချိန်တည်းတွင် သူမ အနည်းငယ် ရှုပ်ထွေးနေလေသည်။

ဆရာမရန်က ဒီလိုမျိုး အလုပ်ကို ဖြစ်ကတတ်ဆန်း လုပ်တတ်တဲ့သူ မဟုတ်ပါဘူး...

ဒီခုကျမှ ဘာလို့ ဘာမှမဆိုင်တဲ့ အီရန်ဘွိုင်းကို ဒီခေါ်လာခဲ့ပါလိမ့်..

မဟုတ်မှလွဲရော သူမတို့နှစ်ယောက်ကြား ဖုံးကွယ်ထားတဲ့ ဆက်ဆံရေးတွေ ရှိနေလို့များလား..

အဲ့တာက ပိုပြီးဖြစ်နိုင်တယ်..

မဟုတ်ရင် ဘာလို့ ဒီခေါ်လာခဲ့မှာလဲတဲ့

ဘာပဲပြောပြော ဒီလောက် ချောမော ခန့်ညားတဲ့ ကောင်လေးကို ဘယ်မိန်းကေ လးဖြစ်ဖြစ် ငြင်းဖို့ခက်မှာကတော့ အမှန်ပဲ လေ...

"နင့်ဆီက ဒီလိုကြားလိုက်ရတော့ ငါတို့ လည်း စိတ်သက်သာရာ ရသွားပြီ..."

ဖန့်ဖေးဆိုသူမှ မျက်လုံးကစားလိုက်ပြီး လင်းရီထံသို့ လျှောက်သွားလိုက်၏။

"ညီကို ..ငါ့ကိုယ်ငါ မိတ်ဆက်ပေးပါရစေ..ငါ ကကျန်း ဖန့်ဖေးပါ..ပြီးတော့ ဒီပွဲမှာ တယောကြီး ထိုးမယ့်သူပေါ့..."ဖန့်ဖေး

အပြုံးလေးဖြင့် ကိုယ့်ကိုယ်ကို မိတ်ဆက်လိုက်သည်။

"အိုး...ကျုပ်နာမည်ကတော့ လင်းရီ..အီရန်ဘွိုင်းပေါ့..."

လင်းရီကတော့ ဖန့်ဖေး အဘယ်ကြောင့် သူ့ကို စကယားလာပြောနေလဲဆိုတာ မသိသောလည်း ယဉ်ကျေးစွာ ပြန်လည် နှုတ်ဆက်လိုက်၏။

"ပွဲကလည်း ခဏနေ စတော့မှာဆိုတော့ ငါဝေ့လည်ကြောင်ပတ်တွေ လုပ်မနေတော့ဘူးကွာ..."ဖန့်ဖေး မျက်နှာထား တည်တင်း၍ ပြောလိုက်ပြီး "ဒီပွဲက ငါတို့အတွက် အရမ်းအရေးကြီးတယ်..ဘယ်လောက်

တောင် အရေးကြီးလဲဆိုရင် ငါတို့ရဲ့ အနာဂတ်တွေကို အဆုံးအဖြတ် ပေးနိုင်လောက်တဲ့ထိပဲ..မင်းလို ဘာမဟုတ်တဲ့ အိရန်ဘွိုင်းနဲ့ အတူဖျော်ဖြေပြီးတော့ ငါတို့ အနာဂတ်တွေကို လောင်းကြေးမထပ်ချင်ဘူး..ဒီတော့ အလိုက်တသိနဲ့ ကိုယ့်ဘာကိုယ်ထွက်သွားပေးမယ်လို့ မျှော်လင့်တယ်..."

"ဟမ်...ငါက ဘာဆိုင်ဆို့ ထွက်သွားပေးရမှာ..."

"မင်းတို့ဆရာမက ငါ့ကို အော်ဒါတင်ပြီး ခေါ်ထားတာနော်..အော်ဒါကလည်း ခုထိ မပြီးသေးဘူး..ခုထွက်သွားခဲ့ရင် ငါက ဘယ်လိုလုပ်ပြီး ကြယ်ငါးပွင့်ရီဗျူး ရတော့မှာလဲကွ..."

ယခု ဖျော်ဖြေပွဲက ရန်ရှေအတွက် သေးသေးမွှားမွှားလေး မဟုတ်ချေ။ အကယ်၍ သူသာ အရေးကြီးဆုံးအ ချိန်ကျမှ ထွက်သွာပြီး ရန်ရှေပို ဒုက္ခပေးသကဲ့သို့ ဖြစ်သွားပြီး သူမ ယမ်းပုံမီးကျတောင် ဖြစ်သွားနိုင်၏။

"ဒီတိုင်း ကြယ်ငါးပွင့် ရှိဗျူးလေးပဲမလား..မင်းက အဲ့ကြယ်ငါးပွင့်လေးနဲ့ပဲ ငါတို့ရဲ့အနာဂတ်ကို ဖျက်ဆီးရက်တယ်ပေါ့..."

ကျန်းဖန့်ဖေး၏ အမူအရာမှ ဒေါသူပုန်ထလာပြီး အသံပါဝါပင် အတည်းငယ် မြင့်သွားခဲ့သည်။

"မင်းဘာသောက်အဓိပ္ပာယ် မရှိတာတွေလာပြောနေတာတုန်းကွ..ငါက ဒီကို အော်ဒါ

လာလက်ခံတာလေ..ဘယ်လိုလုပ် မင်းရဲ့ အနာဂတ်ကို ဖျက်ဆီးရမှာလဲ..အဲ့နှစ်ခုက ဆိုင်လား..ဆိုင်လားပြော..."

"ကိုယ့်အဆင့်ကိုယ် သိတဲ့ကောင်ဆို ဒီလို စကားမျိုး မပြောဘူး..မင်းလို အီရန်ဘွိုင်းက များ ဖျော်ဖြေပွဲကို တက်ချင်နေသေးတယ် တဲ့လား..မင်းနဲ့ တန်လို့လားလို့ အရင်မေး လိုက်.."ရပ်ကြည့်နေသည့် ကောင်လေးတစ် ယောက်မှ ပြောလိုက်လေသည်။

"အမှန်ပဲ..မင်းက ရိုရှမ်ရဲ့ ဆယ်ပုံတစ်ပုံ လောက်တောင် အရည်ချင်းမရှိတာ..သေချာ ပေါက် သူမကိုပါ ဆွဲချသလို ဖြစ်နေမှာ ပဲ..တကယ်လို့ မင်းလိုကောင်ကသာ စင်ပေါ် တက်မယ်ဆိုရင် ဖျော်ဖြေပွဲကို ဖျက်ဆီး

ရုံတင်မကဘူး ငါတို့အနာဂတ်တွေကိုပါ ဖျက်ဆီးသွားမှာကွ.."နောက်ထပ် ကောင်လေးတစ်ယောက်မှ ပြောလိုက်လေသည်။

လင်းရီ ဝမ်ရိရှမ်ကို ကြည့်လိုက်ပြီး ပြုံး၍ "သူ(မ)က ဘယ်လောက်တော်လဲဆိုတာတော့ ငါမသိဘူး..အေး ဒါပေမယ့် ငါတီးရင် သူလိုက်မှီပါ့မလား ဆိုတာပဲ မင်းတို့ စိတ်ပူသင့်တယ်... "

"ဘာကွ..မင်းလာနောက်နေတာလား..မင်းက ရှမ်ရှမ်ကို အထင်သေးနေတယ်ပေါ့...ဘယ်လောက်တောင် ကိုယ့်ကိုယ်ကို အထင်ကြီးနေတဲ့ကောင်လဲ.."ဖန့်ဖေး ဒေါသမီးများ လောင်မြိုက်လာပြီး ရန်တွေ့တော့မည့် လေသံဖြင့် "ငါတို့ရဲ့ ရှမ်ရှမ်က

ဘယ်လောက်တော်လဲဆိုတာ မင်းသိလား..သူက ပြည်နယ်အဆင့် လူငယ် ဆန္ဒယားတီးပြိုင်ပွဲ၍ ရွှေတံဆိပ်ဆုရှင်၊ ပြည်နယ်တစ်ခုလုံးရဲ့ အတော်တွေထဲကမှ အတော်ဆုံးနော်...အဲ့ဒီ ရွှေတံဆိပ်က အလှပြထားတာမဟုတ်ဘူးကွ..မင်းလို စာမတတ် ပေမတတ်တဲ့ကောင်ကတော့ နားလည်မှာမဟုတ်ဘူး..."

"ဟမ့်...အဲ့ကောင် အီရန်ဘွိုင်း လုပ်နေတာလည်း မဆန်းတော့ပါဘူး..ဒီလောက် ကိုယ့်ကိုယ်ကို အထင်တွေကြီးပြီး ဘဝင်တွေ မြင့်နေမှတော့ ဘယ်ကုမ္ပဏီကမှလက်ခံချင်မှာမဟုတ်ဘူး..."

"သူက ရုပ်လေးချောတာကလွဲရင် ဘာမှ သုံးစားလို့ရတဲ့ကောင်လည်း မဟုတ်ပါဘူး ဟယ်.."

"အေးဆေးပေါ့ ငါ့ညီတို့ကလည်း.....အဲ့ လောက်ကြီးလည်းဖျင်နာပြမနေကြနဲ့...."

လင်းရီ ပြုံး၍ ခေါင်းယမ်းလိုက်ပြီး "ဒီနိုင်ငံရဲ့ ပြိုင်ပွဲစံနှုန်းတွေက သာမညောင်ည အဆင့် လောက်ပဲ ရှိတာ.. အဟက်...ပြည်နယ် အဆင့်ရွှေတံဆိပ်ဆုရှင်တဲ့လား...ကိုယ့် ကိုယ်ကိုလည်း အဲ့လောက် အထင်တွေ စွတ်ကြီးမနေနဲ့ဦး..အငယ်တန်း ချန်ပီယမ်ဆို တာက သာမန်အဖြစ်ဆုံးပဲ....မင်းတို့ ထင် သလောက်လည်း ကြီးကျယ်နေတာမဟုတ် ဘူး..."

# အခန်း (၂၁၂)

"မင်းက ရွှမ်ရွှမ်ရဲ့ စကေးက သာမန်ပဲလို့ ပြောချင်နေတာလား.."

လူတိုင်း မျက်နှာအမူအရာများ ရုပ်ဆိုးသွားကြပြီး မိန်းကလေးများပင်လျှင် သူ့ကို အထင်တသေးဖြင့် ကြည့်လာကြတော့၏။

ဘဝင်ကို မြင့်လွန်းတယ်...

ရုပ်ကလေးတော့ ချောပါရဲ့..ဒါပေမယ့် အာပလာကောင်ကြီး ..ဘာမှ မှီခိုလို့ ရမှာ မဟုတ်ဘူး...

ဒီလိုယောက်ျားမျိုးက ဘာမှ ဆွဲဆောင်မှု မရှိဘူး..

"မဟုတ်လို့လား."လင်းရီ ပြောလိုက်ပြီး "အေးလေ..မင်းတို့ရဲ့ မျက်လုံးထဲမှာတော့ ပြည်နယ်အဆင့် အငယ်တန်း ချန်ပီယမ်က အရမ်းကို အထင်ကြီးဖို့ ကောင်းရင်လည်း ကောင်းနေမှာပေါ့..ဒါပေမယ့် တစ်တောင် ထက် တစ်တောင်က ပိုမြင့်တယ်ဆိုတာ ကြားဖူးလား..လူတိုင်းကို အပေါ်ယံပဲကြည့်ပြီးတော့မှ မဆုံးဖြတ်နဲ့..."

"နင် ဘယ်လိုတောင်....."

"တော်ကြတော့..."

ရိရှမ်၏ ပြတ်သားစူးရှသော အသံမှာ ထွက်ပေါ်လာခဲ့ပြီး "ရှင်က ကျွန်မရဲ့ ချန်ပီယမ်ဆိုက ဘာမှ မဟုတ်ဘူးလို့ ပြောနေတာနော်..ထားပါ..ရှင်ပြောတာလည်း နည်းနည်းတော့ မှန်ပါတယ်..ဒါပေမယ့် ကျွန်မလိုရွယ်တူထဲမှာ ဘယ်သူမှ ကျွန်မနဲ့ ယှဉ်နိုင်တဲ့သူ မရှိသေးဘူး..."

"ငါမင်းကို စိတ်နာအောင် ပြောနေတာလည်း မဟုတ်ဘူး..ဒါပေမယ့် မင်းမှာအရည်ချင်းတစ်ချို့ ရှိတယ်ဆိုတာတော့ ဝန်ခံပါတယ်..."လင်းရီ ကူကယ်ရာမဲ့စွာဖြင့် ပြောလိုက်ရသည်။ သူ၏ စကားလုံးများကြောင့် တက်သစ်စလေး၏ ယုံကြည်မှုများရိုက်ချိုးမခံရစေချင်ပေ။

"မင်းရဲ့ အရည်အချင်းကိုလည်း အသိအမှတ်ပြုတယ်..ဒီတော့ ကိစ္စကို ဒီမှာ တင်ရပ်ကြရအောင်..ငါက အေးအေးဆေးဆေးနဲ့ အော်ဒါပြီးအောင် လုပ်ပြီး ကြယ်ငါးပွင့်ရီဗျူး ရချင်ရုံလေးပဲ ဟုတ်ပြီလား..."

"ကျွန်မကတော့ ရှင်ပြောတဲ့ပုံစံကို မကြိုက်ဘူး..."ဝမ်ရိရွှမ် မျက်မှောင်ကြုတ်လိုက်ပြီး "ကျွန်မရဲ့အရည်အချင်းကို အသိအမှတ် ပြုပါ တယ် ဆိုတာက ဘာအထာလဲ..ကျွန်မရဲ့ အရည်အချင်းကို ဆရာ့ဆရာကြီးတွေက အသိမှတ်ပြုပြီးသားပဲ..ရှင့်လို ဘာမဟုတ်တဲ့လူက ကျွန်မရဲ့အရည်အချင်းကို အသိမှတ်ပြုဖို့ ဘာအခွင့်ရေး ရှိလို့လဲ.."

"သဘော..ပြောချင်ရာသာ ပြောတော့..မင်းနဲ့ ဆက်ပြင်းနေလည်း အာညောင်းရုံသာ ရှိမယ်..."လင်းရီ တစ်ဖက်သို့ လှည့်သွားလိုက်၏။ သူတကယ်ကြီး ဤကလေးများနှင့် ပြိုင်မပြင်းချင်ပေ။ ယှဉ်ပြောမည်ဆိုရင်လည်း အများနှင့်တစ်ယောက်။ အချိန်ကသာ အဆုံးဖြတ် ပေးသွားလိမ့်မည်။

"ရှင့်ကို ဘယ်သူက အဲ့လိုပုံစံနဲ့ ပြောခွင့်ပေးလိုက်တာလဲ...."ဝမ်ရိရွှမ် အသံမြင့်လိုက်ပြီး "ပြောလိုက်တဲ့ ပုံစံက ကျွန်မထက်ပဲ ပိုသာနေသလိုနဲ့..."

"အမှန်ပဲ..ငါက အတော်ဆုံးတော့ မဟုတ်ဘူး..ဒါပေမယ့် မင်းထက် ပိုတော်တယ်ဆိုတာကတော့ အမှန်တရားပဲ..."

"ဟားဟား....လေကတော့ တယ်ကြီးပါလား နော်..လွင့်တောင် လွင့်တော့မယ်..ရှင့်ကို ဘယ်သူက အဲ့လိုပြောဖို့ သတ္တိတွေ ပေးလိုက်တာ...မေ့ထွမ်လား..."

"ဟျောင့် မင်း အဲ့လောက် တော်တတ်နေရင် လည်း ရွှမ်ရွှမ်နဲ့ ပြိုင်ရဲလားဟျောင့်.."

"ဟုတ်တယ်...ရွှမ်ရွှမ်နဲ့ ပြိုင်တာကလည်း အကြိုကောင်းပဲ..ပွဲစဖို့ကလည်း အချိန်နည်း နည်းလိုသေးတယ်ဆိုတော့ အချိန်က လုံ လုံလောက်လောက် ရှိတယ်..."

သူမကို ပြိုင်ဆိုင်ရန် တောင်းဆိုသံများကို လည်း ကြားရော ဝမ်ရိရွှမ် အသံကို မြင့်၍ " ဝါးလုံးခေါင်းထဲ လသာမနေနဲ့..တကယ်လို့

ကိုယ့်ကိုယ်ကို ယုံကြည်ချက် ရှိတယ်ဆိုရင် ကျွန်မနဲ့ ယှဉ်ရဲလားပြော..."

"ငါမသိဘူး..."လင်းရီ ပြောစရာစကား ကင်းမဲ့သွားခဲ့ပြီး "မင်းက သီချင်းချင်းယှဉ်မယ်ဆိုရင် ..သီချင်းရဲ့အဓိပ္ပာယ်ပဲ ပျောက်သွားမှာမဟုတ်လား..အဲ့တာက ရှုံးပြလို့ကောင်းတဲ့ အရာမဟုတ်ဘူး.."

"ဘာတွေ လာပြောနေတာ..ကြောက်ရင် ကြောက်တယ်ပြောပေါ့"

"ကြောက်တယ်...?"လင်းရီ ဝမ်ရိရှွမ်ကို စူးစိုက်ကြည့်လိုက်ပြီး "မင်းအဆင့်လောက်ကိုလား..ဒီက ခေါင်းထဲကို မထည့်တာလို့နော်..ဟုတ်ပြီလား..."

"ဖီး...ကြောက်တယ်ဆို ကြောက်တယ် ပြောပေါ့..မိန်းမကြီးကျနေတာပဲ..ဆင်ခြေအမျိုးမျိုးနဲ့."

"ဟုတ်တယ်ကွာ..မတူချင်လို့ မတုတာ...ဘာတွေ လာပြောနေတာလဲကွ ."လင်းရီပြန်ပြောလိုက်၏။

"ဟယ်..ကြည့်စမ်း..ခုကျ တစ်မျိုး ပြောပြန်ပြီ..ရှင်တို့လိုကောင်တွေက အင်တာနက်ပေါ်မှာ အုပ်လိုက် ဝိုင်းကိုက်တတ်တဲ့ ကီးဘုတ်ဖိုက်တာတွေလိုပဲ..စကားကို အမျိုးမျိုးပြောပြီး ဆင်ခြေတွေပဲ ပေးနေကြတာ..တကယ့်တကယ်ကြတော့ ဘာအရည်အချင်းမှလည်း ထုတ်မပြနိုင်ပဲနဲ့.."

"ဟူး...တော်သေးတယ် ငါခုနတုန်းက သူ့နား ဝီချက်သွားတောင်းမိတော့မလို့..ပြန်စဉ်းစား ကြည့်ရင် ရှံ့ချင်တာဟယ်..အွက်......"

ဟူး...

လင်းရီ အသက်ပြင်းပြင်း ရှူလိုက်ပြီး "တကယ်တော့ မင်းနဲ့ မပြိုင်ချင်ဘူးဆိုတာ က ရှုံးသွားခဲ့ရင် လက်မခံနိုင်ပဲနဲ့ မင်းရဲ့ အနုပညာ လမ်းကြောင်းမှာ အရိပ်မည်းကြီး ထင်သွားမှာ ဆိုးလို့...."ဒါပေမယ့် မင်းလူ တွေက ကြင်နာမှုကို လက်ခံရကောင်းမှန်း နားမလည်မှတော့လည်း စကြတာပေါ့ ကွာ..."

"ဒီလိုလုပ်စမ်းပါ..ခုမှ ယောက်ျားနဲ့ တူတော့တယ်..."

"လုပ်ထား ရွှမ်လေး..သူ့ကို အလဲထိုးပလိုက်.."

"ရိရွှမ်ရဲ့ စကေးနဲ့ဆိုရင် ခက်တဲ့ သံစဉ်တွေကို တီးစရာတောင် မလိုဘူး..ဟိုကောင်က အီရန်ဘွိုင်းလေ..ဒီတော့ သူ့ရဲ့ စကေးကလည်း လစ်မစ်ရှိမှာပဲ..သာမန် သံစဉ်နဲ့ဆိုရင်တောင်မှ အေးဆေးလေး တောက်ချလိုက်လို့ရတယ်..."

ရိရွှမ် ယုံကြည်မှု အပြည့်ဖြင့် လင်းရီကို ကြည့်ကာ "ရှင်ကလည်း သဘောတူပြီဆို

တော့ မပြိုင်ခင် တောင်းဆိုစရာ တစ်ခု ရှိတယ်..."

"ဘာလဲ တောင်းဆိုမှာ.."

"ရှင်းပါတယ်...ရှင်သာ ရှုံးခဲ့ရင် ဒီကနေ ချက်ချင်း ထွက်သွားလိုက်တော့ "

"အဲ့တာဆို မင်းရှုံးရင်ကျတော့ကော..."

ဟားဟား...

ငင်းကိုကြားတော့ လူတိုင်း ရယ်မောသွားကြတော့သည်။ တစ်ချို့ဆို မျက်ရည်များပင် ထွက်လို့နေ၏။

"ညီကို..မင်းဘာတွေ ပြောနေတာလဲကွ..မင်းက ငါတို့ရဲ့ ရွှမ်ရွှမ်ကို နိုင်မယ်လို့ ထင်နေသေးတယ်ပေါ့..."

"ရွှမ်ရွှမ်ဆိုတာက ငါးနှစ်သမီးလေးကတင် ပီယာနိုလောကထဲကို ခြေစုံပစ် ဝင်လာတဲ့ သူနော်..အဲ့ချိန်မင်းက ချိုမှိုင်မှိုင် လုပ်နေတုန်းပဲ ရှိဦးမယ်...ပီယာနိုဆိုတာ ဘာမှန်းတောင် သိသေးမှာ မဟုတ်ဘူး.."

"ဟင်း..ဒီကမ္ဘာကြီးမှာ ပါရမီရှင်တွေက ရိုက်သ-တ်လို့တောင် မကုန်ဘူးဆိုတာ မင်းတို့ သောက်ကလေးတွေ နားလည်မယ့်ပုံ မပေါ်ဘူး."

"ပါရမီရှင်.....တိုင်နဲ့ ခေါင်းနဲ့ဆောင့်ပြီးသာ လဲေ-သလိုက်တော့..."

ဖန့်ဖေး ပြောလိုက်ပြီး "ဆရာမရန်ကတောင်မှ သူမသင်ဖူးသမျှထဲမှာ ရွှမ်ရွှမ်က ပါရမီ

အရှိဆုံးပဲလို့ ချီးကျူးထားတာ..ရွှမ်ရွှမ်သာ ကြိုးစားလို့ကတော့ ဆရာမရန်ကို ဆယ်နှစ်....ဆယ်နှစ်အတွင်း ကျော်တက်သွားမယ်လို့ ကိုယ်တိုင် ပြောထားတာနော်..အဲ့တာကို မင်းက ဘာပါရမီတွေ လာပြောနေတာ..."

ဖန့်ဖေး ပြောလိုက်ပြီး "ကိုယ့်ကိုယ်ကို စိတ်ကြီး မဝင်လွန်းဘူးလား..."

"ဟင်း...."

လင်းရီ သက်ပြင်းချလိုက်ပြီး "အဲ့တာဆိုလည်း အပိုမပြောတော့ဘူး..စကြစို့.."

"ဟမ့်...မတတ်သာတဲ့ ပုံစံတွေ လုပ်မနေနဲ့....ရှင့်ဟာရှင် ဘယ်လိုပဲ လုပ်လုပ် ရလဒ်ကတော့ ပြောင်းလဲလို့ရမှာ မဟုတ်ဘူး.."

ထိုသို့ပြောပြီးနောက် ဝမ်ရှိရှမ် ထိုင်ခုံပေါ်တွင် ထိုင်ချလိုက်ကာ "ကျွန်မစတော့မယ်...ရှင်ကော အဆင်သင့် ဖြစ်ပြီလား..."

"မင်းဘာမင်းပဲ ရယ်ဒီလုပ်စမ်းပါ..ငါက မွေးကတည်းကနေ ရယ်ဒီပဲ..."

ဝမ်ရှိရှမ် မျက်စောင်းထိုးလိုက်ပြီး သူမ၏စိတ်ထဲတွင်တော့ လင်းရီကို ကျိန်ဆဲနေလေသည်။ "ဟမ့်..မွေးကတည်းက ရယ်ဒီဆိုပဲ..လေကြီးထားစမ်း..ရှင်ဘယ်လောက်ထိကြီးနိုင်မလဲဆိုတာ ကြည့်ကြသေးတာပေါ့..."

တစ်ချိန်တည်းတွင် သူမ၏ သွယ်လျသော လက်ချောင်းလေးများက ခလုတ်ပေါ်သို့ ကျဆင်းသွားပြီး စတင်တီးနိုပ်လိုက်သည်။

စက္ကန့်အနည်းငယ်ခန့် ကြာပြီးနောက် တစ်စုံတစ်ဦးမှ သူမတီးနေသည့် သံစဉ်ကို မှတ်မိသွားခဲ့ပြီး "အဲ့တာက Big Fat Ham မဟုတ်လား.."

"ဒီရဲ့ New Orleans jazz စတိုင်က နည်းနည်းတော့ခက်တယ်နော်..."

"ဟိုအီရန်ဘွိုင်းကတော့ ဒီလို အဆင့်မျိုးကို တီးနိုင်မှာ မဟုတ်ဘူး.."

တင်း တင်း တင်း တောင် တောင် တောင်

ထိုအချိန်တွင် နောက်ထပ် ပီယာနို အသံကို ကြားလိုက်ရ၏။ လင်းရီ တီးနေသည်ကို လည်း မြင်ရောလူအုပ်ကြီးမှာ ရှော့ခ်ရသွား ခဲ့ကြသည်။

"ဘာ...ဘာတွေ ဖြစ်နေတာလဲဟ..."

"သူ တကယ်ကြီး အဲ့သံစဉ်ကို လိုက်တီးနေ တာပဲဟ..အမှားလေးတစ်ချက်တောင် မပါ သေးဘူး..."

နှစ်ယောက်စလုံး ပြိုင်တူ ရပ်လိုက်ကြပြီး နောက် ဝမ်ရိရွှမ် လင်းရီကို အနည်းငယ် အံ့အားသင့်နေသည့် အမူအရာဖြင့် ကြည့်မိ သွားသည်။ သူမ သံစဉ်ကို လိုက်မှီအောင်

တီးခတ်နိုင်လိမ့်မည်ဟု လုံးဝ ထင်မှတ်မ ထားခဲ့။

ကြည့်ရတာတော့ သူ့မှာလည်း စကေးတစ်ချို့တော့ ရှိပုံပဲ...

သီချင်းက ဘာမှ မခက်တော့ သူလိုက်တီးနိုင်တာလည်း မဆန်းပါဘူးလေ..

လူတိုင်း၏ အကြည့်များမှာ လင်းရီထံသို့ ကျရောက်သွားကြတော့သည်။

ယခု သူစတင်တီးခတ်ရမည့် အလှည့်ပင်။

ပီယာနို သံစဉ်မှာ တစ်ဖန် ထွက်ပေါ်လာပြီး ဖန့်ဖေးနှင့် ကျန်သူများ အားလုံးကတော့ သူတို့နားများကို ရသလောက် ချဲ့ကားထားကြသည်။

"ဒီသံစဉ်လဲ ရင်းနှီးနေသလိုပဲဟ..."

"ငါသိတယ်..အဲ့တာက silent night လေ.."

"ဘာလဲဟ...မရိုးရှင်းလွန်းလား...အိမ်က ငါ့ညီတောင် မျက်စိမှိတ်တီးနေတဲ့ သံစဉ်ကြီးကိုများကွာ..."

"ငါတို့လည်း အရူးပဲကွ..သူ့ကို ကောင်ဆီက နေ ဘာများ မျှော်လင့်နေပါဘိမ့်.."ဖန့်ဖေး လှောင်ပြောင်လိုက်ပြီး "ဒီလိုစကေးနဲ့များ ရွှမ်ရွှမ်ကို ယှဉ်မယ်လေး ဘာလေး လုပ်နေသေးတယ်..."

"သူကြည့်တော့ မတောက်တစ်ခေါက်လေးနဲ့ ..ဝမ်ရိရွှမ်ကိုတောင်မှ ပြက်ရယ်လိုက်

သေးတယ်...ဆရာမရန်က တော့ ဒီတစ်ခေါက် လူကဲခတ် မှားသွားခဲ့ပြီနဲ့တူတယ်..."

"တိတ်ကြစမ်း.."ရိရွမ် ရုတ်ချည်း အော်ဟစ်လိုက်ပြီး သူမ၏ မျက်လုံးလေးများမှာလည်း အံ့သြကြီးစွာ ပြူးကျယ်နေတော့၏။

မည်သူကမျှ ဝမ်ရိရွမ် အဘယ်ကြောင့် ထိုမျှစိတ်လှုပ်ရှားနေလဲဆိုတာ နားမလည်ခဲ့ကြချေ။

ဒီတိုင်း ခရစ်စမတ် သီချင်းပဲ မဟုတ်လား..ဘာတွေ လာအံ့သြနေတာ...

သို့သော်လည်း လင်းရှီ တီးခတ်ပြီးသွားသည့်အချိန်တွင်တော့ လူတိုင်း တစ်ခုခုကွဲပြားနေသည်ကို ခံစားမိလိုက်ကြသည်။

"ငါ ပီယာနို အကြောင်းတော့ သိပ်နားမလည်ဘူး..ဒါပေမယ့် ဒီသီချင်းက သာမန်ခရစ်စမတ် သီချင်းနဲ့ မတူဘူးလားလို့..."

"သူသီချင်းကို ပြောင်းထားတာနေမှာ..အလယ်က သံစဉ်တွေကိုလည်း ချိန်းထားတယ်...ပုံမှန် ခရစ်စမတ် သီချင်းက အလယ်မှာ နုပ်စ်သုံးခုပဲ...သူက နုပ်စ်လေးခုမယ်လိုဒီကို သုံးလိုက်တာ..အဆုံးကျပြန်တော့လည်း ဂျက်စ်စကေးကို ပေါင်းထည့်လိုက်သေးတယ်..ခရစ်စမတ် သီချင်းဆိုပေမယ့် သီချင်းအသစ်လို့ ပြောမယ်ဆိုရင်တောင်မှ လွန်ရာကျမယ် မထင်ဘူး..."

# အခန်း (၂၁၃)

အချိန်တစ်ခုကြာ ဆွေးနွေးပြီးနောက် လူတိုင်း လင်းရှီကို ပြုံးကျယ်သော မျက်ဝန်းတို့ဖြင့် ကြည့်နေကြ၏။

မည်သူကမျှ လင်းရှီ ထိုကဲ့သို့သော သီချင်းများကို တီးခတ်နိုင်လိမ့်မည်လို့ မထင်ထားခဲ့ကြ။

ယခုလို စကေးမျိုးနှင့် ဆိုပါက ဘီဂင်နာမဟုတ်သည်ကတော့ အသေအချာပင်။

သို့သော်လည်း ဝမ်ရိရှမ်၏ စကားနှင့် ဆိုပါက ထိုသို့ တီးခတ်ရန်မှာ ပြဿနာ မဟုတ်ချေ။။

"ကဲ..မင်းအလှည့်.."လင်းရီ ပေါ့ပါးစွာ ပြောလိုက်လေသည်။

"ကြိုးစားထား ရှမ်ရှမ်..ငါတို့ မင်းဘက်မှာ ရှိတယ်..မနိုင်ရင်တောင် အဲ့ကောင်ကို ဝိုင်းရိုက်လို့ရတယ်..."

"မင်းလည်း သံစဉ်တွေ ပြောင်းတက်တယ်မလား..သူ့ကို အသာလေး တောက်ချလို့ရပါတယ်ကွာ..."

ဖန့်ဖေးမှ အော်ဟစ် အားပေးနေလေသည်။

ဝမ်ရိရှမ် မျက်မှောင်ကြုတ်လိုက်ပြီး လင်းရှီ စောနတုန်းက တီးခတ်သွားသည့် သံစဉ်ကို ပြန်လည် ကြားယောင်ကာ သူမ၏ သွယ်လျ သောလက်များဖြင့် ပီယာနိုပေါ်တင်၍ စတင်တီးခတ်တော့သည်။

နှစ်မိနစ်ကြာပြီးနောက် သူမ လင်းရှီ တီး ခတ်ခဲ့သည့် သံစဉ်ကို တီးခတ်ပြီး ဖြစ်၏။ သို့သော်လည်း မည်သည့်အားပေးချီးကျူး သံများကတော့ ပေါ်ထွက်မလာခဲ့။

"ပြောဖို့ မလိုတော့ဘူးထင်တယ်...တစ်မိနစ် အကျော်မှာတုန်းက တီးသွားတဲ့ သံစဉ်မှာ အမှားလေးခု ရှိနေတယ်..ဘာမှ ဆက်တီးနေ စရာ မလိုတော့ဘူး.."

"ဟင်...."ဝမ်ရိရှမ် ရှက်လည်းရှက် ပျာယာလည်း ခက်သွားခဲ့၏။

သူမ ခုလို အဳရန်ဘွိုင်းတစ်ယောက်ဆီ၌ ရှုံးနိမ့်လိမ့်မည်လို့ တွေးပင် မတွေးထားခဲ့ချေ။

"ဒါကို ထည့်မတွက်ဘူး.."ဖန့်ဖေး ပြောလိုက်၏။

"ဘာကွ...ဘာလို့ ထည့်မတွက်တာ..."လင်းရီ မျက်မှောင်ကုပ်၍ မေးလိုက်သည်။

"မင်းက မင်းနဲ့ ရင်းနှီးပြီးသား သံစဉ်ကို တီးနေတာလေကွာ..ရှမ်ရှမ်ကဖြင့် တစ်ခါလေးတောင်မှ မကြားဖူးပဲကို.. .အမှားပါတယ်ဆိုရင်တောင်မှ ရှုံးတယ်လို့ ထည့်မတွက်ဘူး..."

"ဟုတ်တယ်...နင် နာမည်ကြီးတဲ့ သံစဉ်တွေ တီးပြသင့်တယ်...မဟုတ်ရင် နင်ညစ်တာပဲ..."

လင်းရီ ဆွံ့အနေတော့၏။

ဘယ်သူက ဘယ်သူ့ကို ညစ်ပတ်နေတာ တုန်းကွ..

"ရတယ်လေ..အဲ့တာဆိုလည်း နာမည်ကြီး မာစတာပိ တစ်ပုဒ်လောက် တီးပြမယ်....အဲ့ ခါကျ ဘာပြောမလဲ ကြည့်ကြတာပေါ့..."

"ရှမ်ရှမ်..သူက ခုခြေနေကို အခွင့်ကောင်းယူ နေတာနော်..နင်ဒီတစ်ခါက် ပိုခက်တဲ့ဟာ တီးမှ ရမယ်...သူ့ကို လုံးဝ အခွင့်ရေး မပေး မိစေနဲ့.."

"အင်းပါ..ငါသိပါတယ်.."

ဝမ်ရိရှမ်၏ မျက်နှာကတော့ ရှုံ့မဲ့နေလေသည်။

ယခု တစ်ခေါက် အခွင့်အရေးမှာ သူမ အတန်းဖော်သူငယ်ချင်းမှ မရမက တိုက်ယူထားသော အခွင့်အရေးဖြစ်၏။ သူမ သေချာလေး အသုံးချရပေမည်။

တစ်ခနမျှ စဉ်းစားပြီးနောက် ဝမ်ရိရှမ် သူမ၏ လက်ချောင်းများကို ပီယာနိုခလုတ်များပေါ်တွင် တင်လိုက်ပြီး တခြားသံစဉ် တစ်ခုကို စတင်တီးခတ်တော့၏။

"အဲ့တာက Crave ပဲ..."

"ဒီသီချင်းက အရမ်းခက်တာ...သူတော့ ဒီ တစ်ခေါက် သံစဉ် မှတ်မိမှာတောင် မဟုတ် လောက်ဘူး.."

လူတိုင်း ပျော်ရွှင်ပြီး ကခုန်နေကြစဉ် ပီယာ နို တီးသံ တစ်သံမှာ ညင်သာစွာ ထွက် ပေါ်လာခဲ့၏။

ထို့နောက် ရုတ်တရက် သံစဉ် နောက်တစ်ခု သို့ ပြောင်းလဲသွားလေသည်။

Crave မှ Finger breaker သို့ ပြောင်းသွား ခြင်းပင်။

"ရှမ်ရှမ် တကယ်ကြီး သံစဉ်တွေကို ပြောင်း ပစ်တာပဲဟ..မတူညီတဲ့ နှစ်ပုဒ်ကို ပေါင်းစပ်

ထားတာဆိုတော့ ခံစားရတာကလည်း တစ်မျိုးလေးနော်.."

"ဒီသီချင်းရဲ့ တ-ရုတ်လို နာမည်က ကျိုးကြေနေသော လက်ချောင်းများတဲ့..နာမည်နဲ့လိုက်လည်းလိုက်တယ်..ဒီသီချင်း တီးပြီးသွားလို့ကတော့ လက်တွေကို ရိုက် ချိုးထားသလိုပဲ..Crave ခက်တယ်ဆိုတာ ဒီကောင် အိပ်နေသလောက် ရှိတာ..."

"ရှမ်ရှမ်ကတော့ လုံး၀ အမေးဇင်းပဲ..ဒီလိုသံစဥ်မျိုးကိုတောင်မှ တီးခတ်နိုင်တယ်ဆိုတော့....ငါ လုံး၀ လေးစားသွားပြီ..ခုကစပြီး သူက ငါ့အိုင်ဒေါပဲ..."

"ဒီတော့ ဒါက ရှမ်ရှမ်ရဲ့ အရည်ချင်း အစစ်အမှန်ပေါ့..သူမရဲ့ တပည့်တွေထဲမှာ ရှ မ်ရှမ်က ပါရမီ အပါဆုံးပဲလို့ ဆရာမရန် ပြောတာက လုံးဝ ချဲ့ကားထားတာ မဟုတ် ဘူးပဲ.."

သို့သော်....

သူမတို့ နိုင်ပြီဆိုပြီး စိတ်လှုပ်ရှားနေကြစဉ် သံစဉ်မှာ ရုတ်တရက် ပြောင်းလဲသွား ပြန်သည်။

"အဲ့တာက Enduring movement မဟုတ် လား.."

"ဟုတ်တယ်..Rimsky Korsakov ရဲ့ Enduring Movement ပဲ..."

"ဒါက လုံးဝ အမေးဇင်းပဲဟ..."

ဝမ်ရိရှမ်မှ မိနစ်အနည်းငယ်အတွင်း ခက်ခဲသည့် သီချင်းသုံးပုဒ်ကို တီးခတ်ပြလိုက်သောအခါ သူမ သူငယ်ချင်းများအားလုံး အံ့အားသင့်သွားကြ၏။

ထိုသီချင်းသုံးပုဒ်မှာ ပထမတစ်ခေါက် တီးခတ်သည့်သီချင်းထက် များစွာ ခက်ခဲပေသည်။ အထူးသဖြင့် နောက်ဆုံး နှစ်ပုဒ်ပင်။ အကယ်၍ တစ်ပုဒ်စီတိုင်းကို အစဉ်လိုက် တီးမည်ဆိုလျှင်တောင်မှ အတော်လေး ခက်ခဲလိမ့်မည် ဖြစ်သော်လည်း ဝမ်ရိရှမ်မှ ရှေ့ဆင့်နောက်ဆင့် တီးပြသွားခဲ့၏။

ယင်းက သူမအား ဒရာမာ အကယ်ဒမီတွင် ပါရမီ အပြည့်ဝဆုံး ကျောင်းသူတစ်ဦး မဖြစ် အသိမှတ်ပြုရန် ထိုက်တန်လှပေသည်။

တစ်ခွန်းပဲ ပြောစရာရှိတယ်

လုံးဝကို ပြိုင်ဘက်ကင်းပဲ...

သီချင်း သုံးပုဒ်လုံး တီးခတ်ပြီးနောက် ဝမ်ရိရှမ် စက္ကန့်အနည်းငယ်ခန့်လောက် ဖြေးညင်းလိုက်ပြီး ညောင်းလွန်း၍ သူမလက်များကို မထိန်းချုပ်နိုင်ဟု ခံစားနေရ၏။

"ခု ရှင့် အလှည့်ပဲ.."

ဝမ်ရိရှမ်၏ မျက်နှာထက်ရှိ ယုံကြည်မှုများကတော့ အပြည့်ပင်။

သူမ တီးခတ်သွားခဲ့သော သီချင်းသုံးပုဒ်လုံးမှာ လုံးဝ ခက်ခဲလွန်းပေသည်။ ကယ်၍ ထိုအီရန်ဘွိုင်းသာ တစ်ပုဒ်လောက်ကိုပင် ကောင်းမွန်စွာ တီးခတ်နိုင်ပါက ကောင်းကင်နှင့် မြေကြီးကိုပင် ကျေးဇူးတင်ရပေမည်။

သုံးပုဒ်လုံး တီးခတ်ဖို့ဆိုတာကတော့ ဝေလာဝေးပေါ့...

ထို့ပြင် နုပ်စ်လေး တစ်ခုလောက် မှားသွားပါကလည်း သီချင်း၏ အနှစ်သာရကို ဆိုးရွားစွာ ထိခိုက်သွားနိုင်၏။

ထို့ကြောင့် သူမ နိုင်မည်ဆိုတာကတော့ လုံးဝ သေချာသလောက်ကို ရှိနေလေသည်။

"ဒီသီချင်း သုံးပုဒ်က ဆိုးတော့ မဆိုးဘူး..."လင်းရီ ပြောလိုက်သည်။

"မဆိုးဘူး..."ဖန့်ဖေး ထိုကောင်ကို အထင်သေးသည့် အကြည့်များဖြင့် ကြည့်လိုက်ပြီး "မင်းမှာ အရည်အချင်းရှိရင် အဲ့သုံးပုဒ်ကို တီးပြလိုက်.မတီးနိုင်တာကိုများ လာပြီး မဆိုးဘူး လာလုပ်နေတယ်...ကြွားလုံးကတော့ အတော်ထုတ်တဲ့ကောင်..."

"ဘာတွေ အဲ့လောက် လောနေတာလဲကွ.."

လင်းရီ အလျှင်မလိုခဲ့။ ဦးစွာ သူ၏ လက်ချောင်းများကို ပီယာနို ခလုတ်များပေါ်တင်ပြီး စတင်တီးခတ်လိုက်၏။

Crave၏ တေးသွားကို တီးပြသွားသည်တော့ လုံး၀ ပါဖက်ပင်။

၀မ်ရိရှမ် သူမလက်ကို ကျစ်ကျစ်ပါအောင်ဆုပ်လိုက်သည်။

နောက်တစ်ပုဒ်ပြောင်းတဲ့ အချိန်ကျရင်တော့ သေချာပေါက် ကီးကြောင်သွားမှာပဲ..ဟုတ်တယ်..သေချာတယ်...

နောက်တစ်ပုဒ်၏ အစမှာ အမှားပြုလုပ်ရန် အလွယ်ကူဆုံးနေရာပင်။

ကလင် ကလင် ကလင်

ထိုအချိန်တွင် လင်းရီ ဖုန်းသံ မြည်လာခဲ့၏။

တေးသွား၌ နစ်မြုပ်နေသူ တစ်ချို့မှာ ဖုန်း မည်သံကို ကြားတော့ အံ့သြသွားခဲ့ကြ သည်။

မည်သူကမျှ အရေးကြီးသည့်အချိန်တွင် ဖုန်းဝင်လာလိမ့်မည်လို့ မျှော်လင့် မထားခဲ့ ကြ။

ဖန့်ဖေးနှင့် ကျန်သူများကတော့ မျက်လုံး အရောင်လက်သွားခဲ့ကြသည်။

အကက်၍ လင်းရီသာ ဖုန်းအသံကြောင့် အာရုံပျက်သွားခဲ့ပါက သူတို့အတွက် အမြတ်ပင် မဟုတ်ပါလော။

သို့သော်လည်း

ထိုအချိန်တွင် လုံးဝ ရှော့ခ်ရစေမည့် မြင်ကွင်းတစ်ခု ထွက်ပေါ်လာခဲ့သည်။

လင်းရီ ဖုန်းကိုင်လိုက်သည်ကို အားလုံး မြင်လိုက်ကြရ၏။

သို့သော်လည်း ဖုန်းမချလိုက်ပေ။

ဆက်လက်၍ တခြား သီချင်း နှစ်ပုဒ်ကို လက်တစ်ဖက်ဖြင့် တီးပြနေလေသည်။

"ဟဲလို..."

ထိုအချိန်တွင် ခေါ်ဆိုလာသူကတော့ မည်သူမျှ မဟုတ်။ ရန်ရှေသာ။ သူမ လင်းရီ ဘာများလုပ်နေလဲဆိုတာ သိချင်သောကြောင့် ဖုန်းလှမ်းဆက်လိုက်ခြင်းပင်။

"ကျွန်တော် လေ့ကျင်နေတာလေ..."

"အိုး...အဲ့တာဆို နှောက်ယှက်မိပြီ..ကိုယ့်ဘာကိုယ် ဆက်လေ့ကျင့်လိုက်ဦးနော်..."

"အားနာစရာမလိုပါဘူးဗျ..ကျွန်တော့်ကို ကြယ်ငါးပွင့် ရီဗျူးလေးသာ ပေးလိုက်...အဲ့တာက ကျေးဇူးတင်တာထက် ပိုကောင်းတယ်..."

တခဏမျှ စကားပြောပြီးနောက် လင်းရီ ဖုန်းပြန်ချလိုက်သည်။

တစ်ချိန်တည်းတွင် သီချင်းနှစ်ပုဒ်လည်း ပြီးဆုံးသွားခဲ့၏။

လူတိုင်း မျက်လုံးများ ပြူးကျယ်ကာ မေးရိုးများ အောက်သို့ ပြုတ်ကြနေတော့သည်။

မေ့ထွမ်ရဲ့ အီရန်ဘွိုင်းက Enduring Movement နဲ့ ကျိုးကြေနေသော လက်ချောင်းများကို လက်တစ်ဖက်တည်းနဲ့ တီးပြသွားတယ်တဲ့လား.....

ပြီးတော့ နောက်တစ်ဖက်ကလည်း ဖုန်းကို ဖြေနေသေးတယ်...

အဲ့ဒါတောင်မှ တစ်ချက်ကလေးတောင် မမှားသွားဘူး...

ငါလခွမ်းတဲ့မှပဲ...လက်လေးဖက်နဲ့တောင် တီးဖို့ခက်တဲ့ သီချင်းကို လက်တစ်ဖက်တည်းနဲ့ တီးပြသွားတယ်တဲ့လား...

ဒီကောင် အီရန်ဘွိုင်းကော ဟုတ်မှ ဟုတ်ရဲ့လားဟ...

"စိတ်မရှိနဲ့ကွာ..မင်းဆရာမက ဖုန်းခေါ်လာတော့ အရေးကြီး ကိစ္စဖြစ်နေမှာဆိုးလို့ ဖုန်းဖြေလိုက်တယ်..."လင်းရီ အပြုံးလေးဖြင့်ပြောလိုက်ပြီး "ခုငါ့အလှည့်မလား..မပူနဲ့ ခုပဲစတီးလိုက်မယ်..."

လင်းရီ ဖုန်းကို သူ့အိတ်ကပ်ထဲသို့ ပြန်ထည့်၍ ပီယာနိုပေါ် လက်ပြန်တင်ကာ တေးသွားကို စတင် တီးခတ်လေတော့သည်။

"ဒါ...ဒါက ကမ္ဘာ့အခက်ခဲဆုံး အဆင့်ရှစ်မှာရပ်တည်နေတဲ့ ကွန်ဆာတို No.2 B-flat major မလား...."

လူတိုင်း ရှောင်ရလို့ အားမရသေးခင်မှာပဲ တေးသွားမှာ တောက်တစ်ပုဒ်သို့ ကူးပြောင်းသွားပြန်သည်။

"ဖက်ခ်...ဒါ..ဒါက ကမ္ဘာ့ခက်ခဲမှု အဆင့်ခြောက်မှာ ရပ်တည်နေတဲ့ နော်မာရဲ့ မမ်မိုရီများဆိုတဲ့ တေးသွားမဟုတ်လားကွ..."

တစ်ချိန်တည်းတွင် တေးသွားမှာ တစ်မျိုးပြောင်းသွားပြန်သည်။

"ဟိုက်..ဒါကျ က ကမ္ဘာ့ခက်ခဲမှု အဆင့်နှစ်မှာ ရပ်တည်နေတဲ့ ပီယာနို ကွန်ဆာတို ၂ မလားပဲ..."

"ငိုးပဲ ဒါကြီးက လုံးဝ လူမဆန်တော့ဘူး..က မ္ဘာ့အခက်အခဲဆုံး ပီယာနို ကွန်ဆာတို ၁ မ လား..."

တေးသွား ငါးပုဒ်စလုံးကို ဆက်တိုက် တီးခတ်ပြီးနောက် လင်းရီပင်လျှင် အနည်းငယ် ပင်ပမ်းချင်လာသလို ဖြစ်လာခဲ့၏။

လင်းရီ၏ လက်ရှိ လက်စွမ်းနှင့် ဆိုပါက ပီဆာနို ကွန်ဆာတို နှစ် နှင့် နော်မာ၏ မမ်မိုရီများ တို့လောက်ထိသာ ကိုင်တွယ်နိုင်ပေသည်။

ကျန်သည့် တေးသွားများကိုတော့ သူ ပြီးမြောက်အောင် တီးခတ်ရုံလေးတင်သာ တီးခတ်နိုင်၏။ အကယ်၍ တေးတစ်ပုဒ်လုံး

ကိုကို တီးခတ်မည်ဆိုပါက သေချာပေါက် အပြစ်အတာဆာများ ရှိမည်ဆိုတာကတော့ သေချာပေါက် မလွဲမသွေပင်။

သို့သော်လည်း ထိုတေးတစ်ပုဒ်လုံးကို တီးခတ်မည်အစား လင်းရီ ဗျပ်စောင်းကို သာ တီးလိုက်ချင်တော့သည်။

"ငါ့အလှည့် ပြီးပြီနော်..ခု မင်းအလှည့် ပဲ.."လင်းရီ ပြောလိုက်၏။

ထိုအချိန်တွင်တော့ စင်နောက်ဘက်ခြမ်း တစ်ခုလုံးမှာ သုသာန်တစပြင်ကဲ့သို့ တိတ်ဆိတ် ငြိမ်သက်နေပြီးလူတိုင်း သူ တို့၏ လိပ်ပြာများ ဆွဲထုတ်ခံလိုက်ရသသို့

လင်းရှိကို ကြောင်အစွာ ငေးမောနေကြလေသည်။

"ရှင်....ရှင်က တကယ်ကြီး အီရန်ဘွိုင်းကောဟုတ်ရဲ့လား..."ဝမ်ရင်း ထိတ်လန့်တုန်လှုပ်စွာ မေးမြန်းလိုက်၏။

"အမှန်ပဲလေ..ကျုပ်က ယူနီဖောင်းလေးပဲ မဝတ်တာ....ဘာလို့လဲ..မယုံလို့လား..."

"ဒါ..ဒါပေမယ့် နင့်လို အီရန်ဘွိုင်းက ဘာလို့ ကမ္ဘာ့ခက်ခဲမှု အဆင့်မှာ ရပ်တည်နေတဲ့ တေးသွားတွေကို တီးနိုင်နေတာလဲ... "

"ဘာလဲ ခင်များတစ်ယောက်တည်း လုပ်နိုင်တယ်လို့ ထင်နေတာလား..ဆင်းရဲတဲ့ လူ

တွေကျတော့ မလုပ်နိုင်ဘူးဆိုတဲ့ သဘော လား.."

လင်းရီ ဖျော့တော့စွာ မေးမြန်းလိုက်ပြီး "ဒါ မှမဟုတ် ပိုက်ဆံရှိတဲ့ကောင်တွေကပဲ ဘာမ ဆို လုပ်နိုင်ပြီး မရှိတဲ့ကောင်တွေကျတော့ ဘာလုပ်လုပ် မှားတယ်လို့ ပြောချင်တာ လား...."

## **အခန်း (၂၁၄)**

"မ....မဟုတ်ပါဘူး..အဲ့သဘောမျိုးနဲ့ ပြော ချင်တာ မဟုတ်ပါဘူး.."

ဝမ်ရိရှမ်နှင့် ကျန်သူများ မိမိကိုယ်ကိုယ် အရှက်ရမိသွားကြသည်။ ဘာလို့နတ်ဘုရား လိုလူကိုမှ အထင်သွားသေးမိပါလိမ့်...

သို့သော်လည်း သူတို့ ရင်ဘတ်ထဲရှိ အံ့သြ တုန်လှုပ်ခြင်းများကတော့ ယခုတိုင် အရှိန်မ ပြယ်သေးချေ။

အီရန်ဘွိုင်းရဲ့ ပီယာနိုစကေးက အဲ့လောက် တောင် မြင့်တယ်တဲ့လား..ဒါ...ငါတို့ရဲ့အမြင် ကို ဖွင့်ပေးလိုက်သလိုပဲ..

ဆရာမရန်က သူ့ကို ခေါ်လိုက်တာ မဆန်း တော့ပါဘူး...ဘာလို့ဆို သူ့ရဲ့ စကေးကို ကောင်းကောင်းကြီး သိနေလို့ကိုး...

ခွင့်လွှတ်ပါဆရာမ....ကျွန်တော်တို့ မသိလို့ အပြစ်တင်မိတာပါ...

"ကျွန်မ တောင်းပန်ပါတယ်နော်..ရှင့်ကို အဲ့လို စကားမျိုးတွေနဲ့ မပုတ်ခတ်သင့်ဘူး..မသိလို့ ပြောမိတာကို ဖွဲမယူပါနဲ့ရှင်... "

ဝမ်ရိရှမ် သူမ၏ အပြုအမူကြောင့် လွန်စွာအရှက်ရနေပြီး မာနကို ခဝါချကာ လင်းရီအား လေးလေးနက်နက် ဦးညွှတ်တောင်းပန်လိုက်တော့၏။

"ကျ...ကျွန်တော်တို့လည်း တောင်းပန်ပါတယ်ဗျ..."

ဖန့်ဖေးနှင့် ကျန်သူများလည်း လင်းရီကိုပြိုင်တူ ဦးညွှတ်လိုက်ကြသည်။ လူအုပ်ကြီး

မှ တစ်ယောက်တည်းကို ဦးညွှတ်နေကြသည်မှာတော့ အတော်လေးကို ခမ်းနားသည့် မြင်ကွင်းပင်။

"ကျုပ်ကလည်း အဲ့လာက်ထိ သဘောထားသေးသိမ်တဲ့ကောင် မဟုတ်ပါဘူး..ဒီလောက်လေးကတော့ စိတ်ထဲကို မထားတာ.."လင်းရီ ပေါ့ပါးစွာ ပြောလိုက်၏။

"ဒါပေမယ့် ဂီတဆိုတာက လူတစ်ယောက်ရဲ့ စိတ်နေသဘောထားကို သံစဉ်နဲ့ ဖော်ပြရတဲ့ အနုပညာပဲ..မင်းတို့သာ စိတ်သဘောထား ယုတ်ညံ့နေမယ်ဆိုရင်တော့ သံစဉ်ကောင်းက ဘယ်တော့မှ ထွက်လာမှာ မဟုတ်ဘူး..."

"ဟုတ်ကဲ့..နားလည်ပါပြီ..."

"အဲ့တာဆိုလည်း ဒါပဲလေ..ကျုပ်ကလည်း ဘာကောင်မှ မဟုတ်ဘူး..ဒီတိုင်း အီရန် ဘွိုင်းပဲ..ဖျော်ဖြေပွဲက ခဏနေစတော့မှာဆို တော့ လုပ်စရာရှိသာ လုပ်ကြတာပေါ့.."

"ဟုတ် ဟုတ်..."

ဝမ်ရိရှမ် နှင့် ကျန်သူများ သူမတို့၏ တူရိယာ ပစ္စည်း အသီးသီးကို ပြန်ကိုင်ကာ ချိန်ညှိစရာများ ရှိသည်ကို ချိန်ညှိနေကြ၏။

ယခုတစ်ကြိမ်တွင်တော့ လင်းရီ၏ ညွှန်ပြမှု ကြောင့် သူတို့၏ စိတ်အဟုန်မှာ အေးချမ်း နေပြီး ပတ်ဝန်းကျင်နှင့် တသားကဲ့သို့ ခံစား ကာ တီးခတ်နိုင်နေကြပြီး ဖြစ်၏။

ထိုအချိန်တွင်တော့ ရန်ရှေ့ သူမ၏ ဒေါက်မြင့်ဖိနပ်များဖြင့် ဝင်လာခဲ့သည်။

သူမ၏ အဝတ်စားများက မပြောင်းလဲသော်လည်း ပါးလွှာသော မိတ်ကပ်တစ်လွှာက သူမ၏ ရုပ်ရည်ကို အများကြီး နုပျိုသွားစေသည့် ပုံပေါက် နေ၏။

"ကဲ..ရှိုးကစတော့မယ်...ဘယ်လိုလဲ စိတ်လှုပ်ရှားနေပြီလား..."ရန်ရ လင်းရီ ထံသို့ လျှောက်လာခဲ့ပြီး အပြုံးလေးဖြင့် မေးလိုက်လေသည်။

"ဒီတိုင်း ပွဲသေးသေးလေးပါဗျာ..ကျွန်တော့်ကို စိတ်လှုပ်ရှားအောင် ဘယ်လိုလုပ် လုပ်နိုင်မှာ.."လင်းရီ ပြုံး၍ ပြန်ဖြေလိုက်သည်။

သူ၏ စကားမှာ မောက်မာသည်ဟု ထင်ရသော်လည်း အမှန်ကို ပြောနေခြင်းသာ။

"ဆရာမရန် ..အစ်ကိုလင်းက အရမ်းတော်တာပဲနော်..သမီးတောင်မှ အစ်ကိုလင်းနဲ့ တီးရင် သံစဉ်လိုက်မမှီမှာကိုတောင်မှ စိုးရိမ်မိတယ်..."ဝမ်ရိရှမ် ရှက်ပြုံးလေးဖြင့် ပြောလိုက်၏။

"အယ်...ဘယ်လိုဖြစ်သွားတာ..နင်ပဲ သူက အီရန်ဘွိုင်းဆိုပြီး ဘာဖြစ်လို့ ဘာဖြစ်လို့နဲ့ေ စာဒက တက်နေတာ မဟုတ်ဘူးလား...ခု ဖျော်တောင် မဖျော်ဖြေရသေးဘူး..ကျေနပ်နေပြီတဲ့လား.."

"ဟီးဟီး..သမီး ခုနလေးတင် အစ်ကိုရှိနဲ့ ယှဉ်ပြိုင်ထားတာလေ..ပြီးတော့ သမီးပဲ ရှုံး သွားတယ်..အစ်ကိုရှိက အရမ်းတော်တာပါ ဆိုနေမှ...."

"ခု တစ်တောင်ထက် တစ်တောင်က ပိုမြင့် တယ်ဆိုတာ သိပြီမလား...."ရန်ရွှေ အပြုံး လေးဖြင့် မေးလိုက်လေသည်။

သူမ၏ ချစ်တပည့်မှာ ပါရမီပါသော်လည်း မိမိကိုယ်ကို တတ်လှပြီဟု ထင်နေမည်မှာ ကို စိုးရိမ်မိ၏။

ယခုတော့ သူမလည်း လင်းရှိနှင့် ယှဉ်ပြိုင် ပြီး နောက်ပိုင်း မိမိကိုယ်ကို သိမြင်နားလည်

သွားကာ ပညာဂုဏ်မမောက်ပဲ နိမ့်နိမ့်ချချ နှင့် ကြိုးစားသင်ယူရန် မျှော်လင့်မိပေသည်။

"အွန်း..ဟုတ်တယ်..အစ်ကိုရီက တကယ့်ကို အမေးဇင်းပဲ....သမီးတော့ တကယ့်ကို မ ယှဉ်နိုင်တာ..."

"တကယ်တော့ သူက ကိုယ့်ဘာကိုယ် သင်ယူထားတာနော်...ဘယ်သူ့နားကမှ ညွှန်ပြတာတွေလည်း မရဖူးဘူး..."

ဟစ်....

နားပါလို့သာ ကြားချေသည်။ မည်သူမျှ မ ယုံကြည်နိုင်။

"ဒါဆို...အစ်ကိုရီရဲ့ ပီယာနိုစကေးက ကိုယ့် ဘာကိုယ် လေ့လာထားတာပေါ့..."

လခွမ်း...နောက်နေတာလား..သင်ပြမယ့်သူ မရှိတာတောင်မှ အဲ့လောက်တော် နေတယ်တဲ့...ဒီကောင် ဘာစားလဲမသိဘူး...

"ဒါပေါ့...တကယ်လို့ သူ့မှာသာ ပီယာနို သင်ဖို့ ပိုက်ဆံ ရှိရင် ဘာကိစ္စ အီရန်ဘွိုင်း လုပ်နေဦးမှာလဲတဲ့.."

ရိုရွမ်နှင့် ကျန်သူများလည်း တစ်ပြိုင်တည်း ခေါင်းညိမ့်မိလိုက်ကြသည်။ ဆရာမရန် ပြောသည်မှာ လက်တွေ့ကျပေသည်။

သို့သော်လည်း လင်းရီ၏ အရည်အချင်းဖြင့် ဆိုပါက အီရန်ဘွိုင်း လုပ်နေသည်မှာ ၎င်း၏ အရည်အချင်းများကို ဖြုန်းတီးနေခြင်းပင်။

"အိုကေ စကားပြောတာတွေ တော်လောက်ပြီ..ဖျော်ဖြေပွဲက ခဏဆို စတော့မယ်..."

ရန်ရွှေ ပြောလိုက်ပြီး "ငါ ခုလေးတင်ပဲ သွားကြည့်ပြီးသွားပြီ..အပြင်ဘက်မှာ မီဒီယာ ကုမ္ပဏီ နှစ်ဆယ်လောက်ထိ ရောက်နေကြတယ်..နင်တို့ ဂီတနယ်ပယ်ထဲကို စောစောစီးစီး ရောက်နိုင် မရောက်နိုင် ကတော့ နင်တို့အပေါ် မူတည်နေတယ်နော်..."

"ဟုတ်ကဲ့ နားလည်ပါတယ်ခင်ဗျ/ရှင့်.."

ဝမ်ရိရှမ်နှင့် ကျန်သူများကို လမ်းညွှန်ပေးပြီး နောက် လင်ရီထဲသို့ လျှောက်လာခဲ့သည်။

"ငါ့မှာလည်း လုပ်စရာရှိသေးတယ်ဆိုတော့ နင့်ကို အဖော်မလုပ်ပေးနိုင်တော့ ဘူး...တကယ်လို့ နင်သာ သေချာလေး တင် ဆက်ပေးနိုင်မယ်ဆိုရင် နင့်ကို ခေါ်မယ့် မိဒီ ယာတွေက မနည်းပါဘူးနော်..ဒီတော့ ကြိုးစားထား ဟုတ်ပြီလား..အဲ့တာဆို အီရန် ဘွိုင်း ဆက်လုပ်စရာ မလိုတော့ဘူး..."

"ဟုတ်ကဲ့..ခုလို ကြင်နာပေးတဲ့ အတွက် ကျေးဇူးပါ.."

"အင်းပါ..ငါက ဒီတိုင်း အကြံပဲ ပေးတာ နော်..ဆုံးဖြတ်ရမှာကတော့ နင့်သဘောပဲ.."

ဖျော်ဖြေပွဲ၏ တာဝန်ခံ တစ်ဖြစ်လဲ ရန်ရှေ့မှာ အလုပ်များသောကြောင့် လင်းရီ ကိုပြောစရာရှိတာ ပြောပြီးနောက် ထွက်သွားတော့သည်။

လင်းရီလည်း ဘာမျှ လုပ်စရာ ထွေထူးမရှိသောကြောင့် စင်နောက်ထဲမှထွက်လာပြီး လေကောင်းလေသန့်တစ်ချို့ ရှူရှိုက်လိုက်၏။

ထို့နောက် ကျန်းစုန့်နှင့် ဟော်ယွမ်ယွမ်တို့ထံ ဖုန်းဆက်ကာ Cisco နှင့် လုပ်ငန်းကိစ္စ အခြေနေကို မေးမြန်းလိုက်သည်။

Cisco ၏ လုပ်ဆောင်ချက်များကတော့ သူမျှော်လင့်ထားသည့် အတိုင်းပင်။ ကျန်း

စုန့်၏ အော်ဒါကိုတော့ ရပ်ဆိုင်းထားသည့် အနေအထားတွင် ရှိနေပြီး ပထမတစ်သုတ် အချိန်မှီ ပို့ဖို့ရာပင် အာမခံချက် မရှိချေ။

သို့သော်လည်း ဟော်ယွမ်ယွမ်ဘက်တွင်တော့ အခြေနေက လုံး၀ ကွာခြားနေလေသည်။

သူမ၏ တင်ပြမှုများအရ Cisco မှာ သန်း၅၀၀ ကိုလက်ခံပြီးနောက် အော်ဒါများကို အချိန်ပိုပေး၍ ထုတ်လုပ်ကာ သိုလှောင်ခန်းများကိုလည်း တိုးချဲ့ထားသည်ဟု ပြောထား၏။

လင်းရီ စိတ်ထဲတွင် အကြမ်းဖျင်း တွက်ချက် တွက်ချက်ကြည့်လိုက်သည်။

ယခု နှုန်းထအတိုင်းဆိုပါက သန်း၅၀၀မှာ မကြာခင် သုံးလို့ ကုန်သွားပေမည်။

လက်ကျန် အော်ဒါ ၂.၅ ဘီလီယမ်ကိုတော့ ငွေကြေးအထောက်အပံ့ မရှိဘဲနှင့်တော့ မည်သို့မျှ ဆက်လုပ်နိုင်လိမ့်မည်မဟုတ်။ Cisco ၏ ဥက္ကဌလည်း ထိုပြဿနာကို ရိပ်မိလောက်ချေသည်။

ယခုကဲ့သို့ ဆိုပါက မကြာမီ ငွေကြေးရင်းနှီးမြှုပ်နှံသူများကို ခေါ်ဆိုနိုင်လောက်၏။ ထိုအခြေနေကသာ လက်ရှိ Cisco အတွက် အော်ဒါများ ဆက်လက် လည်ပတ်နိုင်ရန် တစ်ခုတည်းသော နည်းလမ်း ဖြစ်နေလေသည်။

လင်းရီ ဟော်ယွမ်ယွမ်နှင့် ချီရှန်းကျောက်ကို တစ်ဖန် ဖုန်းပြန်ခေါ်လိုက်ပြီး Cisco ၏၏ ခြေလှမ်းများကို သေချာစောင့်ကြည့်ထား ရန် အမိန့်ပေးထားလိုက်၏။

ယင်းက သူ၏ အကြံအစည်ကို မထိခိုက် သွားစေသော်လည်း Cisco နောက်ကွယ်ရှိ လက်သည်ကို ဖော်ထုတ်နိုင်မည်ဆိုပါက လည်း အမြတ်ပင် မဟုတ်ပါလော။

"နင်ပဲ..."

Cisco ကို ဘယ်လို ဖြန်ကျရမလဲ တွေးနေ တုန်း တစ်ယောက်ယောက် စကားပြောသံ ကို ကြား လိုက်ရသည်။

နောက်သို့လှည့်ကြည့်လိုက်သောအခါ ဖက်ရှင်ကျစွာ ဝတ်ဆင်ထားသော သက်လတ်ပိုင်းအရွယ် အမျိုးသမီးတစ်ဦး လျှောက်လာသည်ကို တွေ့လိုက်ရပြီး အပေါ်ယံ အမြင်အရတော့ ဖျော်ဖြေရေး ဝန်ထမ်း တစ်ယောက် ဖြစ်ပုံပင်။

စကားပြောလိုက်သူကတော့ ရန်ရွှေ၏ လုပ်ဖော်ကိုင်ဖက်ကြီး ရှီရှမ်းမှလွဲ၍ တခြား မဟုတ်။

ချက်လက်ကျကျ ပြောဆိုပါက လင်းရီနှင့် သူမတို့ နှစ်ဦးမှာ ရန်ရွှေကို သွားကြိုစဉ်က တွေ့ဖူးခဲ့ကြ၏။

သို့သော်လည်း လင်းရီကတော့ သူမကို အလေးနက် မထားသောကြောင့် မမှတ်မိခဲ့ချေ။

"ခင်များက...."

"ငါက ရန်ရွှေရဲ့ လုပ်ဖော်ကိုင်ဖက်လေ.."ရှီရှမ်း ပြောလိုက်ပြီး "သူက တေးပြ..ငါကျတော့ ပွဲစီစဉ်သူပေါ့.."

"အော် ဟုတ်..တွေ့ရသာ ဝမ်းသာပါတယ်...."

လင်းရီ အပြုံသဘောဆောင်၍ နှုတ်ဆက်လိုက်သည်။

"နင်က ဒီမှာ ဆရာမရန်ကို လာစောင့်နေတာလား.."

"မဟုတ်ပါဘူး.."လင်းရီ ပြောလိုက်ပြီး "ကျုပ်က မကြာခင် ပွဲမှာ ဖျော်ဖြေရတော့မှာလေ.."

"ဖျော်ဖြေမယ်..."

ရှီရှမ်း တခဏမျှ ကြက်သေသေသွားခဲ့ပြီး မည်သို့ တုန့်ပြန်ရမလဲဆိုတာတောင် မသိတော့..

ကျောက်းပေါက်ဝမှာတုန်းက ရန်ရှေပြော တော့ အီရန်ဘွိုင်းနဲ့ အစားထိုးမယ်ဆို..

သူတော့ မဟုတ်လောက်ဘူးမလား...

မဖြစ်နိုင်တာ..သူက စူပါကားကြီး မောင်းတာကိုလေ..

မေ့ထွမ်ရဲ့ ဝန်ဆောင်မှု အသစ်များလား...

"ငါကြားတာတော့ ဆရာမရန်က အီရန်ဘွိုင်းနဲ့ အစားထိုးမယ်ဆို..ဒါပေမယ့် နင်က...."

"ကျုပ်လည်း အီရန်ဘွိုင်းပဲလေ..ဘာလဲ ..မတူလို့လား..."

ရှီရှမ်း ရှုပ်ထွေးသွားခဲ့သည်။

ဘာ တွေ ဖြစ်နေတာလဲ...

ဘာတွေ ဖြစ်နေကြတာလဲ...

သူက တကယ်ကြီး အီရန်ဘွိုင်းတဲ့လား..

"အဟမ်း...နင့်ရဲ့ ရုပ်ရည်နဲ့ဆို အီရန်ဘွိုင်းလို့ ဘယ်သူက ထင်မှာ..."ရှီရှမ်း လုပ်ပြုံး လေးဖြင့် ပြောလိုက် လေသည်။

"ဟုတ်လား..ကျုပ်ကရုပ်ချောတော့ ဒါမျိုး ပြောခံရတာ ကိုနေသားကျနေပြီ.."

ရှီရှမ်း မျက်နှာ မည်းမှောင်သွားခဲ့သည်။ သို့သော်လည်း အားတင်းပြုံး၍ "ငါလုပ်စရာ လေးရှိလို့ သွားလိုက်ဦးမယ်နော်..စင်ပေါ်မှာ နင့်ရဲ့ ဖျော်ဖြေမှုတွေကို အားပေးနေမယ်သိ လား..."

"ကောင်းပါပြီ..ကြွပါဗျ..."

နှစ်ယောက်သား ဘာမျှ ဆက်မပြောကြ တော့ပဲ ရှီရှမ် စင်နောက်ထဲသို့ ဝင်သွားခဲ့ သည်။ ကျောင်းသားများ ပြင်စင်နေကြ သည်ကို မြင်တော့" ရယ်ဒီပဲလား..."

"ရယ်ဒီပါပါပဲခင်ဗျ.."

"လူတိုင်း ဒီရောက်နေကြပြီမလား..ဒီတော့ ပြောထားတဲ့အတိုင်း နေရာယူကြမယ် နော်..."

"ခဏလောက်ရှင့်..ဆရာမရွှီ .လင်းရှီ ကျန် နေသေးတယ်..."

"လင်းရှီ..သူက ဘယ်သူလဲ..."

"အိုး..သူက ဆရာမရန် ကျင်းကျင်းနေရာမှာ အစားထိုးမယ့် သူလေ..သူလည်း ဒီနေ့ သမီး တို့နဲ့ အတူ ဖျော်ဖြေမှာ....."

"သုက အီရန်ဘွိုင်းလား..."

ဝမ်ရှီရွှမ် ရယ်မောလိုက်ပြီး "ဆရာမရွှီ သူက အီရန်ဘွိုင်း ဆိုပေမယ့် သာမန် အီရန်ဘွိုင်း တော့ မဟုတ်ဘူးနော်..."

"ဟုတ်တယ် ဟုတ်တယ်..သူ့ရဲ့ ပီယာနို စကေးတွေက ဂေါ့ဒ်လယ်ဗယ်လောက် ရှိ တယ်..ရွှမ်ရွှမ်တောင်မှ သူ့နား ရှုံးသွားတယ် လေ..."ကျန်းဖန့်ဖေး ပြောလိုက်လေသည်။

"ဘာပြောလိုက်တယ်..ရွှမ်ရွှမ်က အီရန် ဘွိုင်းဆီမှာ ရှုံးသွားတယ် ဟုတ်လား..."

ရှီရွှမ်း မယုံကြည်နိုင်စွာဖြင့် သူမ မျက်လုံး များ ပြူးကျယ်သွားတော့၏။

သူမ ဝမ်ရိရွှမ်၏ အရည်အချင်းကို ကောင်း သွာ နားလည်ထားပေသည်။ သာမန်လူတစ် ယောက်မှာ သူမပြိုင်ဘက် လုံးဝ မဖြစ်နိုင် ချေ။ ထို့ပြင် ရွယ်တူများ ကြားထဲတွင်လည်း

ယှဉ်နိုင်သည့်သူမှာ ရှားမှရှားဟုပင် ပြောရ၍ရ၏။

အပြင်ကကောင်က အီရန်ဘွိုင်းနော်...အဲ့တာတောင်မှ သူက ရိရွမ်ထက် ထူးချွန်နေတယ်တဲ့လား....ကောင်းကင်ကြီးက တကယ်ပဲ မမျှတဘူးပဲ...

"ဆရာမရှိ သမီးတကယ်ကြီး သူ့ဆီမှာ ရှုံးသွားခဲ့တာ.."ဝမ်ရိရွမ် ပြောလိုက်ပြီး "သူက တခြား အီရန်ဘွိုင်းတွေနဲ့ လုံးဝ မတူဘူး.."

"ကျွန်တော်လည်း အစတုန်းက ဆရာမရန်က ဘာလို့ ဒီလောက်အရေးကြီးတဲ့ ဖျော်ဖြေပွဲမှာ ဘာလို့ အီရန်ဘွိုင်းကို ခေါ်လိုက်တာပါလိမ့်ပေါ့..နောက်မှပဲ သူ့မှာ အဲ့

လို ဖျော်ဖြေနိုင်တဲ့ စကားမျိုးရှိတယ်ဆိုတာ သိသွားတာပဲ...ခုတော့ သူနဲ့ တန်းတူ ဖျော်ဖြေခွင့် ရတာကိုပဲ ကျေနပ်လှ ပြီ.."ကျန်းဖန့်ဖေး ပြောလိုက်သည်။

ရှီရှမ်း အနည်းငယ် ခြေနေမဟန်သလို ခံစား လိုက်ရသည်။

ခုနက အပြင်မှာတွေ့ခဲ့တဲ့ အီရန်ဘွိုင်းရဲ့ စကားက အဲ့လောက်တောင် ကောင်းတာ လားဟ....

ရှီရန် နဂိုက ရန်ရှေ၏ အမှားများကို ထောက်ပြ၍ သူမကို ရာထူးမှ ဆွဲချရန် စီစဉ်ထားသည်။ ယခုတော့ ထိုအကြံစည်က လုံးဝ မဖြစ်နိုင်လု နီးပါးပင်။

၎င်းကို စဉ်းစားမိတော့ ရှီရှမ်း မျက်လုံးများ ကျဉ်းမြောင်းသွားပြီး ရင်ထဲတွင်တော့ တိတ်တဆိတ် ကျိန်ဆဲလိုက်သည်။

ဒီလိုဆိုမှတော့ နောက်နည်းလမ်းတစ်ခုကို သုံးရတော့မှာပေါ့...

## အခန်း (၂၁၅)

"နင်တို့ စင်ပေါ်အရင် တက်နှင့်ကြ.."

ရှီရှမ်း ဝမ်ရိရှမ်နှင့် ကျန်သူများကို ပြော လိုက်ပြီး "ငါခုနတုန်းက သူ့ကို အပြင်မှာ သူ့ လိုက်သလိုပဲ..အဲ့တာ သွားရှာကြည့်လိုက်ဦး မယ်.ပြီးမှ သမီးတို့နှင့် လိုက်ခဲ့မယ်နော်..."

"ဟုတ်ကဲ့ရှင့် ဆရာမရှိ..."

ထို့နောက် လူတိုင်း စင်ပေါ်သို့ ညီညီညာညာ တက်သွားခဲ့ကြ၏။

တစ်ချိန်တည်းတွင် ရှိရန်လည်း စင်နောက်မှ ထွက်လာခဲ့ပြီး လင်းရီ အပြင်ဘက်၌ ရှိနေသေးသည်ကို မြင်တော့ "မစ္စတာလင်း...ဖျော်ဖြေပွဲက စတော့မှာနော်..."

"အော်..ဟုတ်ကဲ့..ကျွန်တော်လည်း စင်ပေါ် တက်တော့မှာပါ.."

လင်းရီ ထပြီး ထွက်သွားလိုက်သည်။ သို့သော်လည်း စင်ပေါ်တက်တော့မည့် အချိန်တွင် ရှီရှမ်း နောက်မှနေ၍ လှမ်းတားလိုက်၏။

"မစ္စတာလင်း..ခဏလောက်..ကျွန်မ ရှင့်ကို ပြောစရာ ရှိသေးတယ်.."

"ဟမ်...ဘာပြောမှာ.."

"ဒီလိုပါ..."ရှီရှမ် လေသံ တည်တည်ငြိမ်ငြိမ်ဖြင့် "ဒီလိုပါ...တယောကြီးထိုးတဲ့သူက ခုနလေးတင် အက်စီးဒင့် ဖစ်လို့ တီးဝိုင်းထဲ မဖျော်ဖြေနိုင်တော့ဘူးဆိုပြီး ဖုန်းဆက်လာလို့ပါ..အဲ့တာ ရှင် သူ့နေရာမှ အစားထိုး ဝင်ပေးရတော့မယ်..."

"ဟမ်...အဲ့လိုဆို ကျုပ်က တယောကြီး ထိုးရမှာပေါ့..."

ရန်ရှေမှ ယခုလို အရေးကြီးသည့် အချိန်ရောက်သည့်အခါမှ အစီအစဉ်များကို

ပြောင်းလဲလိုက်လိမ့်မည်လို့ မျှော်လင့် မထားခဲ့ချေ။

ဒါပေမယ့် သူက ငါတယောကြီး ထိုးတတ်တယ်ဆိုတာ ဘယ်လိုလုပ်ပြီး သိသွားပါလိမ့်...

တစ်ခါမှလည်း ထုတ်မပြဖူးပါဘူး...

"အဲ့တာဆိုကျုပ်က တယောကြီးထိုးရမယ်ဆို ပီယာနိုကျတော့ ဘယ်သူက တီးမှာ..."

လင်းရှီ ပြန်မေးလိုက်သည်။

"ရှိရှမ် တစ်ယောက်တည်း ရတယ်လေ..နည်းနည်း ခက်ခဲတယ်ဆိုပေမယ့် ပြဿနာ ကြီးကြီးမားမားတော့ မဟုတ်ပါဘူး..."ရှီရှမ်း ပြန်ဖြေလိုက်၏။

"တကယ်လို့ ခုနေ တယောကြီး ထိုးမယ့်သူကို ရှာမရဘူး ဆိုလို့ကတော့ တီးဝိုင်း သံစဉ်ကလည်း အတော်လေးကို ယုတ်လျော့သွားတော့မှာ ..ငါတို့ နှစ်ယောက်လည်း ရွေးချယ်စရာ မရှိပါဘူးလေ..နင့်အပေါ်မှာပဲ မှီခိုရတော့မှာ.."

ရှီရွမ်း၏ အကြံအစည်ကတော့ ရိုးရှင်းပေသည်။

လင်းရီမှာ ပီယာနိုတီးတာ တော်သော်လည်း အခြားသော တူရိယာ ပစ္စည်းများကိုပါ ကျွမ်းကျင်လိမ့်မည်လို့ မဆိုလိုချေ။

ထို့ကြောင့် ပွဲအတွင်း ဖျော်ဖြေပါက အများ များ ထွက်ပေါ်လာပြီး တင်ဆက်မှုကို များ စွာ ထိခိုက်သွားစေလိမ့်မည်။

ထိုအခါ အကယ်ဒမီ ခေါင်းဆောင်များ၏ ဒေါသကို သွားဆွပေးသလို ဖြစ်သွားပြီး အကြောင်းရင်းကို လိုက်ရှာကြည့်ပါက သူမ မှာ တာဝန်ရှိသူ ဖြစ်နေသော်လည်း တခြား တစ်ယောက်ကို အပြစ်ပုံချလိုက်ရုံနှင့် အသာလေး ဘေးမှ ပွဲကြည့်နေ၍ ရသည်။

အဖွဲ့ဝင်တစ်ဦး ပျက်ကွက်ထားသောကြောင့် ၎င်းနေရာတွင် အီရန်ဘွိုင်းကို အစားထိုး ထားသောကြောင့် ရန်ရှေ့မှာ ယင်းဖြစ်ရပ် အတွက် အကြီးမားဆုံး တာဝန်ရှိသူပင်။

သူမ အခြေခြနေအားလုံးကို အသေးစိတ် တွက်ချက်ပြီးမှ ယခုလို အကြံစည်များ ထွက်လာခြင်း ဖြစ်ပေသည်။

"ရတယ်လေ..ခင်များတို့သာ ကြယ်ငါးပွင့် ရီဗျူး ပေးနေသရွေ့ကတော့ ခေါင်းလောင်းကြီးပဲ ထိုးရထိုးရအဆင်ပြေတယ်..."

"သေချာတာပေါ့.."ရှီရှမ်း အပြုံးလေးဖြင့် ပြောလိုက်၏။

တစ်ခဏမျှကြာပြီးနောက် သူမ လင်းရီ ပွဲအတွင်း အသုံးပြုရမည့် တယောကြီးကို ရှာ ပေးလိုက်သည်။

တစ်ချိန်တည်းတွင် ပွဲခန်းမထဲ၌လည်း ညှော်သည်တော်များကတော့ ပြည့်လျှံနေလေ၏။

အရှေ့ခုံတန်းတွင်တော့ နိုင်ငံခြားမှ ဓမ္မတေးသီဆိုကြသည့် ဝမ်ရိရှမ်တို့ကဲ့သို့ လူငယ်လေးများ ထိုင်နေပြီး ကျန်ခုံတန်းများတွင်တော့ လူတိုင်း ဝတ်စုံပြည့်များ ဝတ်ဆင်ထားကြကာ ဖျော်ဖြေပွဲ စတင်မည့် အချိန်ကို စောင့်မျှော်နေကြလေသည်။

ရန်ရှော၊ ဝမ်ရိရှမ်နှင့် ကျန်သူများ အားလုံး စင်ပေါ်သို့ ရောက်ရှိနေကြပြီး နောက်ဆုံး အခေါက် ပြင်ဆင်စရာ ရှိသည်များကို ပြင်ဆင်နေကြ၏။

စင်ပေါ်တွင်တော့ ရန်ရွှေ စင်တစ်ဝိုက် လှည့်ပတ်ကြည့်ရှုလိုက်သော်လည်း လင်းရီ ကို ရှာတွေ့ခြင်းတော့ မရှိခဲ့။ သူမ မကောင်း သည့် နိမိတ်ကို ခံစားလိုက်ရပြီး မျက်မှောင်ကြုတ်မိသွား၏။

"ရိရွမ်..လင်းရီကို မြင်မိသေးလား..ပွဲကစ တော့မယ်လေ..ဘာလို့သူက မရောက် သေးတာလဲတဲ့...."

"အမ်....သမီးလည်း ဘယ်သိမှာ.."ဝမ်ရိရွမ် လည်း တွေလိုတွေ့ငြား လိုက်ရှာကြည့် လိုက်၏။

"သမီးတို့ စင်နောက်မှာတုန်းကတော့ ဆရာ မရှိပြောတာ သူ လင်းရီ ကို အပြင်မှာ တွေ့

ခဲ့တယ်တဲ့..ပြီးတော့ သူ့ကို သွားခေါ်ပေးမယ် ပြောတာပဲ..အမှန်ဆို ခုချိန် စင်ပေါ် ရောက် သင့်နေပြီ..ဘာလို့ ခုထိ ရောက်မလာသေး လဲ မသိဘူး.."

ရန်ရှေ၏ အမူအရာမှာ မသာယာတော့ချေ။ သူမနှင့် ရှီရန်တို့မှာ အမြဲတစေ သဘောထားကွဲလွဲနေကြသူများဖြစ်သည်။ သူမ ညစ်ပတ်သည့် လှည့်ကွက်တစ်ချို့ ပြုလုပ်မည်ကို လွန်စွာ စိုးရိမ်မိနေ တော့သည်။

သူမအတွက်တော့ ပြဿနာ မရှိ သော်ငြားလည်း သူမတန်ဖိုးထားရသော တပည့်များ၏ အနာဂတ်လမ်းကြောင်းမှာ ယခုပွဲ ဖျော်ဖြေမှု အပေါ်တွင် လုံးဝ

မူတည်နေလေသည်။ ထို့ကြောင့် သူမ ရင်ဘက်ထဲမှ ဘာမှ မဖြစ်ပါစေနဲ့ဟူ၍သာ ကြိတ် ဆုတောင်းနေမိ တော့၏။

ထိုအချိန်တွင် ရန်ရွှေ အသံတစ်သံကို ကြားလိုက်ရသည်။

"ဆရာမရန်...အားလုံး အဆင်သင့် ဖြစ်နေပြီ..နောက်တစ်မိနစ်နေရင် ပွဲစမယ်နော်..."

"ဟုတ်ကဲ့ရှင့်..နားလည်ပါပြီ..."

ရန်ရွှေ ယခုသူမစိတ်ထဲတွင် ကမ္ဘာပျက်နေသကဲ့သို့ ခံစားနေရသည်။ သူမဖုန်းကိုလည်း ပွဲဖျော်ဖြေရမည်ဖြစ်သောကြောင့် တခြားနေရာ၌ ထားထား၏။ ထို့ကြောင့် လင်းရီကို ဆက်သွယ်ရန် နည်းလမ်းကလည်း မရှိချေ။

"ဆရာမရန်..အစ်ကိုရီ ရောက်လာပြီ...ဒါပေမယ့်...."

ရန်ရွှမ် ခံစားချက်များ ရှုပ်ထွေးနေတုန်း ဝမ်ရိရွှမ်တစ်ခုခု ပြောသံကို ကြားလိုက်ရ၏။

သူမ လှည့်ကြည့်လိုက်သောအခါ လင်းရီ တယောကြီး ကိုင်၍ တက်လာသည်ကို အံ့အားသင့်စွာ မြင်တွေ့လိုက်ရသည်။

လူတိုင်း ကြက်ေ-သေ-သသွားကြ၏။ သူတို့အားလုံး လင်းရီ၏ ပီယာနိုစကေးကို သိနားလည်ထားသော်လည်း ယခု ထိုသူမှာ တယောကြီးထမ်း၍ စင်ပေါ်သို့ တက်လာနေလေသည်။

ဘာလဲ..လာနှောက်နေတာလား...

မင်းက တယောကြီးထိုးတတ်လို့လားကွ..

လင်းရီကတော့ အများကြီး သိပ်မတွေးပဲ ရှိ ရန် သူ့ကို ပြောပြထားသော နေရာ၌ ဝင် ထိုင်လိုက်သည်။

သူ့ဘေးကတော့ ကျန်းဖန့်ဖေးပင်။

"ဟမ်..ညီကိုရီ...ဘာလို့ တယောကြီး ထမ်း လာတာတုန်းဟ..."

"မင်းတို့ဆရာမရှိပဲ ပြောတာလေ..တယော ကြီး ထိုးတဲ့သူက မလာနိုင်လို့ ငါက အစားဝင်ပေးရမယ်ဆို...ဝမ်ရိရှမ် တစ်ယောက်တည်းပဲ ပီယာနို ဆက်တီးမှာ တဲ့..."

"ဟမ်...."

ဖန့်ဖေး ပတ်ဝန်းကျင်ပို တစ်ချက် အကဲခတ်လိုက်ပြီး သံသယများစွာဖြင့် "ဒီမှာတော့ လူအားလုံး စုံနေတာပဲနော..ဘယ်သူမှ ပျောက်တာလည်း မမြင်မိဘူး..."

"ဟမ်...ဘယ်သူမှ ပျောက်မနေဘူးလား..."လင်းရီ အနည်းငယ် အံ့အားသင့်သွားခဲ့၏။

ရှီရှမ်းက ဘာလဲဟ..

ငါ့ကို လှည့်စားသွားတယ်ပေါ့လေ...

ဒီပွဲက သူ့အကယ်ဒမီ ကျောင်းသားတွေအတွက် အရမ်းအရေးကြီးတယ်ဆိုတာ နားမလည်တာလား...

လူတိုင်း အကြည့်ချင်း ဖလှယ်လိုက်ကြပြီး နောက် ရန်ရှေကို ကြည့်လိုက်လေသည်။

သူတို့အားလုံး ဘာတွေ ဖြစ်နေကြလဲဆိုတာ သိချင်နေကြ၏။

လင်းရှီ၏ ပီယာနိုစကေးဖြင့် ဆိုပါက ယခု လိုပွဲတွင်ဖျော်ဖြေရန် လုံးဝ ပြဿနာ မရှိပေ။ သို့သော်လည်း ယခုတော့ တယောကြီး ထမ်း၍ ရောက်လို့လား၏။

လာနောက်နေတာလား...

လူတစ်ယောက်က မည်မျှပင် ပါရမီ ထူးကဲ နေစေကာမူ တူရိယာ ပစ္စည်းနှစ်ခုလုံး၌ ကျွမ်းကျင်ပိုင်နိုင်ရန်တော့ လုံးဝ မဖြစ်နိုင်ချေ။

အကယ်၍ လင်းရီကိုသာ တယောကြီး ပေးတီးလိုက်ပါက ဖျော်ဖြေပွဲမှာ လုံးဝ ပျက်ဆီးသွားပေလိမ့်မည်။

ရန်ရှေ့မှာ ဒေါသထွက်လွန်း၍ သူမ တစ်ကိုယ်လုံး တဆတ်ဆတ် တုန်နေလေသည်။ သို့သော်လည်း အရေးကြီးသည့် အချိန်ရောက်နေသောကြောင့် သူမရင်ထဲရှိ ဒေါသကို ဖိနှိပ်ထားလိုက်ရသည်။

သူမ နောက်ကျမှ ယခုကိစ္စကို ရှီရန်နှင့် သေချာရှင်းရပေတော့မည်။

"ဆရာမရန် ...သမီးတို့ ဘယ်လိုလုပ်ကျမှာ..ခုမှ အစ်ကိုရီကိုပီယာနို ပြန်တီးဖို့ ပြော

မယ်ဆိုရင် ရယ်စရာ ကောင်းမနေဘူးလား..."ဝမ်ရိရှွမ် ပြောလိုက်လေသည်။

"မပူနဲ့..ပွဲက မစသေးဘူး.။..ငါပွဲတာဝန်ရှိသူတွေကို သွားရှင်းပြပြီးတော့ လင်းရီကိုနေရာပြန်လဲခိုင်းလိုက်မယ်......"

"အွန်း..."

သို့သောလည်း ရန်ရှွေ သွားပြောတော့မည့်အချိန်တွင် ပွဲခန်းမကြီးထဲတွင် ကျယ်လောင်သော မိုက်ခရိုဖုန်းသံ တစ်သံထွက်ပေါ်လာခဲ့သည်။

"ကြွရောက်လာကြကုန်သော ဂုဏ်သရေရှိလူကြီးမင်း ညှော့ပရိတ်သတ် အပေါင်းတို့ခင်များ ခုဆက်လက်ပြီး နားဆင်ခံစားကြည့်

ရမှာကတော့ ကျိုးဟိုင် ဒရာမာအကယ်ဒမီ ကျောင်းသား/ကျောင်းသူ လေးများရဲ့ Scherzo ထဲက G-flat major တေးသွားကိုပဲ ဖြစ်ပါတယ်ခင်ဗျာ...."

အသံမှာ ခန်းမကြီးတစ်ခုလုံးသို့ ပျံ့နှံ့သွားပြီး ရန်ရွှေနှင့် ဝမ်ရိရွှမ်တို့ကို ကြောက်ဒူးများ တုန်သွားစေခဲ့၏။

သူတို့က နေရာတောင် မချိန်းရသေးဘူးလေကွာ..ခုစနေပြီလားတဲ့...

ဘယ်လိုလုပ်ကြမလဲ...

ကလပ် ကလပ် ကလပ် (လက်ခုပ်တီးသံ)

ကြေညာခြင်း ပြီးဆုံးသွားသည့်အချိန်တွင် လက်ခုပ်သံများ ကျယ်လောက်စွာထင်

ပေါ်လာပြီး ခန်းမကြီးတစ်ခုလုံးကို တုန်ဟီး သွားစေတော့သည်။

လူတိုင်း၏ အာရုံမှာ စင်ပေါ်တွင် ရောက်ရှိ နေပြီး နောက်လာမည့် ဖျော်ဖြေ တင်ဆက်မှုကို စောင့်မျှော်နေကြတော့၏။

သို့သော်လည်း စင်ပေါ်တွင်တော့ ရန်ရှေ့ အပါဝင် လူတိုင်းနီးပါး ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်နေကြလေသည်။

လင်းရီက တယောကြီး ဘယ်လိုထိုးရမလဲဆိုတာ သိမှမသိတာ...အဲ့တော့ သူက ဘယ်လိုသွား ဖျော်ဖြေမှာလဲတဲ့...

သို့သော်လည်း...

ထိုအချိန်တွင်.

မိခင်ကမ္ဘာမြေကြီး၏ သီချင်းသံကဲ့သို့ သာယာသော တယောကြီးအသံမှာ ခန်းမ တစ်ခုလုံးသို့ ပျံ့နှံ့လာခဲ့၏။

🎼....🎼...🎼...🎼

"အဲ့တာ လင်းရီမလား..."

လင်းရီ တယောကြီးဖြင့် သာယာနာပျော် ဖွယ်ကောင်းသော ဂန္ဓဝင်တေးသွားကို တီး ခတ်သံကို ကြားသောအခါ ရန်ရွှေ ကြက်သေသေသွားခဲ့သည်။

ဝမ်ရိရှမ်နှင့် ကျန်သူများလည်း အံ့အားသင့် သွားကြ၏။

သူ....သူက တယောကြီးလည်း ထိုးတတ် သေးတာလား...

## အခန်း (၂၁၆)

တယောကြီးမှာ လင်းရီ၏ လက်ထဲတွင် တော့ အသက်ဝင်လာသည့်အသွင် ဖြစ် ပေါ်လာပြီး သုံးရက်သုံးညတိုင်တိုင် မ ဆိတ်သုဉ်းသည့် လူတို့၏ စိတ်ဝိညာဏ်ကို ပင် လှုပ်ခတ်သွားစေနိုင်သော မှော်ဝင်တေး သွားအဖြစ် ပြောင်းလဲသွားတော့သည်။

ထိုအချိန်တွင်ပဲ လူတိုင်း တယောကြီးကို တီးခတ်လိုက်သည့် လင်းရီကို သတိပြုမိ သွားကြ၏။ အချို့အမျိုးသမီးများဆိုလျင်

အချင်းချင်း အနားကပ်၍ လက်ဝါးဖြင့် အုပ်ကာ တီးတိုး ပြောနေကြလေသည်။

နောက်တန်းတွင်တော့ ဆံပင်ရှည်ရှည်နှင့် လူကြီးတစ်ဦး စတိတ်စင်ပေါ်၌ ဖျော်ဖြေတင်ဆက်နေသည့် လင်းရီကို မြင်သောအခါ သရဲသဘက် တွေ့သည့်အားလုံး ပြုံးကျယ်စွာ ကြည့်နေမိလေသည်။

မှန်၏။ ထိုသူကတော့ လင်းရီနှင့် ကျီချင်းရန်တို့ စူပါမားကတ်တွင် တွေ့ဆုံခဲ့သော အနုပညာနယ်ပယ်တွင် အလားအလာကောင်း ရှိသူများကို လိုက်လံရှာဖွေနေသည့် ပန်ဝိန် ဆိုသူပင်။

"မစ္စတာပန်က ဘာတွေများ စိတ်ဝင်တစား ကြည့်နေပါလိမ့်...စင်ပေါ်မှာ ဖျော်ဖြေနေတဲ့ သူနဲ့ သိလို့လား..."

ပြောလိုက်သူကတော ပန်ဝန်ဘေးနားတွင် ထိုင်နေသည့် ပေါ်ယွမ်မီဒီယာ အုပ်စုမှ အထွေထွေ မန်နေဂျာ ရန်ဝနိရိ ပင်။

"အင်း...ကျုပ်ရင်းနှီးနေတဲ့ သူနဲ့ တူနေလို့ သေချာကြည့်နေတာ..ဒါပေမယ့် သေချာ စဉ်းစားကြည့်တော့ သူ့အဆင့်အတန်းနဲ့ဆို ရင် ဒီလိုနေရာမျိုး လာဖို့ဆိုတာ လိုမှမလိုပဲ ကို.."

"အွန်း ကျွန်မလည်း အဲ့ကောင်လေးက အလားအလာကောင်းတယ်လို့ ခံစားမိတယ်..."

"သူ့ကို သေချာ စောင့်ကြည့်ထားနော်..ငါ သူနဲ့ စာချုပ်ချုပ်ချင်တယ်.."

"ဟုတ်ကဲ့..နားလည်ပါပြီ ဘော့စ်ရန်..."

တစ်ချိန်တည်းတွင် စတိတ်စင်ပေါ်၌ ရန်ရွှေလည်း သူမ၏ ကျိုင်းတုတ်ဖြင့် စတင်ညွှန်ပြတော့၏။

အကယ်၍ သူမသာ ယခု လိုက်မလုပ်ပါက လင်းရှီ၏ တစ်ကိုယ် တော်ဖျော်ဖြေတင်ဆက်မှု ဖြစ်သွားပေလိမ့်မည်။

ရန်ရွှေမှ စတင် တေးပြနေသည်ကို မြင်တော့ လင်းရီလည်း စိတ်သက်သာ ရသွားခဲ့၏။

ခင်များမစရင်လည်း ကျုပ်တစ်ယောက်တည်းနဲ့ တေးတစ်ပုဒ်လုံးကို တီးခတ်ရတော့မှာနော်...

ရန်ရွှေ၏ ညွှန်ကြားမှု၊ လင်းရီ၏ ဖေးမမှုတို့နှင့်အတူ သံစုံတီးဝိုင်းမှာ ကောင်းမွန်သည်ထက် ကောင်းမွန်လာပြီး လူတိုင်းကို ပါးစပ်အဟောင်းသား ဖြစ်သွားစေတော့သည်။

စင်နောက်တွင် လင်းရီတို့အား တိတ်တဆိတ် အကဲခန်နေသော ရှီရှမ်း

လည်း ၎င်းကိုမြင်တော့ ပါးစပ်မှာ O ပုံသဏ္ဍာန် ပွင့်ဟနေလေသည်။

နားပါ၍သာ ကြားနေရသည်။ ယုံတောင် မယုံနိုင်ပေ။

သူ...သူက အီရန်ဘွိုင်းပဲ မဟုတ်လား..ဘာ..ဘာလို့ ပီယာနိုကော တယောကြီးကော ကျွမ်းကျင်နေပါလိမ့် ....

ဟိုကောင်မ ရန်ရွှေကလည်း ဒီလိုငနဲကို ဘယ်နားကနေများ ရှာတွေ့ခဲ့လဲကို မသိဘူး....မုန်းဖို့ကောင်းလိုက်တာ...

လင်းရီ ဆယ်လိုကို ကျွမ်းကျင်ပိုင်နိုင်စွာ တီးခတ်နေသည်ကိုမြင်တော့ ရန်ရွှေ လုံးဝ စိတ်သက်သာရသွားခဲ့ပြီး လင်းရီကို ပါရမီ

ရှင်များကြားထဲမှ ပါရမီရှင်တစ်ပါးအဖြစ် အသိအမှတ်ပြုလိုက်လေသည်။

ဘုရားသိကြား မပေလို့ပေါ့..မဟုတ်ရင်တော့ အရှက်တွေတော့ ဖြန်းဖြန်းကွဲပါပြီဟယ်...

နာရီဝက်ကြာပြီးနောက် ဖျော်ဖြေတင်ဆက်မှုမှာ ပြီးဆုံးသွားတော့၏။

ဖျော်ဖြေနေစဉ်အတွင်း လင်းရိမှာ သူ၏ထိပ်တန်းအဆင့် စွမ်းရည်တို့ဖြင့် ပွဲကိုအတတ်နိုင်ဆုံး ထိန်းသွားပေးခဲ့သည်ကို သတိပြုမိလေသည်။ မဟုတ်ပါက သူမတပည့်များ၏ စွမ်းရည်သက်သက်ဖြင့်

ဖျော်ဖြေတင်ဆက်မှုမျှ ယခုလို ကောင်းမွန် လာလိမ့်မည် မဟုတ်ချေ။

ခြုံငုံ၍ သုံးသပ်ရမည်ဆိုပါက လင်းရီမှာ ယခုတင်ဆက်မှု ပွဲကြီးတစ်ခုလုံး၏ အဓိက အကျွခရာပင်။

ကလပ် ကလပ် ကလပ်

မိုးကြိုးပစ်ခွင်းသံကဲ့သို့ ကျယ်လောင်ဟော ဩဘာချီးမြင့်သံတို့မှာ ပွဲခန်းမ တစ်ခုလုံးကို တုန်ဟီးသွားစေ၏။

အချို့လူများဆိုလျင် အင်မတန်မှ စိတ်လှုပ်ရှားနေကြပြီး မတ်တပ်ရပ်၍ ဩဘာ လက်ခုပ် တီးကြလေသည်။ သို့နှင့် လူတိုင်း နီးပါး မတ်တပ်ရပ်လာကြတော့သည်။

ရန်ရှေလည်း နောက်သို့လှည့်၍ သူမ တပည့်များနှင့်အတူ ပရိသတ်ကို အရိုသေပေးကာ စင်နောက်သို့ ပြန်ဆင်းလာခဲ့လိုက်၏။

"အစ်ကိုရီ...ခင်များက အရမ်းပို အံ့ဩဖို့ကောင်းတာပဲဗျာ"ကျန်းဖန့်ဖေး လင်းရီကို ပွေ့ဖက်လိုက်ပြီး ပါးကို နမ်းရန် ကြိုးစားနေတော့၏။ ကံမကောင်းစွာဖြင့် လင်းရီ၏ ဆောင့်ကန်ခြင်းကို ခံလိုက်ရသည်။

သို့သော်လည်း အမှတ်သည်းခြေ မရှိသေးဘဲ တင်ပါးကို ပွတ်၍

"အစ်ကိုရီ ခင်များပါရမီကြီးက စွန်းလန်းလွန်းပါတယ်ဗျာ..ပီယာနိုတင်မက ဘူး..တယောကြီးကိုလည်း လုပ်ပြသွားတာ

နတ်ဘုရား ဝင်ပူးထားသလားပဲ အောက်မေ့ရတယ်..အစ်ကိုရီရဲ့ ဦးဆောင်မှုကြောင့်သာ မဟုတ်ရင် ကျွန်တော်တို့ ခုလို ခမ်းခမ်းနားနားကြီး အဆုံးသတ်နိုင်လိုက်မှာတောင် မဟုတ်ဘူး....."

"ဟုတ်တယ်ဗျို့...အစ်ကိုကြီးလင်းကြောင့်ပဲ..ဒီနေ့ကစပြီး အစ်ကိုကြီးရီကိုပဲ ကိုးကွယ်တော့မယ်..."

လူတိုင်း သူ့အား ချီးမွမ်းနေသည်ကို မြင်တော့ လင်းရီ ရှက်သလိုလို ဖြစ်လာပြီး "ကျုပ်က ဒီတိုင်း လုပ်သင့်လုပ်ထိုက်လာလေးပဲ လုပ်ခဲ့တာပါ ....ခမ်းခမ်းနားနားကြီး အဆုံးသတ်သွားတယ်ဆိုတာကလည်း အားလုံးရဲ့ ကြိုးပမ်းမှုတွေလဲ ပါပါ

တယ်..."လင်းရီ အပြုံးလေးဖြင့် ပြောလိုက်သည်။

"အစ်ကိုရီကလည်း နိမ့်ချနေပြန်ပါပြီ...အားလုံးက အစ်ကိုရီကြောင့်ဆိုတာ မပြောလည်း သိပါတယ်နော်..."

လင်းရီ အသာပြုံးလိုက်ပြီး ရန်ရှေကို ကြည့်ကာ "အမှန်တိုင်း ပြောရရင် ကျုပ်သာ ပီယာနိုတီးမယ်ဆို ပွဲက ပိုပြီး ခမ်းနားသွားတော့မှာ..ဒါပေမယ့် ရှီရန်လို့ခေါ်တဲ့ တစ်ယောက်က ကျုပ်ကို တယောကြီး တီးရမယ်ဆိုပဲ..ပြီးတော့ အဲ့တာကလည်း ခင်များရဲ့ အစီအစဉ်တဲ့။ ....ကျန်တာကိုတော့ ဆရာမရန် ကိုယ်တိုင်ပဲ ကိုင်တွယ်လိုက်တော့ဗျာ... "

ရန်ရှေ လေးနက်စွာဖြင့် ခေါင်းညိမ့်လိုက်ပြီး "အင်း စိတ်ချ..ငါ ဒီကိစ္စကို ဒီတိုင်း မထား ဘူး..."

"အဲ့ဒါက ခင်များရဲ့ ကိုယ်ရေးကိုယ်တာ ကိစ္စ ပါ..ကျုပ်တော့ ဝင်မပါတော့ဘူး..."လင်းရှီ ပြုံးလိုက်ပြီး "ကြယ်ငါးပွင့်ရှိဗျူးနော်..မမေ့နဲ့ ဦးဗျ..."

"မပူနဲ့..မမေ့ပါဘူးဟယ်..."

"ဟုတ်..အဲ့ဒါဆို ဒီလောက်ပါပဲဗျ သွားပါ တော့မယ်..."

ထိုသို့ပြောပြီးနောက် ထွက်သွားတော့မည့် အချိန်တွင် လင်းရှီ စင်နောက်သို့ အသက်

သုံးဆယ်အရွယ်ရှိ အမျိုးသမီး တစ်ဦး ဝင်လာသည်ကို မြင်လိုက်ရ၏။

ထိုလူကတော့ ရန်ဝန်ရီမှ လွဲ၍ တခြားသူမဟုတ်။

"အမ်...ရှင်က..."

ရန်ရွှေ လူစိမ်း ဝင်လာသည်ကို မြင်တော့ မေးလိုက်၏။

"တွေ့ရသာ ဝမ်းသာပါတယ် ဆရာမရန်..ကျွန်မ ကိုယ့်ကိုယ်ကို မိတ်ဆက်ပေးပါရစေ..ကျွန်မက ပေါ်ယွမ်မီဒီယာ အုပ်စုရဲ့ အထွေထွေ မန်နေဂျာ ရန်ဝန်ရီပါ ..ဥက္ကဌ ရန်ကွမ်းပင်းကတော့ ကျွန်မရဲ့ အဖေပေါ့ရှင်..."

ဟမ်…ပေါ်ယွမ်မီဒီယာရဲ့ အထွေထွေမန်နေဂျာ…

ရန်ဝန်ရီရ ဘယ်သူလဲဆိုတာ သိတော့ ကျောင်းသားများအားလုံး အံ့အားသင့်သွားခဲ့ကြသည်။

သူတို့အားလုံးမှာ ဒရာမာ အကယ်ဒမီမှ ကျောင်းသားများ ဖြစ်သောကြောင့် အနုပညာ၌ နာမည်ဂုဏ်သတင်းကြီးမားသည့် မီဒီယာများအားလုံးနှင့် ကြားဖူးနားဝရှိပေသည်။

ပေါ်ယွမ် မီဒီယာမှာလည်း ကျိုးဟိုင်ရှိ ထိပ်တန်း မီဒီယာ သုံးခုထဲမှ တစ်ခုဖြစ်ပြီး အကယ်၍ သူတို့သာ ထိုမီဒီယာနှင့် စာချုပ်

ချုပ်ခွင့် ရပါက အနုပညာ နယ်ပယ်ထဲသို့ ခြေလှမ်းဝက် ဝင်ရောက်ပြီး ဖြစ်သည်ဟု ပြော၍ ရ၏။

"ပေါ်ယွမ် မီဒီယာ..."

လင်းရီ ရေရွတ်လိုက်ပြီး အနည်းငယ် ရင်းနှီးနေသယောင် ခံသားမိလိုက်သည်။

မကြာမီ လင်းရီ ကျီချင်းရန်နှင့်အတူ စျေးဝယ်ထွက်စဉ်က စူပါမားကတ်တွင် တွေ့ဆုံခဲ့သည့် ပန်လောင်စန် ဆိုသူကို အမှတ်ရသွားလေသည်။

ထိုလူမှာလည်း ပေါ်ယွမ် မီဒီယာအုပ်စုမှ ဖြစ်တန်ရာ၏။

"ဟယ်လို..."

ရန်ရှေနှင့် ရန်ဝန်ရီတို့ တစ်ပြိုင်တည်း လက်ဆန့်တန်းလိုက်ကြပြီး လက်ဆွဲနှုတ်ဆက်လိုက်ကြ၏။

"ဆရာမရန်..ကျွန်မ ဘာမှ သွယ်ဝိုက်မနေတော့ဘူးနော်..ကျွန်မရှင့်ရဲ့ တယောကြိုးထိုးတဲ့ ကောင်လေးကို အတော်လေး မျက်စိကျနေလို့..အဲ့တာ သူနဲ့ သီးသန့် စကားပြောလို့ရမလား..."

လူတိုင်း ရန်ဝန်ရီ အဘယ်ကြောင့် ဤနေသို့ရောက်လာလဲဆိုတာ နားလည်သွားကြတော့သည်။ အဘယ်ကြောင်ဆိုသော် လင်းရီ၏ ရင်သပ်ရှုမောဖွယ် ဖျော်ဖြေ တင်ဆက်မှုများက သူမ၏ အမြင်ကို ဖမ်းစားသွားသည့်ဟန်ပင်။

"မရဘူး..."

လင်းရီ သာမန်လေသံဖြင့် ပြန်ပြောလိုက်ပြီး "ကျန်တဲ့သူ တွေကလည်း အကောင်းဆုံး ဖျော်ဖြေသွားခဲ့တာပဲ..ကျုပ်လို ဘာမဟုတ် တဲ့ကောင်အပေါ် အာရုံစိုက်မနေစမ်းပါနဲ့ဗျာ......"

ရန်ဝန်ရီ တစ်ခဏမျှ ကြက်သေသေသွားည ခဲ့၏။ လင်းရီ ထိုမျှ မြန်မြန်ဆန်ဆန် ငြင်းဆိုလိမ့်မည်ဟု ထင်မှတ်မထားခဲ့ချေ။

ဒရာမာ အကယ်ဒမီက ကျောင်းသားတွေ အကုန်လုံးက အနုပညာနယ်ပယ်ထဲ ဝင်ချင်လွန်းလို့ တစ်ပိုင်းေ-သနေတဲ့ သူတွေကြီး မဟုတ်ဘူးလား....ခု ဒီလောက်ကောင်းတဲ့

အခွင့်ရေးက သူ့ရှေ့ရောက်လာပြီလေ..အဲ့တာ တောင် စိတ်မဝင်စားဘူး လုပ်နေတယ်တဲ့ လား...

တစ်ခုခုတော့ တစ်ခုခုပဲ..

"ဆရာမရန်...ရှင့်တပည့်က အနုပညာ နယ်ပယ်ထဲ ဝင်ဖို့ကို စိတ်မဝင်စားဘူးတဲ့ လာ..."ဝန်ရီ မေးမြန်းလိုက်၏။

"မန်နေဂျာရန်..ဒီမှာက အပြင်လူတွေလည်း မရှိဘူး ဆိုတော့ ကျွန်မ ဘာမှ ဖုံးကွယ်မနေ တော့ဘူး.."ရန်ရှွေ ကိုးရို့ကားယားပြုံးလိုက် ပြီး "တကယ်တော့ လင်းရီက ကျွန်မတို့ ကျောင်းက မဟုတ်ဘူး..ကျွန်မရဲ့ တပည့်မ

လေးက နေမကောင်းဘူးဆိုလို့ လူရှာပြီး သူ့နေရာမှာ အစားထိုးထားတဲ့လူလေ..."

ဝန်ရီ သဘောပေါက် ဟန်ဖြင့် ခေါင်းညိမ့်လိုက်ပြီး "အင်း အဲ့လိုကိုး....အဲ့တော့ သူက ဘယ်သူလဲတဲ့...."

"သူက အီရန်ဘွိုင်း..."

"ဘာ...."

ဝန်ရီ၏ အမူအရာမှာ အံ့အားသင့်မှုနဲ့ ရယ်စရာကောင်းသည့် ပြက်လုံးကို တစ်ပြိုင်တည်း ကြားလိုက်ရသကဲ့သို့ ဖြစ်သွားပြီး "ဆရာမရန် ရှင်ဘာပြောလိုက်တယ်...သူ...သူက အီရန်ဘွိုင်း..."

ရန်ရွှေ ခေါင်းအသာညိမ့်လိုက်သည်။ သူမ ယခုကဲ့သို့ တုန့်ပြန်မည်ကြို မျှော်လင့်ထားပြီး ဖြစ်၏။

"သူက တကယ်ကြီး အီရန်ဘွိုင်းပဲ..တစ်ရာရာခိုင်းနှုန်းစစ်..လုံးဝ ရေမရောဘူး.."

ဝန်ရိုကတော့ ငိုရအခက် ရယ်ရအခက် ဖြစ်နေလေသည်။

"ဒီလောက် ပါရမီကောင်းတဲ့ သူက အီရန်ဘွိုင်းလုပ်နေတယ်တဲ့လား..ဘယ်လောက်တောင် နှမြောဖို့ကောင်းလိုက်လဲ..."

"အွန့်..ကျွန်မလဲ အဲ့လိုပဲ တွေးနေတာ.."ရန်ရွှေ ပြောလိုက်ပြီး "ကျွန်မ သူ့ကို ကျောင်းမှာ နည်းပြလုပ်ပေးဖို့တောင် တောင်းဆိုခဲ့

သေးတယ်..ဒါပေမယ့် သူက သဘောမတူဘူးလေ..."

"အမ်..သူက ဘာလို့ သဘောမတူတာ..."

"သူက လွတ်လွတ်လပ်လပ်ပဲနေချင်တာတဲ့..."

ဝန်ရီ ကျယ်လောင်စွာ ရယ်မောလိုက်တော့သည်။

ဒီအီရန်ဘွိုင်းက သူ့ကိုယ်ပိုင် အမူအကျင့်တော့ ရှိသားပဲ..

"ကဲ ...ခင်များတို့ နှစ်ယောက် ဆက်ပြော နေလိုက်ကြတော့..ကျုပ် လစ်တော့မယ်..."

လင်းရိ သူ့အား ငှားပေးထားသည့် ဝတ်စုံကို ချွတ်လိုက်ပြီး ထွက်သွားရန် ဟန်ပြင်လိုက်သည်။

လင်းရိ ထွက်လာခဲ့ပြီးနောက် မကြာမီ ရန်ရှေတို့ နောက်မှ အပြေးကလေး လိုက်ခဲ့ကြ၏။

"မစ္စတာလင်း..ခဏလောက် စောင့်ပါဦးရှင်..."

ဝန်ရှီ၏ အသံကို ကြားတော့ လင်းရိ ရပ်တန့်ပေးလိုက်၏။

"ဘာကိစ္စ ရှိလို့လဲ..ကျွန်တော် အနုပညာနယ်ပယ်ထဲ မဝင်ချင်ဘူးလို့ ပြောထားပြီးပြီ

လေဗျာ..ကျုပ်က စာချုပ်နဲ့ ချုပ်နှောင်ခံရ တာတွေကို သဘောမတွေ့ဘူးဗျ....."

"မဟုတ်ပါဘူး..ကျွန်မ ရှင့်ကို အနုပညာ နယ်ပယ်ထဲ ဝင်ဖို့ လာပြောတာ မဟုတ်ပါ ဘူး..တခြား ကိစ္စပြောဖို့ လာခဲ့တာ..."

"ဘာများလဲ..."

ရန်ဝေရီ သူမ ဆံပင်ကို နားသယ်နောက်သို့ သပ်လိုက်ပြီး "တစ်လ ယွမ် ၂သိန်းပေးမယ် ...ခုကစပြီး ကျွန်မနောက် လိုက်ခဲ့လိုက် တော့..."

# အခန်း (၂၁၇)

"ဘာလဲ ..ကျုပ်ကို ငှားချင်နေတာလား.."လင်းရီ မေးလိုက်၏။

"အမှန်ပဲ..ငါပြောချင်တာလည်း အဲ့ဒီသဘောပဲ.."ဝန်ရီ သွယ်ဝိုက်မနေတော့။

"တကယ်တော့နင့်ကို ပေါ်ယွမ် မီဒီယာဆီခေါ်ချင်တာက နင့်ရဲ့ အရည်အချင်းအပြင်ရုပ်ရည်လေးမဆိုးတာလည်းပါ

တယ်...ဘယ်လိုလဲ..သေချာ စဉ်းစားနော်..."

ဝန်ရီ ဂုဏ်ဆာနေသည့် လေသံဖြင့် မေးလိုက်၏။

လင်းရီ အသာပြုံး၍ "ခင်များလို တည့်တိုးဆန်တဲ့ လူမျိုးကို ခုမှ ပထမဆုံး မြင်ဖူးတာ

ပဲ..ပြီးတော့ ကျုပ်နဲ့ ကီကိုက်မယ်လို့လည်း သိပ်မခံစားရဘူး.."

"အယ် ဘာများ ထူးဆန်းနေလို့..အနုပညာ နယ်ပယ်က ဒီတိုင်းပဲလေ..ရုပ်လေးချောရင်ကို စပွန်ဆာက အေးဆေးပဲ..."

"နင့်ကို ပြောပြရမှာ မရှက်ပါဘူး..ငါတို့ ကုမ္ပဏီက လူသစ်လေးတွေ အကုန်လုံးကို ဆွဲစားပြီးသားပဲ.ငါတစ်ချက်ခေါ်လိုက်တာနဲ့ သူတို့အားလုံး ဟိုတယ်မှာ စောင့်နေကြမှာ..ဒါပေမယ့် နင်ကတော့ ငါ အရင်ဆုံး ကမ်းလှမ်းရတဲ့လူပေါ့..."ဝန်ရီ ဂုဏ်ယူနေရမည့်အရာတစ်ခုအလား ပြောလိုက်လေသည်။

"ကျုပ်လို သောက်ချောကြီးက တစ်လမှ ယွမ် ၂ သိန်း ရတယ်ဆိုတော့ မနည်းလွန်း ဘူးလား..."လင်းရိ မေးလိုက်၏။

"သိသားပဲ..ဘယ်သူကမှ လွတ်လပ်တာကို မကြိုက်ကြဘူး..ဘာလို့ဆို ပိုက်ဆံ မရှိကြ လို့လေ.."ဝန်ရိ ယုံကြည်ချက်အပြည့်ဖြင့် ပြောလိုက်လေသည်။

"ဒီလိုဆိုရင်ကော ..နင့်ကို ယွမ် ၄ သိန်းပေး မယ်ဟာ..ပြီးတော့ နင်အတွက် ယွမ်ပေါ် မီဒီယာ အုပ်စုမှာလည်း နေရာတစ်နေရာ ချန် ထားပေးမယ်...ငါမရှိတဲ့ချိန် နင့်ဘာနင် ဘယ် မင်းသမီးနဲ့ ခြေရှုပ်ရှုပ် စိတ်မဝင်စားဘူး..."

"ဟက်...ခင်များပေးတဲ့ တစ်လ ၄ သိန်းက ကျုပ်ရဲ့ ကားခတောင် မရှိဘူး.."လင်းရီ အပြုံးလေးဖြင့် ပြောလိုက်ပြီး "ကျုပ်မျက်စိရှေ့ကနေ ထွက်သွားလိုက်တော့..မဟုတ်ရင် ကိုယ့်သောက်ရှက်ကိုယ် ခွဲသလို ဖြစ်နေဦးမယ်..."

"ဘာ....."ဝန်ရီ ချက်ချင်းဆိုသလို ဒေါသထွက်သွားပြီး "နင့်လိုဘာမဟုတ်တဲ့ကောင်ကများ ငါ့ကို အဲ့လိုပြောဝံ့တယ်ပေါ့လေ..."

"ဒါကျုပ် အယဉ်ကျေးဆုံး ပြောနေတာ..."

"နင်...."

"ဘောစ်ရန်..."

ဝန်ရှိ သူမ ဒေါသကြောင့် အသိစိတ်ပျောက်တော့မည့် အချိတ်တွက် နောက်မှ တစ်ယောက်ယောက် လှမ်းခေါ်သံကို ကြားလိုက်ရသည်။

ထိုလူကတော့ ပန်လောင်စန်းပင်။

"နင်ရောက်လာတာ အတော်ပဲ..ဒီ ကျက်သရေတုံးကောင်ကြီးကို ကျွန်မမျက်စိကနေ ခေါ်သွားပေးစမ်းပါ..မြင် နေရတာ အော်ဂလီဆန်လွန်းလို့..."

"လင်းရှီ..."ပန်လောင်စန်း လင်းရှီကို ပထမ တစ်ခေါက် မြင်စဉ်အခါတုန်းက သိပ်မသေချာခဲ့။

မည်သို့သော ဒုတိယမျိုးဆက် သခင်လေးမှ ယခုလို အပေါ်စား ဖျော်ဖြေပွဲ၌ လာရောက် ဖျော်ဖြေလိမ့်မည်နည်း။

ထို့ကြောင့် သေချာစေရန် ပွဲပြီးသည်အထိ စောင့်ပြီး လင်းရီကို အနီးကပ်ကြည့်ရန် ရန်ဝန်ရီနောက်သို့ လိုက်လာခဲ့ခြင်းဖြစ်၏။

သေချာအနီးကပ်ကြည့်တော့မှပဲ ထိုသူမှာ သူသိသော ချမ်းသာသည့် ဒုတိယမျိုးဆက် သခင်လေး ဖြစ်နေကြောင်း သေချာသွားတော့သည်။

"ဒီမှာလာဆုံတယ်ဆိုတော့ ဘယ်လောက် တောင် တိုက်ဆိုင်လိုက်သလဲနော်..."

လင်းရီ ပန်းလောင်စန်းအား အပြုံးလေးဖြင့် ကြည့်၍ ပြောလိုက်လေသည်။

ရန်ဝန်ရီ အနည်းငယ် အံ့အားသင့်သွားခဲ့ပြီး "ရှင်တို့ နှစ်ယောက်က အချင်းချင်း သိကြတယ်ပေါ့.."

ပန်းလောင်စန်း ကိုးရို့ကားယား ဖြစ်သွားခဲ့ပြီး "သိပ်ပြီးလည်း မရင်းနှီးပါဘူး..ဒါပေမယ့် ကျွန်တော်တို့ တော်သင့်ပြီ ထင်တယ်..."

"ဘာကို တော်ရမှာ..."

ရန်ဝန်ရီ၏ မျက်နှာမှာ ရေခဲတမျှ အေးစက်နေပြီး "ပန်လောင်စန်း ရှင်က ကျွန်မတို့ မီဒီယာရဲ့ စီနီယာ ဝန်ထမ်းနော်....သူ...သူကျွန်မ

ကို ဒီလောက်စော်ကားထားတာတောင်မှ တော်ပေးရမယ်ဆိုတော့ .ကျွန်မရဲ့ ဂုဏ်သိက္ခာက တန်ဖိုး မရှိတော့ဘူးလား ပြော..."

"ဘော့စ်ရန်..ကျုပ်ပြောချင်တာ အဲ့ဒီ ဂုဏ်သိက္ခာတွေကို ဆိုလိုချင်နေတာ မဟုတ်ဘူး..ကျုပ်ပြောချင်တာက ဒီလူပဲ..သူ့ကို ကျွန်တော်တို့ အပြစ်ပြုမိလို့ မရဘူး.."

"သူ့ကို အပြစ်ပြုလို့မရဘူး.."ရန်ဝန်ရီ နှာခေါင်းရှုံ့လိုက်ပြီး "အဲ့ကောင်က ဒီတိုင်း အီရန်ဘွိုင်းပဲလေ..ဘာလဲ ခုက အီရန်ဘွိုင်း ကိုတောင်မှ အပြစ်ပြုလို့မရတဲ့ ခေတ် ရောက်နေပြီလား..."

"အီရန်ဘွိုင်း..."

ပန်လောင်စန်း ကြက်သေသေသွားခဲ့ပြီး "သူ ဘယ်သူလဲဆိုတာတော့ ကျွန်တော်လည်း သေချာမသိဘူး..ဒါပေမယ့်သူ့ရဲ့ တခြား ပိုင်ဆိုင်မှုတွေ မပါသေးဘူး..ကတ်ထဲမှာရှိတဲ့ ငွေသားသက်သက်ကိုက ၁.၅ ဘီလီယမ် လောက် ရှိတယ်နော်...အဲ့လောက်ပမာဏက ကျွန်တော်တို့ ပေါ်ယွမ်မီဒီယာကုမ္ပဏီ တောင်မှ စွမ်းသာတဲ့ အရာမဟုတ်ဘူး.."

"ဘာပြောလိုက်တယ်...ငွေသားသက်သက် ကို ၁.၅ ဘီလီယမ်..."

"အမှန်ပဲ..ကျွန်တော့် မျက်လုံးကြီးနဲ့ တပ်အပ်ကို မြင်ခဲ့တာ..."

ရန်ဝန်ရီ ကြက်သေသေသွားခဲ့ပြီး အမူအရာမှာ စောနကလောက် ယုံကြည်ချက်များ ပြည့်ဝမနေတော့ချေ။ အနည်းငယ်ပင် ကိုးရိုု့ ကားယား ဖြစ်သည့်အမူအရာ ပေါ်နေလေသည်။

ပန်လောင်စန်းမှာ သူမကို ညာလိမ့်မည် မဟုတ်ကြောင်း သေချာ၏။

ထိုသို့ ဆိုပါက လင်းရီမှာ ချမ်းသာသည့် ဒုတိယမျိုးဆက် သခင်လေး တစ်ယောက် ဖြစ်ကြောင်း သေချာသလောက်ရှိပေသည်။

ေ-သစမ်း..ဒီကောင်က ကျားအသားစား ချင်လို့ ဝက်ယောက်ဆောင်ထားတာပဲဟ...,

"မစ္စတာလင်း..စိတ်မရှိပါနဲ့နော်..ကျွန်မဘက်က နည်းနည်းလေး ရိုင်းပြသလို ဖြစ်သွားတယ်.."ရန်ဝန်ရီ ထပ်ခါထပ်ခါ ဦးညွှတ်လိုက်ပြီး တောင်းပန်လိုက်တော့၏။ သူမထိုအကြောင်း စဉ်းစားလေ ပိုပြီး အရှက်ရလေ ဖြစ်နေပြီး ကျွင်းတူး၍ပင် ပုန်းအောင်းချင်နေတော့၏။

သူမလက်ထဲတွင်ရှိသည့်ငွေသားမှာ အများဆုံး ၂၀ မီလီယမ်လောက်သာ ရှိ၏။ သို့သော်လည်း သူမအရှေ့ရှိ လူမှာတော့ ငွေသားကြီးသပ်သပ် ၁.၅ ဘီလီယမ်တောင် ပိုင်ဆိုင်ထားသူ ဖြစ်လေသည်။

နှစ်ယောက်စလုံး၏ ကွာခြားမှုမှာ ကြီးမား လွန်းလှပြီး တူညီသော အဆင့်တစ်ခု၌ပင် ရှိ မနေချေ။

"ခင်များ အဲ့လောက်တာနေရင်လည်း သခွား သီးတွေ ဝယ်ထားလိုက် .."လင်းရီ ပြုံးလိုက် ပြီး "ညလိုရင် သုံးလို့ရသလို ဆာတဲ့ချိန် လည်း စားလို့ရတာပေါ့..တစ်ချက်ခုတ် နှစ် ချက်ပြတ်ပဲလေ..ဘယ်လောက် ကောင်း လိုက်လဲ.."

"ဟုတ် ဟုတ် .. ခုလို အကြံပေးတဲ့ အတွက် မစ္စတာလင်းကို ကျေးဇူးတင်ပါတယ်နော်"

အကယ်၍ တစ်စုံတစ်ယောက်သာ ထို စကားမျိုး ပြောလာပါက နေရာမှတင် ပါး

ကျိုးပြီးဖြစ်လောက်၏။ သို့သော်လည်း သူမရှေ့၌ ရပ်နေသူမှတော့ စူပါ့စူပါ သူဌေးကြီး ဖြစ်နေလေသည်။ ထိုသို့သော သူမျိုးကို အပြစ်ပြုမိပါက မနက်ဖြန်ဆိုလျှင် သူမအဖေ ကုမ္ပဏီမှာ ဒေဝါလီ ခံသွားရလောက်၏။

အထက်ဖားအောက်ဖိမှာ အနုပညာနယ်ပယ်တွင် လွန်စွာ တွင်ကျယ်သည်။ ထို့ကြောင့် သူမထက် သန်မာသည့်သူရှေ့၌ ရိုကျိုးစွာနေပြရမည်မှန်း ကောင်းကောင်းနားလည်၏။ အကယ်၍ ထိုသဘောတရားကိုသာ နားမလည်ပါက မည်သည့်နေရာကအသက်ပျောက်သွားမှန်းတောင် မသိလိုက်ဖြစ်သွားပေလိမ့်မည်။

လင်းရီကတော့ အာရုံထားမနေပဲ အိတ်ကပ်ထဲရှိ ကားသော့ကို နှိပ်လိုက်သည်။ ထိုအခါ Koenigsegg Rs ၏ ကားတံခါးများ ပွင့်ဟလာပြီး ဝန်ရီနှင့် ပန်လောင်စန်းတို့၏ အကြည့်အောက်တွင် ထိုနေရာမှ ထွက်လာခဲ့လိုက်၏။

ထိုမြင်ကွင်းက ဝန်ရီကြို ပိုပြီး ကြောက်ဒူးတုန်သွားစေ တော့သည်။ အကယ်၍ ပန်လောင်စန်းသာ အချိန်မှီရောက်မလာပါက သူမ စူပါသူဌေးကြီးကို အပြစ်ပြုပြီးလောက်၏။

ကားဖြင့် ထွက်လာပြီးနောက် မကြာမီ ရန်ရွှေမှ ကြယ်ငါးပွင့်ရီဗျူး ပေးထားကြောင်း

ရီဗျူး တက်လာခဲ့ပြီး မကြာမီ ရန်ရှေ့ထံမှ ဖုန်းခေါ်ဆိုလာခဲ့လေသည်။

"ကြယ်ငါးပွင့် ပေးလိုက်တယ်နော်..ရတယ်မလား..."

"ဟုတ် ရပါတယ်..အချိန်ကိုက်ပဲနော်.."

"နင်က အများကြီး ကူညီပေးထားတာလေ..ချက်ချင်း ရီဗျူး မပေးရင် ငါ့ဘက်က လွန်ရာကျမှာပေါ့လို့.."

ရန်ရှေ့ ပြောလိုက်ပြီး "စကားမစပ် နင်ဒီညအားလား..ကျေးဇူးတင်တဲ့အနေနဲ့ ထမင တစ်နပ်လောက် ကျွေးချက်လို့.."

"တော်ပါဗျာ..လက်ထပ်ပြီးတဲ့ အိမ်ထောင်ရှင်မက ကျွန်တော့်လို ငယ်ငယ်ချောချော

စင်ဂယ်ကောင်လေးကို ထမင်းဖိတ်ကျွေးနေ
တယ်ဆိုတော့ သူများတွေသိရင်လူကြားမ
ကောင်း သူကြားမကောင်းကြီးတွေ ဖြစ်ကုန်
ဦးမယ်..ေနာက်ပြီး ခင်များ ယောကျ်ားသာ
သိရင်လည်း ကျွန်တော့်ကို ေ-သအောင်
ရိုက်-သ-တ်နေမှဖြင့်...."

"ဘာတွေ လာပြောနေတာလဲ.."ရန်ရွှေ
ရယ်မောလိုက်ပြီး "ငါ့ယောကျ်ားက အလုပ်
ခရီးသွားနေတာလေ...."

လင်းရီး"....."

ထင်ထားတဲ့အတိုင်းပဲ..လက်ထပ်ပြီးတဲ့
အမျိုးသားတွေက အတော်လေး အလုပ်
ခရီးသွားရတာ ကြိုက်ကြတာပဲ...

"ခင်များ ယောက်ျား မရှိဘူးဆိုလည်း သားရှိသေးတယ်မဟုတ်လား..."

"ငါ့သားကလည်း သူ့အဘွားအိမ်မှာလေ.."

လင်းရီ :"....."

သားကလည်း အဘွားအိမ်သွားရတာကြိုက်တာပဲလားဟ...

"ဒီနေ့တော့ မအားသေးဘူးဗျာ..လုပ်စရာလေးတွေ ရှိနေသေးလို့.."လင်းရီ ပြောလိုက်ပြီး "နောက်နေ့မှပဲ ဆက်ပြောကြတာပေါ့.."

"အိုကေ..."

ဖုန်းချပြီးနောက် လင်းရီ မှာ အတော်လေး အလျင်လိုနေလေသည်။

ထိုဆရာမလေး ရန်ရွှေ၏ ချိုမြိန်သောအသံနှင့် ဆက်စီဆန်သော ကိုယ်လုံးကိုယ်ပေါက်မှာ ပုရိသယောကျ်ားတို့အတွက် အင်မတန်မှ ထိန်းချုပ်ရခက်လွန်းလှ၏။

လင်းရီ မစ်ရှင်ပြီးမြောက်နှုန်းကို ကြည့်သောအခါ (၁၆/၂၀)ဖြစ်နေပြီး အန္တိမ ဆုလဒ်ဆောင်ကို ရရှိရန် ခြေတစ်လှမ်း နီးကပ်လို့လာ၏။

သို့ဖြင့် အော်ဒါများ ဆက်လက်လက်ခံလိုက်သည်။

ကလင် ကလင် ကလင်

ထိုအချိန် လင်းရီ ဖုန်းသံ မြည်လာခဲ့၏။ ဟော်ယွမ်ယွမ်ထံမှပင်။

"အေး ဘာတုန်း.."

"ကျွန်မ Cisco နဲ့ ပတ်သက်ပြီးတော့ သတင်းအသစ်တွေရထားတယ်..အဲ့တာ ဘော့စ်ကို တင်ပြချင်လို့.."ဟော်ယွမ်ယွမ်မှ ပြောလိုက်သည်။

"ကုမ္ပဏီနားမှာ စီချွမ် စားသောက်ဆိုင်ရှိတယ်မလား..နေ့လည်လည်း ရောက်နေပြီဆိုတော့ အဲ့မှာ ပြောကြတာပေါ့.."

လင်းရှီ ပြောလိုက်ပြီး "ဆယ်မိနစ်အတွင်း ကုမ္ပဏီကို ရောက်မယ်..."

"ခစ်ခစ်..."

လင်းရီ အေးခဲသွားသည်။ ငါက နေ့လည်စာ ကျွေးမလို့လေကွာ..အဲ့တာကို ဘာတွေ ရယ်စရာ ပါလို့တုန်းဟ..

"အစ်ကိုချီ တွေ့တယ်မလား..ညီမ ဘော့စ် လင်းကို ပြောလိုက်ရင် နေ့လည်စာ အလကား ကုန်းဆင်းလို့ရပါတယ်ဆိုနေမှ..."လင်းရီ ဟော်ယွမ်ယွမ်၏ ဂုဏ်ယူနေသည့် လေသံကို ဖုန်းထဲမှ တစ်ဆင့်ကြားလိုက်ရ၏။

လင်းရီ : "...."

ေ-သစမ်း ဒီကလေးမတော့ သူကို တစ်ပတ်ရိုက်သွားပြီ...

ဖုန်းချပြီးနောက် လင်းရီ ဟော်ယွမ်ယွမ်တို့နှင့် တွေ့ဆုံရန် ကုမ္ပဏီနားရှိ စီချွမ် စားသောက်ဆိုင်သို့ မောင်းလာခဲ့လိုက်၏။

စားသောက်ဆိုင်တွင်တော့ သုံးယောက်သား သီးသန့်ခန်း ယူလိုက်ကြပြီး စီချွမ်ဒေသ အစားစာတစ်ချို့ မှာလိုက်သည်။

"Cisco ဘက်က ဘာတွေ ထူးနေပြီလဲတဲ့.."

"Cisco မှာရှိတဲ့ ကျွန်မ အဆက်အသွယ်ဆီကနေ ကြားတာတော့ Cisco ရဲ့ ဘတ်ဂျက်က မြင့်တက်နေပြီဆိုပဲ....."

ဟော်ယွမ်ယွမ် ပြောလိုက်ပြီး "ပြီးတော့ အားလုံး ချောချောမွေ့မွေ့ပဲတဲ့..."

"သာမန်ပါပဲ.."လင်းရီ ထူးမခြားနားစွာ ပြော လိုက်ပြီး "ချစ်ပ်ဗားရှင်း ၁.၀ ရဲ့နည်းပညာနဲ့ ဆိုရင် ဘတ်ဂျက်ရဖို့က ဒီတိုင်း ပြောလိုက် ရင်ကို အဆင်ပြေနေပြီ ..ရင်းနှီးမြှုပ်နှံသူက တွေက ရက်ရက်ရောရောကြီးကို ရောက်လာကြမှာ.."

"အဲ့တာထက်ကို Cisco က တစ်ခြား ချစ်ပ် ထုတ်လုပ်တဲ့ စက်ရုံတွေနဲ့ အလုပ်သမား စာချုပ် ချုပ်ဆိုနေပါတယ်ဘော့စ်."ချီရှန်း ကျောက် ပြောလိုက်လေသည်။

"ဒီလူတွေ အကွက်ရွှေ့တာတော့ မြန်သား ပဲ.."လင်းရီ ပြောလိုက်ပြီး "အော်ဒါမြန်မြန် ပြီးဖို့ အဘက်ဘက်ကနေကို တွယ်နေတော့ ပါလားဟ.. "

ချီရှန်းကျောက် ခေါင်းညိမ့်လိုက်ပြီး "ဟုတ်တယ်ဘော့စ်..ဘာပဲပြောပြော အဲ့လိုလုပ်မှပဲ အမြန်ပြီးတော့မှာလေ..."

"ကဲ....Cisco က ပိုက်ဆံတွေ ရှာနေပြီဆိုတော့ ငါတို့လည်း စကြရအောင်..."

လင်းရှီ ယုတ်မာတော့မည့် အပြုံးကြီးဖြင့် ပြောလိုက်သည်။

"ဘယ်လိုလုပ်မှာလဲ..."ဟော်ယွမ်ယွမ်မှ စူးစမ်းချင်နေသော အကြည့်များဖြင့် မေးမြန်းလိုက်၏။

"တစ်ယောက်တည်းတော့ လုပ်လို့မရဘူး..ဒီအသားတစ်ကြီးက ကြီးလွန်းတော့ မင်းရဲ့ မမကျီနဲ့အတူ ဝေစားမှရတော့မှာ....."

# အခန်း (၂၁၈)

လင်းရီ ဖုန်းထုတ်လိုက်ပြီး ကျီချင်းရန်ထံ မက်ဆေ့ချ်ပို့လိုက်၏။

စက္ကန့်အနည်းငယ်ကြာပြီးနောက် ဗွီဒီယိုကော ခေါ်ဆိုမှုမှာ ဝင်ရောက်လာခဲ့လေသည်။

ကျီချင်းရန်ကတော့ ထုံစံအတိုင်း မိတ်ကပ်ကို လှပသိမ်မွေ့စွာ ခြယ်သထားပြီး ဆံပင်ကိုလည်း သူမဦးခေါင်းနောက်၌ ချည်

ထား၏။ ယင်းက သူမအား ထက်မြက်သည့် မိန်းမသားအသွင်ကို ခံစားရစေလေသည်။

"ချင်းရန် စားပြီးပြီလား..."လင်းရီ မေး လိုက်၏။

"ဟင့်အင်း စားရသေးဘူး..ဒီနေ့ စားချင်စိတ် သိပ်မရှိသေးလို့...နောက်မှပဲ စားတော့ မယ်..."ကျီချင်းရန် ဖုန်းထဲမှ ပြောလိုက်လေ သည်။

"ထူးထူးဆန်းဆန်း စာတွေ ပို့နေလို့ ..ဘာလဲ ...ကိစ္စရှိလို့လား..."

"ဘာမှထွေထူးတော့ မဟုတ်ပါဘူးကွာ..မင်း ကို ခုငါဘာတွေစားနေလဲဆိုတာ ပြောပြချင် လို့.."လင်းရီ အပြုံးလေးဖြင့် ပြောလိုက်၏။

လင်းရီ ကင်မရာကို စားပွဲပေါ် ရှိ ဟင်းပွဲများဆီသို့ ချိန်ထားလိုက်ပြီး "ဒါကျတော့ ငါးကင်...ဒါကျတော့ အရိုပ်အမဲသား...ဒါကျတော့ ပရုပ်လက်ဖက်ရည်နဲ့ နှပ်ထားတဲ့ဘဲ...နောက်ပြီး ဒါကျတော့...."

"လင်းရီ....."

ကျီချင်းရန် ရုတ်တရက် သူမအသံကို မြင့်လိုက်ပြီး "နင်ေ-သချင်လို့လား..ငါ့ကို လာဆွနေတယ်ပေါ့..."

"ဟမ်...ဘာကိုလာဆွရမှာလဲဟ...ငါဘာစားမေလဲဆိုတာ မင်းသိအောင် ပြချင်လို့ပဲလေကွာ..အဲ့တာမှ မင်းစိုးရိမ်စရာမလိုမှာ..ငါ

အချိန်မှန်မှန် ထမင်းစားတယ်သိလား ဘာမှ မပူနဲ့"

"နင့်ဟာနင် စားချင်စား မစားချင်နေ...ကိုယ့်ဘာကိုယ်တောင် မအားလို့ မစားရသေးပါဘူးဆိုနေ..နင့်ကို ဘယ်သူက အားယားပြီး စိတ်ပူနေမှာ..."

လင်းရီ ရယ်မောလိုက်ပြီး "ငါ့မှာ မင်းကို အကြီးကြီးထောသွားစေမည့် ပလန်တစ်ခုရှိတယ်..ဘယ်လိုလဲ..စိတ်ဝင်စားလား.."

"ဘာပလန်လဲ..."ကျိချင်းရန် သိချင်စိတ်ပြင်းပြနေဟန်ဖြင့် မေးလိုက်သည်။

"မင်းအတွက်သေချာပေါက် အကျိုးမြတ်ရစေမယ့် ပလန်ပေါ့ကွ..."

"ရတယ်လေ..အဲ့တာက ရင်းနှီးမြှုပ်နှံရေး လား ..ဒါမှမဟုတ် ပရောဂျက် တိုးချဲ့တာ လား.. "

"ရင်းနှီးမြှုပ်နှံတာ..."

စီးပွားရေးကိစ္စ ပြောနေသည့် အချိန်တွင် တော့ ကျီချင်းရန်၏ အမူအရာမှာ တည်တံ့ လာခဲ့ပြီး "ဘယ်လိုမျိုးလဲ..နင်က ဘယ် ကုမ္ပဏီမှာ ရင်းနှီး မြှုပ်နှံမှာ...."

"Cisco......"လင်းရီ ပြောလိုက်ပြီး "ခု ချောင် ရန်ရဲ့ အသားတင်ငွေကြေးပမာဏက ဘယ်လောက်ရှိလဲ.."

"၂၀၀ မီလီယမ်လောက်ပေါ့..ဒါပေမယ့် လောလောဆယ် ၁၄၈ မီလီယမ်တန် ပရော

ဂျက် တစ်ခု လုပ်နေတယ် လေ... ဆိုတော့ ၅၂ မီလီယမ်လောက်ပဲ ထုတ်ပေးနိုင်မှာ..."

"ကောင်းပြီလေ..ငါအားရင် ယွမ်ယွမ်ကို ၄၈ မီလီယမ်ပို့ခိုင်းလိုက်မယ်...၁၀၀ မီလီယမ် ရတာနဲ့ Cisco ဆီ သွားကြတာပေါ့... "

"အွန်း..နင့်သဘောပဲလေ..ပိုက်ဆံပြည့်တာနဲ့ အကောင်ထည်စဖော်ကြတာပေါ့..."

"ယွမ်ယွမ် နဲ့ ချီရှန်းကျောက်ကို မင်းကိုယ်စား ကိုင်တွယ်ခိုင်းလိုက်..သူတို့ကခု သရုပ်ဆောင်တဲ့နေရာမှာ ပရော်ဖက်ရှင်နယ် အဆင့်တွေ ဖြစ်ကုန်ပြီ...မင်းဘာမင်း ကိုယ်တွယ်မယ်ဆို ဖော်ထုတ်ဖို့ရာက တအား လွယ်ကူလွန်းတယ်..."

"အမ်...နင်တို့သုံးယောက်က ဘာတွေ တိုးတိုးတိတ်တိတ် လုပ်နေကြတာ...ဘာလို့ အဲ့လောက်ထိ ဆန်းကြယ်တဲ့ ပုံစံကြီးတွေ လုပ်နေကြတာလဲ..."ကျိချင်းရန် လင်းရှီကို ကြည့်ပြီး မေးမြန်းလိုက်သည်။

"ဘာလဲဆိုတာ မမေးနဲ့ဦး..အိမ်မှာ နေပြီး ပိုက်ဆံသိမ်းဖို့သာ ပြင်ထားလိုက်တော့..."

"အင်းပါ...နင်ပြောတဲ့ အတိုင်းပဲပေါ့..."

အလုပ်ကိစ္စပြောပြီးနောက် လင်းရှီ ဖုန်း တန်းချလိုက်သည်။

"ဘော့စ်..ရှင်က Cisco ကို လိမ်ချင်တယ်ဆို ရင်လည်း ဘာလို့ ပိုပြီး မရင်းနှီးလိုက် တာ..."ဟော်ယွမ်ယွမ်မေးလိုက်ပြီး "ပိုက်ဆံ

အများကြီးနဲ့ တစ်ခါတည်း ရိုက်-သတ်လိုက်တာက ပြီမကောင်းဘူးလား..."

"မဟုတ်ဘူး.."လင်းရီပြောလိုက်ပြီး "ချောင်ရန် အုပ်စုဆိုတာက ပရော်ဖက်ရှင်နယ်ဆန်ဆန် ရင်းနှီးမြှုပ်နှံပြီး စျေးကွက်ကစားနေတဲ့ သူတွေ မဟုတ်ဘူး..ငါက Cisco ကို ချောင်ရန် အုပ်စုကလည်း သူတို့ချစ်ပ်ကို စိတ်ဝင်စားနေတယ်လို့ ထင်ယောင်ထင်မှားဖြစ်အောင် လုပ်ချင်နေတာ...တစ်ချိန်တည်း လေညွှန်ရာယိမ်းတဲ့ ဝါးပင်လိုပေါ့..."

"လေညွှန်ရာယိမ်တယ်..."

"ခု Cisco မှာ ရင်းနှီး မြှုပ်နှံချင်တဲ့သူတွေ အားလုံးနီးပါးက ရင်းနှီးမြှုပ်နှံတဲ့ ကုမ္ပဏီ

တွေကြီးပဲ...ချောင်ရန်အုပ်စုကလည်း ဝင်ပါလာပြီဆိုရင် အဲ့တာက သူတို့ ချစ်ပ်ကို တခြားနယ်ပယ်က လူတွေပါ စိတ်ဝင်စားနေတဲ့ ပုံစံ ပေါက်သွားစေတယ်လေ..."

လင်းရဲ နှစ်ယောက်လုံးကို သိမ်းကျုံးကြည့်လိုက်ပြီး "နောက်ထပ် ဘာဖြစ်မလဲဆိုတာတော့ ဆက်ပြောဖို့ မလိုတော့ဘူးမလား.."

ချိရှန်းကျောက် ခေတ္တခဏမျှ တွေးတောလိုက်ပြီး "ဘော့စ်ဆိုလိုချင်တာက ချောင်ရန်အုပ်စုကို အသုံးချပြီးတော့ Cisco ရဲ့ ထုတ်ကုန်က တခြားနယ်ပယ်မှာ ရှိတဲ့ အကောင်ကြီးကြီးတွေကိုပါ စိတ်ဝင်စားစေတယ်လို့ ထင်သွားအောင်လုပ်ချင်နေတာမလား.."

"အမှန်ပဲ.."

ဆက်လက်၍ ဟော်ယွမ်ယွမ်မှ "အဲ့လိုနည်းနဲ့ သူတို့ရဲ့ မာနတွေထဲကို လောင်စာထည့်ပေးပြီးတော့ သူတို့ကိုယ်သူတို့ အထင်ကြီးလာအောင် လုပ်မယ်..အဲ့တာဆို သူတို့အမြင့်တက်လေ..ပိုပြီးအကျနာလေ ဟုတ်တယ်မလား..."

"အင်း တော်တယ်..."

လင်းရှီ ပြောလိုက်ပြီး "တကယ်တော့ Cisco က ကောင်တွေက အတော်လေးသတိပါးတဲ့ကောင်တွေ..ငါတို့သာ တအားကြီး ရင်းနှီးလိုက်မယ်ဆိုရင် သူတို့ကိုသံသယဝင်သွားသေမှာပဲ..အဲ့လိုလုပ်တာက

စွန့်စားရာကျလွန်းတယ်..ဒီနည်းနဲ့ဆို သူတို့ကို ပါးပါးလှီးနေတာတောင် သိမှာမဟုတ်ဘူး"

ဟော်ယွမ်ယွမ် ကြက်သီးမွေးညင်းများ ထောင်ထသွားခဲ့သည်။

ဘော့သ်က အရမ်းကို မကောင်းဆိုးဝါးဆန်တာပဲ..

ကြည့်ရတာ ငါတော့ ဗုဒ္ဓဆီ ပြန်သွားရတော့မယ်နဲ့ တူတယ်...

စားပြီးသောက်ပြီးသည်နှင့် လင်းရီတို့ လူစုခွဲလိုက်ကြသည်။ပင်ပမ်းသလို ခံစားနေရသောကြောင့် လင်းရီအော်ဒါများ ဆက်လက်ခံမနေတော့ပဲ ကျိုကျုံးဗီလာသို့

ပြန်၍ နောက်တစ်နေ့ နံနက်အထိ အိပ်နေလိုက်တော့၏။

"သင့်မှာ အော်ဒါအသစ်ရှိပါတယ်..ကျေးဇူးပြုပြီး သချာလေး စစ်ဆေးပေးပါ"

လင်းရီအလုပ်စဖို့ ပြင်ကာရှိသေး အသိပေးစာတစ်စောင်မှာ ရောက်ရှိလို့လာသည်။

အော်ဒါကို ဖွင့်ကြည့်လိုက်သောအခါ လင်းရီ၏ နှုတ်ခမ်းများမှာ သူ့အလိုလို တွန့်ကွေးသွား၏။

"ကျွန်မ နာမည်ကတော့ လျှိုမေ့ပါ..အသက်ကတော့ ၃၀ ရှိပါပြီ။ အရပ်ကခပ်မြင့်မြင့် အသားဖြူ လှပပြီး ဆက်စီဆန်တဲ့

ကိုယ်လုံးကိုယ်ပေါက်လည်း ရှိပါတယ်...ဘရာဆိုဒ်ကတော့ E cup ပါ...ကျွန်မ ဟောင်ကောင်က ကျိုကျိုတက် ချမ်းသာတဲ့ သူဌေးကြီးတစ်ဦးနဲ့ လက်ထပ်ထားပါတယ်...ဒါပေမယ့် ဝမ်းနည်းစွာနဲ့ ကျွန်မယောက်ျားက ကျွန်မရဲ့ လိင်စိတ်အာသီသကို မဖျေဖျော်ပေးနိုင်တဲ့အပြင် ကိုယ်ဝန်ရအောင်လည်း စွမ်းဆောင်နိုင်ခြင်းမရှိတဲ့လူ ဖြစ်နေပါတယ်...ဒါကြောင့်မို့ များပြားလှတဲ့ အမွေတွေကို ထိန်းသိမ်းဖို့ရာ ဆက်ခံသူတစ်ယောက်မွေးဖွားရန်အတွက် တောင့်တင်းကျန်းမာတဲ့ အမျိုးသားတစ်ယောက်ကို အလိုရှိနေပါတယ်...လိင်မှုကိစ္စကျွမ်းကျင်ပြီး သိုင်းကျမ်းပေါင်းစုံလညမး

တတ်မြောက်ထားတာကြောင့် ကျွန်မဘက်က စိတ်ကျေနပ်အောင် လုပ်ပေးမယ်လို့ အာမခံပါတယ်...ကျေနပ်မယ်ဆိုရင်တော့ ကိုယ်ဝန်ရတဲ့အထိ အတူတူကြိုးစားလို့လည်း ရပါတယ်... ကမ်းလှမ်းငွေကတော့ ယွမ် ၃ သိန်းပါ..တကယ်လို့ ကိုယ်ဝန်ရအောင် စွမ်းဆောင်ပေးနိုင်မယ်ဆိုရင်တော့ နောက်ထပ် ၂ မီလီယမ် ငွေသားသီးသန့် ပေးမှာပါ...အကယ်၍ စိတ်ဝင်စားတယ်ဆိုရင်တော့ ကျွန်မပေးထားတဲ့ ဖုန်းနံပါတ်ကို ဆက်သွယ်ပေးပါ....×××××××"

လင်းရီ အော်ဒါကို ဖတ်ရှုပြီးနောက် မေးကို ပွတ်လိုက်သည်။

"ဘာလဲဟ..ခုခေတ်မှာ ဒီလို ကြေညာနေတဲ့ သူတွေတောင် ရှိနေပြီလားဟ...ဘာပဲ ဖြစ်ဖြစ် စီးပွားရေးက စီးပွားရေးပဲ လေ..လက်ခံပေးရမှာပေါ့ မဟုတ်ဘူးလား ဟဲဟဲ..."

လင်းရီ အောက်ဒါတွင် ပေးထားသော ဖုန်း နံပါတ်ကို ခေါ်ဆိုလိုက်သည်။

"ဟဲလို ခုပြောနေတဲ့သူက ကလေးရဖို့ အတွက် ပိုက်ဆံအများကြီးနဲ့ တောင်းဆိုနေ တဲ့ မစ်လျိုမေ့လားခင်ဗျ..."

"ဟုတ်ပါတယ်ရှင်..ရှင်ကျွန်မကို ကူညီပေး မှာလားဟင်..."အိစိညက်ညောပြီး

ချိုသာသော အမျိုးသမီး၏ အသံမှာ ဖုန်းထဲမှ ထွက်လာခဲ့၏။

"ဖုန်းခေါ်လိုက်တယ်ဆိုမှတော့ ကူညီပေးချင်လို့ ပေါ့ဗျ..."လင်းရိ ပြောလိုက်ပြီး "ဒါပေမယ့် ခင်များစကားကိုတော့ ပြန်မရုတ်သိမ်းဘူးမလား..နောက်မှ ပိုက်ဆံ မပေးဘူးဆိုပြီးတော့ မလုပ်နဲ့နော်..."

"မပူပါနဲ့ရှင်..ကျွန်မဘက်က စကားတည်မှာပါ.."လို့မေ့ ပြောလိုက်ပြီး "နောက်ပြီး ကျွန်မ အမျိုးသားသားကလည်း ဟောင်ကောင်က ဘီလီယမ်နာ သူဌေးကြီးလေ..ယွမ် သိန်းဂဏန်းလောက်လေး ဆိုတာက ကျွန်မအတွက်တော့ မပြောပလောက်ဘူးရှင့်..ရှင်သာ ကျွန်မကို ကလေးရအောင်

လုပ်ပေးနိုင်လို့ကတော့ တစ်ခါတည်း အပြီး ရှင်းပေးလိုက်မယ်..."

"အိုကေ အဲ့လိုဆို အိုကေပြီ...အိမ်မှာစောင့် နေလိုက် ကျုပ်ခဏနေ ရောက်လာခဲ့မယ်..."

"ကျွန်မ အိမ်လိပ်စာကို သေချာလေးရေး ပေးထားတယ်နော်.."

လို့မေ့ ပြောလိုက်ပြီး "အဲ့အိမ်ကလည်း ဝယ်ထားတာ မကြာသေးဘူး သိလား..ရှင် သာ ကျွန်မကို ကျေနပ်အောင် လုပ်ပေးနိုင် လို့ရှိရင် ဒီအိမ်ကိုပါ ပေးလိုက်မယ်..."

"အိုး...အဲ့လိုဆိုလိုလည်း ကြိုပြီး ကျေးဇူးတင်ထားတာပေါ့ဗျာ..."

အော်ဒါမှာ မှန်ကန်ကြောင်း အတည်ပြုပြီးနောက် လင်းရှိ ဖုန်းချလိုက်ပြီး အလုပ်စရန် ဟန်ပြင်လိုက်သည်။

သို့သော်လည်း တခဏမျှ စဉ်းစားပြီးနောက် သူ၏ လက်ရှိ ဘော်ဒီသေးသေးလေးဖြင့် သူမကို ကျေနပ်အောင် လုပ်တောင်ပေးဖို့ရာ လုံလောက်မည် မဟုတ်မှန်း သတိထားမိသွားသည်။

ထို့ကြောင့် အကူညီတောင်းရန်အတွက် ချင်းဟန်ဆီ ဖုန်းဆက်လိုက်တော့၏။

"အေး လင်းကြီး ဘာတုန်းကွ...ကြားသားမိုးကြိုးပါလား.."

"အဆင်ပြေရင် တစ်ခုလောက်ကူညီကွာ.."လင်းရီ ပြောလိုက်ပြီး "ငါ့ကို အကောင်ကြီးကြီးဘော်ဒီတောင့်တောင့်နဲ့ ဟိုကားထဲက ကပ္ပလီပုံစံမျိုး အမျိုးသား တစ်ယောက်လောက် ရှာပေးစမ်းကွာ.. "

"ဟမ်...မင်းက ဘာလုပ်ဖို့ အဲ့လိုလူတွေ ရှာနေတာ..ဘာလဲ ပိုက်ဆံရှိတဲ့ မိန်းမတွေအတွက် ခေါင်းကြီးလုပ်နေတာလား.."

ချင်းဟန် အပြုံးလေးဖြင့် မေးလိုက်သည်။

"အမှန်ပဲ..ခုငါ အချိန်ပိုင်း ခေါင်းကြီး လုပ်နေတာ...ငါ့ကို ကူပြီးသာ ရှာပေးစမ်းပါကွာ..."

"ကောင်းပြီလေ..အဲ့တာဆိုလည်း ငါရှာပြီးရင် ဘယ်လွှတ်လိုက်ရမှာ.. ကျိုကျုံး ဗီလာဆီ လာခိုင်းလိုက်ရမလား.."

"မလိုဘူး..သူတို့ကို ဖူဟွာခြံဝန်း သွားပြီးအပေါက်ဝမှာ ငါ့ကို စောင့်နေလို့ပြောလိုက်..."

"အိုကေ..စိတ်သာချထားလိုက်တော့..."

လင်းရှီ ဖုန်းချပြီးနောက် ပိုက်ဆံအချို့ထုတ်ရန် ဘဏ်သို့ သွားလိုက်လေသည်။ ထို့နောက် ဖူဟွာခြံဝန်းသို့ ဦးတည်လိုက်တော့၏။

ဆယ်မိနစ်ခန့်ကြာသော် ချင်းဟန် လွှတ်လိုက်သည့် လူများ ဆယ် ယောက် ထက်မနည်း ရောက်လာခဲ့၏။

ခေါင်းဆောင်အမျိုးသားကတော့ တုတ်ခိုင်သန်မာသည့် ယောကျ်ားကြီး တစ်ယောက်ဖြစ်ပြီး ကြွက်သားများမှာလည်း တစ်ကိုယ်လုံးအနှံ့ အပြိုင်းပြိုင်း ထနေလေသည်။ လင်းရီ ထိုလူများကိုမြင်တော့ ကြက်သေသေသွားတော့၏။

ချင်းဟန်က တစ်ခါတစ်လေ အတော်လေးတော့ စိတ်ချရသားပဲ..ဒီဘဲကြီးတွေ ပုံစံနဲ့ဆို ဟိုမိန်းကလေးတော့ ရာမဲသဲခုဒါဆိုက်ရတော့မယ်။

"ဟယ်လို မစ္စတာလင်း ကျွန်တော်က သခင်လေးချင်း လွှတ်လိုက်တဲ့ လျိုယင်းရှိပါခင်ဗျ..."

"အင်း...လာပေးတဲ့အတွက် ကျေးဇူးပဲ..ဘယ်လိုလုပ်ရမလဲဆိုတာကတော့ ကျုပ်ပြောတဲ့အတိုင်းသာလုပ် အိုကေတယ်နော်..."

"ဟုတ်ကဲ့ နားလည်ပါတယ်ခင်ဗျ..မစ္စတာလင်းရဲ့စကားက ကျွန်တော်တို့အတွက် အမိန့်ပါဗျ...."

"သွားစို့.."လင်းရီ လက်ဝှေ့ရမ်းပြလိုက်ပြီး လျိုရင်းရှိနှင့် ကျန်သူများကို အပေါ်ထပ်သို့ ခေါ်ဆောင်သွားရင်း

တီးတိုးရေရွတ်လိုက်သည်။

'ဒီလောက်လူတွေ အများကြီးနဲ့ဆိုတော့ လျို့မေ့ဆိုတဲ့ အမျိုးသမီးက ခံနိုင်ရည်ရှိပါ့မလားပဲ...'

# အခန်း (၂၁၉)

ဖူပွာပန်းခြံ၊ယူနစ် ၂ ၊ အဆောက်အအုံ ၃၊ အခန်း ၆၀၂

အမျိုးသား သုံးဦးနှင့် အမျိုးသမီးဦးအခန်းထဲတွင် အတူထိုင်နေကြသည်။

အမျိုးသားလေးယောက်လုံးကတော့ အပေါ်ပိုင်း ဗလာကျင်းနေပြီး ဘောင်းဘီအ

တိုများကို ဝတ်ဆင်ထားကြကာ ဇိမ်ပြေန ပြေနှင့် စည်းစိမ်ခံစားနေကြ၏။

တစ်ဦးတည်းရှိနေသည့် အမျိုးသမီးမှာလည်း ထူးမခြားနားပေ။ အနီရောင်ဂျိုင်းပြတ်နှင့် မိန်းမဝတ်ဘောင်းဘီ ကိုယ်ကြပ်ကို ဝတ်ဆင်ထားလေသည်။ ထိုဝတ်စုံများမှာ သူမအချိန်အကြာကြီး လဲလှယ်ထားခြင်းမရှိ ဝတ်ဆင်ထားသောကြောင့် ဆွေးမြည့်နေသည့်ပုံစံ ပေါက်နေလေသည်။

အမျိုးသမီး၏ နာမည်ကတော့ လိျုမေ့ဖြစ်ပြီး သူမ၏ ပုံပန်းသဏ္ဍာန်ကတော့ အော်ဒါတွင်ပြောပြထားသည်နှင့် တခြားစီ ဖြစ်နေလေ၏။

အသက်30 ဟု ဆိုထားသော်လည်း လက်တွေ့တွင်တော့ လေးဆယ်အရွယ် လောက် ရောက်နေပြီဖြစ်သည်။

"ဆီးသီး....အတော်လေးကြာနေပြီ...ခုနက လာမယ်ဆိုတဲ့ကောင်က ရောက်မလာသေး ဘူးလားကွ..."

ပြောလိုက်သူကတော့ နှုတ်ခမ်းမွေးငုတ်တို နှင့် လူကြီးပင်။ သူ၏လက်ထဲတွင်လည်း ဘီယာခွက်ကြီးကို ကိုင်ထားပြီး ခြေထောက် တစ်စုံကိုတော့ ခွေးခြေခုံပေါ်တွင် တင် ထား၏။ ထို့ပြင် မျက်နှာကြီးမှာလည်း မာ ကြောခက်ထန်သည့်ပုံ ပေါက်နေလေသည်။

ထိုသူက နာမည်ကတော့ ကျန်းရှန်ချန် ဖြစ်ပြီး လိုျမေ့၏ အမျိုးသားပင်တည်း။

ငယ်ရွယ်စဉ်အခါက ကျန်းရှန်ချန်မှာ တွေ့သမျှမိန်းကလေးတိုင်းကို ခြေတော်တင်တတ်သူတစ်ဦးဖြစ်သည်။ ထို့ကြောင့်လည်း ရေချိုးစင်တာ၌ အလုပ်လုပ်သော လိုျမေ့နှင့် ငြိစွန်းသွားခြင်းဖြစ်၏။

သို့သော်လည်း လင်မယားနှစ်ယောက်စလုံးမှာ လက်ကြောကမတင်း၊ ဘာမျှလည်း လုပ်မစားချင်ကြသောကြောင့် ယခုထိတိုင် အလုပ်ကိုင် မည်မည်ရရ မရှိသေးချေ။ လွယ်လွယ်ရသည့် လူများကို လိမ်၍ ငွေညစ်ထုတ်သည့်အလုပ်ကိုသာ နှစ်ပေါင်းများစွာ လုပ်ကိုင်နေလေသည်။

"အေးဆေးပေါ့..ရှင်လည်း ဖုန်းပြောတုန်းက သူ့လေသံကို ကြားတာပဲမဟုတ်လား..သေချာပေါက် လာမှာပါ..."

လှိုုမေ့ ဘီယာအဖုံးဖွင့်၍ တစ်ငုံသောက်ရင်း ပြောလိုက်သည်။

"ဒီနေရာက ကျိုးဟိုင်နော်...ငါတို့ လုပ်စားနေကြ ကျေးတောရွာလေးတွေ မဟုတ်ဘူး....စကားကို အဲ့လောက် လွယ်လွယ်မပြောနဲ့စမ်း..."

"ခုလောလောဆယ် ငါတို့လက်ထဲမှာ ခြူတစ်ပြားတောင် မကျန်တော့ဘူး..အဲ့ကောင်သာ ရောက်မလာလို့ကတော့ ငါတို့ ငတ်တစ်လှည့် ပြတ်တစ်လှည့် နေကြရုံပဲ...."

"ကျွန်မကတော့ အဲ့လောက်ကြီး စိုးရိမ်စရာ မလိုဘူးလို့ ထင်တယ်...ဘာပဲပြောပြော အီရန်ဘွိုင်းလေးတွေက စာမတတ်ပေမတတ် လေးတွေလေ....ကျွန်မလောက်တောင် အတန်းနေခဲ့ရမှာ မဟုတ်ဘူး...အေးဆေး လေး အရူးလုပ်လို့ရတယ်...ရှင်တို့သုံးယောက်လုံး အသင့်ပြင်ထားကြတော့.. ပြောမရဘူး...သူခဏနေ ရောက်လာရင် ရောက်လာတော့မှာ..."

ကျန်းရှန်ချန် ခွေးခြေခုံကို ကန်ကျောက်လိုက်ပြီး သူ၏ လက်အောက်ငယ်သား နှစ်ယောက်ကို "ငိုးမသားတွေ အဲ့မှာပဲ ထိုင်မနေကြနဲ့...သွား ရယ်ဒီလုပ်ထားကြ...အဲ့ကောင်

လာတာနဲ့ တစ်ခါတည်း အမှောက်သိပ်ကြမယ်.."

"မပူနဲ့ အစ်ကိုကြီး..အဲ့ကောင်ရောက်လာတာနဲ့ မလွတ်စေရဘူးလို့ လုံးဝ အာမခံတယ်..."

"ကျုပ်တို့ ဓားထုတ်ပြလိုက်တာနဲ့တင်ကြောက်သေးပန်းရင် ပန်းနေမှာ...ပိုက်ဆံဘယ်လောက် ညစ်ထုတ်မလဲတိုတာကတော့ ကျုပ်တို့ရဲ့ စိတ်အခြေနေပေါ်မူတည်တာပေါ့...."

နောက်ထပ် ငယ်သားတစ်ယောက်မှ ပြောလိုက်လေသည်။

"ဟားဟား...အဟုတ်ပဲ..ဒီလောက်ရက်တွေ အကြာကြီး စောင့်ပြီးတော့မှ ငါးစာက လာမိတာကို ဒီလောက်လွယ်လွယ် လွှတ်ပေးလို့ ဘယ်ရမှာ..."

ဒုန်း ဒုန်း ဒုန်း

သူတို့ စကားပြောနေကြတုန်း တစ်ယောက်ယောက် တံခါးခေါက်လာခဲ့သည်။ ကျန်းရုန်ချန်နှင့် လျိုမေ့တို့ နှစ်ဦး အချင်းချင်း လေးနက်သည့် အမူအရာများဖြင့် အကြည့်ချင်း ဖလှယ်လိုက်ကြ၏။

ကျန်းရုန်ချန် သူ့ငယ်သား နှစ်ယောက်ကို ကြည့်ပြီး "အသင့်ပြင်ထားကြ....ပိုက်ဆံကတော့ ဒီရောက်နေပြီ....."

"ဟုတ်ကဲ့ပါ အစ်ကိုကြီး...."

တာဝန်အသီးသီးပေးပြီးနောက် ကျန်းရှန်ချန် လျိုမေ့ကို ကြည့်ကာ "ဆီးသီး...တံခါးသွား ဖွင့်လိုက်တော့..."

လျိုမေ့ ခေါင်းညိမ့်လိုက်ပြီး တံခါးနားကပ်၍ အသံတိုးတိုးလေးဖြင့် "အပြင်က ဘယ်သူလဲ..."

"ပိုက်ဆံပေးပြီး ကလေးရအောင် လုပ်ပေး ချင်နေတယ်ဆို...ဒီမှာ ခု ကျုပ်လူကိုယ်တိုင် ရောက်နေပြီလေ..."

လင်းရီ ဘယ်သူလဲဆိုတာ သိတော့ လျိုမေ့ တံခါးကို ရှင်မြူးသည့်အမူအရာဖြင့် ဖြည်းညင်းစွာ ဖွင့်လိုက်လေသည်။

လင်းရီ အထဲသို့ ဝင်လာပြီးနောက် ချက်ချင်း တံခါးကို ပိတ်လိုက်၏။ အကယ်၍ ငါးစား သာ ထွက်ပြေးသွားပါက အကြီးကြီး ဆုံးရှုံး သွားပေမည်။

အခန်းထဲရှိ နောက်ထပ် အမျိုးဟား သုံး ယောက်ကိုလည်း မြင်တော့ လင်းရီ ပြုံး လိုက်ပြီး "ဒီသုံးယောက်ကကော ခင်များကို ကူညီပေးဖို့ပဲလား...ဒါပေမယ့် ခင်များက ပြောသလောက်လည်း မချမ်းသာတဲ့ပုံပဲ နော...."

"အပိုတွေ လုပ်မနေနဲ့...."

လျိုမေ့ အပိုတွေမပြောဘဲ သူမ အင်္ကျီကို ချွတ်၍ အတွင်းခံဘရာ အနက်ရောင်ကို လှစ်ဟပြလိုက်သည်။

၎င်းကိုမြင်တော့ လင်းရီ အံ့အားသင့်သွား၏။

"အိုး ချွတ်တာကတော့ တယ် မြန်လှပါလားဟ...ရေချိုးစင်တာတွေမှာ ကောင်းကောင်းကြီး လေ့ကျင့်ထားတယ်နဲ့ တူတယ်...."

လျိုမေ့ကတော့ ၎င်းကို အာရုံထားမနေတော့ပဲ လင်းရီကို တွန်းလှဲ၍ အပေါ်မှ ဖိကပ်လိုက်လေသည်။

ထိုအချိန်တွင်တော့ ကျန်းရှန်ချန် ဖုန်းဖြင့် ဓာတ်ပုံအချို့ရိုက်လိုက်၏။

ချလပ် ချလပ်

ဓာတ်ပုံရိုက်ပြီးနောက် လှိုင်မေ့ လင်းရီ ပေါ်မှ ပြန်ခွာလိုက်ပြီး သူမ အဝတ်စားများကို ပြန်လည် ဝတ်ဆင်လိုက်သည်။

"ဘာလဲဟ...ကလေးရအောင် လုပ်ပေးရင် ပိုက်ဆံ အများကြီးပေးမယ်ဆို..."လင်းရီ အပြုံးလေးဖြင့် ပြောလိုက်ပြီး "ခင်များ ကျောင်းတုန်းက ဘဝတွက်တာ မသင်ခဲ့ရဘူးလား...ပန်တီလေးနဲ့ ကလေး ဘယ်လိုရအောင် လုပ်လို့ရမှာ...အဲ့ဒါဆို ကျုပ်က ဘယ်မှာ ပိုက်ဆံ သွားရတော့မှာ..."

"မျိုးမစစ်လေး....မင်းက ဒီရောက်နေပြီ ဆိုမှတော့ မင်းကို အမှန်အတိုင်းပဲ ပြောပြလိုက်

မယ်..."ကျန်ရုန်ချန် အပြုံးလေးဖြင့် "မင်း အရှုံးလုပ်ခံလိုက်ရပြီ..ရှိသမျှ ပိုက်ဆံတွေ အကုန်ထုတ်..စီတီတိုပါ မချန်နဲ့...မဟုတ်ရင် ဒီကနေ အသက်ရှင်လျက် ထွက်သွားဖို့ စိတ် မကူးနဲ့...."

"ငိုးပဲ...ခုခေတ်လူတွေက တကယ်မယုံရ တော့ဘူးဟ..ကလေးရအောင် လုပ်ပေးရင် ပိုက်ဆံပေးမယ်ပြောပြီး ဒီရောက်တော့ ဓားပြတိုက်ခံနေရတယ်တဲ့လား....ခင်များတို့ မှာ ကိုယ်ကျင့်သိက္ခာဆိုတာ မရှိတော့ဘူး လား...."

"ရှိစရာ လိုလို့လား....အဲ့ကိုယ်ကျင့် သိက္ခာကြီးက စားလို့မှ မရတာ...အပြစ်တင်

ချင်ရင် မင်းရဲ့ ညာဏ်မမှီတဲ့ ဦးနှောက်ကိုသာ အပြစ်တင်လိုက်တော့"

ကျန်းရှန်ချန် ကျယ်လောင်စွာ ရယ်မော လိုက်ပြီး "စောနတုန်းက ဆီးသီး ပြောတာ တော့ မင်းတို့ အီရန်ဘွိုင်းတွေက ပုစွန် ဦးနှောက်တွေတဲ့...အကျိုးမြတ်ကို မြင်တာနဲ့ ထောင်ချောက်ထဲ တန်းဝင်လာလိမ့်မယ် တဲ့..အဲ့ဒီတုန်းကတော့ ငါမယုံခဲ့ဘူး..ခုတော့ လောကကြီးမှာ မင်းတို့လို သောက်ပိန်းတွေ ရှိသေးပါလားဆိုတာ ငါယုံကြည်သွားပြီ..."

ထိုသို့ပြောပြီးနောက် ကျန်းရှန်ချန် သူ့ခါး နောက်ကျောရှိ ဓားမြောင်ကို ထုတ်ကာ "လက်ထဲမှာ ကိုင်ထားတာ ဓားနော်..နှင်းဆီ ပန်းမဟုတ်ဘူး...အပိုမပြောနဲ့ ..ရှိတာအကုန်

ထုတ်..မရှိရင် မင်းမှာပါတာ ဖြုတ်ရောင်းမယ်...."

"ဟင်း...ခင်များတို့က တော်တော်ကောက်ကျစ်တဲ့ လူယုတ်မာတွေပါလား..."လင်းရီ သက်ပြင်းချလိုက်ပြီး "ခင်များတို့ ကလေးရအောင် လုပ်ပေးမယ့်လူကို ရှာနေတယ်လို့ သတင်းကိုမြင်တော့ ကျုပ်ရင်ထဲမှာ ခံစားချက်တွေ ဘယ်လိုတောင် ရှုပ်ထွေးသွားတာသိလား...ခင်များတို့ကို ကူညီပြီးတော့ ဆွေမျိုးတော်ရအောင် ဆိုပြီး ကျုပ်သူငယ်ချင်းကိုတောင်မှ တကူးတက အကူညီတောင်းခဲ့ရတာကိုဗျာ...ခုတော့ စေတနာတွေ အစော်ကားခံလိုက်ရသလိုတောင် ခံစားနေရတယ်.."

"သောက်ရေးမပါတာတွေ လာပြောမနေနဲ့..အပြစ်တင်ချင်ရင် မင်းသောက်ဦးနှောက်မရှိတာကိုပဲ အပြစ်တင်လိုက်...ဒီကနေ့ သိကြားမင်းဆင်းပြီး မင်းကို လာကယ်မယ်ဆိုရင်တောင်မှ မရစေရဘူး..မြန်မြန် ရှိသမျှ အပုန်ထုတ်စမ်း..."

"မင်းတို့ကောင်တွေက စကားကောင်းကောင်း မပြောချင်ဘူးဆိုမှတော့ ကျုပ်ကို ရက်စက်တယ်ဆိုပြီးတော့ အပြစ်မတင်နဲ့ပေါ့ကွာ..."

"ငါ့ဖျင်ကြီးကိုပဲ လာရက်စက်လာပါလားကွ..."ကျန်းရှန်ချန် ဆဲဆိုလိုက်ပြီး "ဒီမှာ ငါတို့ဘက်က သုံးယောက်..လက်ထဲမှာလည်းဓားတွေကိုင်ထားသေးတယ်...မင်းက သုံးယောက်တစ်ယောက် ယှဉ်ဖိုက်နိုင်လို့လားကွ..."

"ကျုပ်တစ်ယောက်တည်းဆိုရင်တော့ မလုပ်နိုင်ဘူး..ဒါပေမယ့် ကျုပ်ကောင်တွေလည်း ပါသေးတယ်လေ.."

လင်းရှီ အပြုံးလေးဖြင့် ပြောလိုက်သည်။

"မင်းရဲ့ဘယ်ကောင်တွေကို ပြောနေတာ ..ဒီအခန်းထဲမှာ မင်းတစ်ယောက်တည်း ရှိ

တယ်..ထွက်ပပြေးရအောင်လည်း တံခါးက လော့ခ်ချထားပြီးသား..."

"တကယ်ကြီးလား..."

"ဟျောင့်တွေ ..ဝင်လာခဲ့လိုက်တော့..."

လင်းရီ အော်ဟစ်လိုက်သည်။

ဒုန်း ဒုန်း ဒုန်း..

လင်းရီ၏ အမိန့်ပေးသံလည်း ကြားရော တံခါးကို တဘုန်းဘုန်း ဆောင့်ကန်နေသည့် အသံများ ထွက်ပေါ်လာပြီး နံရံများမှာလည်း ပြိုကျလုမတတ် တသိမ့်သိမ့် တုန်နေလေသည်။

ကျန်းရုန်ချန်နှင့် လျိုမေ့တို့ အံ့အားသင့်သွားခဲ့ကြသည်။

လူတွေ ဘယ်လောက်တောင် ရှိနေလို့ အိမ်ပြိုမတတ် ဖြစ်နေတာလဲဟ...

ဒုန်း ဒုန်း...ဒုန်း...

ဘုန်း

မိနစ်ဝက်အတွင်း သံတံခါး အဟောင်းကြီးမှာ လျှိုယင်းရှိနှင့် ကျန်သူများ၏ ခြေကန်ချက်ကြောင့် နံရံမှ လွင့်ထွက်သွားခဲ့သည်။

တံခါးပွင့်လာပြီးနောက် လူဆယ်ဦးထက်မနည်း အခန်းထဲသို့ ပြေးဝင်လာကြပြီး အားလုံး လင်းရီရှေ့ ရပ်၍ ဒိုင်းသဖွယ် အကာကွယ် ပေးထားကြ၏။

အံ့အားသင့်သွားကြသည်။

ကျန်းရုန်ချန်နှင့် ကျန်သူများအားလုံး အံ့အား သွားကြသည်။

ဒီလူတွေက ဘယ်သူတွေလဲဟ...

ပြီးတော့ ကြောက်ဖို့လည်း ကောင်းလိုက် တာ အကြောအပြိုင်းပြိုင်းနဲ့...

"မင်း...မင်းငါတို့ကို လှည့်စားတယ်..."

"လှည့်စားတယ်..."

လင်းရှီ အပြစ်ကင်းသည့် လေသံဖြင့် "သူပဲ ကလေးရဖို့အတွက် ပိုက်ဆံ ၂ မီလီယမ် လောက် သုံးချင်နေတာမဟုတ်လား..ကျုပ် တစ်ယောက်တည်းဆို ဒီလောက် ခက်ခဲတဲ့ မစ်ရှင်ကြီးကိုမလုပ်နိုင်မှာဆိုးလို့ တပ်ကူ တွေပါ ခေါ်လာခဲ့တာလေ..ကျုပ်ဘက်က

ခင်များတောင်းဆိုတဲ့အတိုင်း တာဝန်ကျေပြီးသားပဲ..ဒါပေမယ့် ခင်များတို့ဘက်က ဘာလို့ကတိမတည်တာ...ဒါ ကိုယ့်ကျင့်သိက္ခာ ဖောက်ဖျက်တာပဲကွ..."

"ဖက်ခ်...မင်းက ဒီလောက်လူတွေ အများကြီး ခေါ်လာခဲ့မှတော့ ငါ့မိန်းမကို အသာထားဦး ..ဝက်မတောင်မှ အမြုပ်ထွက်ပြီး ဂစ်သွားလောက်တယ်...မင်း ဒါ ရည်ရွယ်ချက်ရှိရှိ လုပ်တာမဟုတ်လား.. "

လင်းရီ ပခုံးတွန့်လိုက်ပြီး "ကျုပ်က ကျုပ်တာဝန်ကို ကျေချင်ရုံပဲ..ဝန်ဆောင်မှုအပြည့်ပေးတာနော်..."

ကျန်းရုန်ချန် သေချင်နေတော့၏။

ဒီမြို့ကြီးက အရမ်း အမှောင်ဘက်ကျလွန်းတယ်..သူ့လို ကလေးလေးက ဒီလိုနေရာမျိုးမှာ ရှင်သန်နိုင်မှာ မဟုတ်ဘူး..

"ချန်..အစ်ကိုချန် ..ကျုပ်... ကျုပ်.တို့ခုဘယ်လိုလုပ်ကြမလဲ...ဟိုဘက်က ဆယ်ယောက်ကျော်တယ်နော်..."ကျန်းရှန်ချန်၏ လက်အောင်ငယ်သားတစ်ဦးမှ မေးလိုက်လေသည်။

"ငါတော့ ဆယ်လောက်လုံးတောင် မလိုဘူးလို့ထင်တယ်..သူတို့ထဲက တစ်ယောက်လောက်ပဲ ထွက်လာရင်တောင်မှ ငါတို့ သုံးယောက်လုံးကို အမှောက်သိပ်လို့ရနေပြီ..."

ဒုတ်...

ကျန်းရုန်ချန် လက်ထဲရှိ ဓားမြှောင်မှာ ကြမ်းခင်ပေါ်သို့ စိုက်သွားခဲ့ပြီး ကြောက်လန့်လွန်း၍ ခြေလက်များ တုန်ခါနေကာ "အစ်ကိုကြီး..ဒါက အထင်လွဲတာပါ....ကျုပ်တို့မှာ စားစရာ မရှိလို့ ခုလို လုပ်ရတာပါဗျာ...နောက်ထပ် အခွင့်ရေးလေး တစ်..တစ်ခါလောက်ပဲ ပေးပါဗျာ...ဒီလိုမျိုး လုညှ့်စားတဲ့ အလုပ်တွေထပ်မလုပ်တော့ဘူးလို့ ကျိန်ဆိုပါတယ်..."

"အဲ့လိုမရဘူးလေကွာ..ငါက မင်းတို့စိတ်ကျေနပ်အောင်လို့ဆိုပြီးတော့မှ လူတွေဒီလောက်အများကြီး ခေါ်လာခဲ့ရတာကို ခုလိုလုပ်နေတော့ ငါ့စေတနာတွေ အလဟဿ ဖြစ်ကုန်မှာပေါ့ကွ..."

လင်းရီ လျှိုမေ့ကို ညွှန်ပြလိုက်ပြီး "လျှိုယင်းရှီ...ဒီအမျိုးသမီးရဲ့ မျိုးရိုးနာမည်ကလည်းလျှိုပဲပဲဟ...မင်းနဲ့ သွေးဝေးတဲ့ ဆွေမျိုးတွေလားတော့မသိ..ကဲပါ ဘာပဲဖြစ်ဖြစ် မင်းဒီနေ့ သူ့နှာကနေ ကြယ်ငါးပွင့်ရီဗျူး ရအောင်မလုပ်နိုင်ဘူးဆိုရင် မင်းရဲ့ အရည်အချင်းကိုမေးခွန်းပြန်ထုတ်ရတော့မယ်..."

## အခန်း (၂၀)

"စိတ်ချပါဗျ..ကျုပ်ဒီတာဝန်ကို ကျေပွန်စေရမယ်လို့ အာမခံတယ်ဗျာ..."

လျှိုယင်းရှိ ယုတ်မာတော့မည့် အပြုံးကြီး ဖြင့် ပြုံး၍ လျှိုမေ့ထံ လျှောက်သွားလိုက် သည်။

"ဆီးသီး..ပြေး.........ငါတောင်းပန်ပန်ပါတယ် ကွာ..."

"တော်ပြီ...ကျွန်မ ရှင့်ကို မထားခဲ့နိုင် ဘူး...ကျွန်မတို့အတူ လက်တွဲပြီး ပြန်ခုခံကြ မယ်..."

လင်းရှီ :"...."

ဘာလို့ ခုမှလာပြီး သောက်ပိုတွေ လုပ်ပြနေ တာလဲကွ...

ကျန်းရုန်ချန် လုံးဝ ခံစားသွားခဲ့ရသည်။

ငါဘာလို့ သူ့ကို တန်ဖိုးမထားခဲ့မိပါလိမ့် ကွာ...မိုးနတ်မင်းကြီးရေ..ဟော့ဒီက ငမိုက်သားကြီးကို တစ်ခါလောက်ပဲ ဖြစ်ဖြစ် အမှားပြင်ဆင်ခွင့်လေး ပေးပါ...

"ခင်များနာမည်က လျှိုမေ့..ဟုတ်တယ် နော်..."လင်းရီ မေးလိုက်သည်။

"ဟုတ်..ဟုတ်ပါတယ်ရှင်.."

"ကျုပ် ခင်များ ကျေနပ်အောင် လုပ်ပေးဖို့ ဆိုပြီးတော့ လူတွေ တကူးတက ရှာပေး ထားရတာနော်...ကျေနပ်လား မကျေနပ် လားဘူးပြော..."

"ဟုတ် ဟုတ် ကျေနပ်ပါတယ်ရှင်..."

"အဲ့တာဆိုလည်း ကြယ်ငါးပွင့် ရီဗျူး ပေးတော့လေ..ပြီးရင် လစ်တော့မယ်..စိတ်ချခင်များတို့ ပျော်နေတာလေးတွေကို မပျက်ဆီးစေရဘူး..."

"ကောင်း ကောင်းပါပြီ..."

လျိုမေ့ သူမဖုန်းကို ထုတ်လိုက်ပြီး လင်းရှီကို ကြယ်ငါးပွင့်ရီဗျူး ပေးလိုက်လေသည်။

"ဒီတိုင်း ကြယ်ငါးပွင့်ကြီး မပေးနဲ့လေကွာ..ဘာညာသာရကာ စာလေးနည်းနည်းပါးပါးလည်း ပါမှ ယုံကြည်ဖို့ ကောင်းမှာပေါ့ဟ.."

"အော်..ဟုတ် ဟုတ် ..ခုပဲ လုပ်လိုက်ပါ့မယ်..."

လျှိုမေ့ သူမဖုန်းကို ပြန်ထုတ်လိုက်ပြီး နောက်တစ်ကြိမ် ရီဗျူးအသစ် ပြန်ပေးလိုက်၏။

"ပြီး...ပြီးပြီနော်..."

"အိုကေ...ခင်များစိတ်တိုင်းကျတဲ့အထိသာ ပျော်ပေတော့ဗျာ..ကလေးတစ်လပြည့်တဲ့နေ့ကျရင်လည်း ဖိတ်ဖို့ မမေ့နဲ့ဦးနော်...ဟုန်ပေါင်းအကြီးကြီးပေးမယ် သိလား..."

ကျန်းရုန်ချီကတော့ တစ်ခွန်းမျှပင် မဟာရဲချေ။

လင်းရီမှ သူ့ကို အရေခွံ့နွှာတော့မည်ဟု တဆုံး တွေးထားပြီးဖြစ်၏။ ထို့ကြောင့်

ကြယ်ငါးပွင့်ရှိဗျူးလေး တောင်းနေသည်ကို သောက်ဂရုစိုက်မနေတော့။

"မလှုပ်နဲ့..""

လင်းရှိ ကြယ်ငါးပွင့်ရှိဗျူးရ၍ ကျေနပ်နေတုန်း နောက်မှ အေးစက်သည့် အမိန့်ပေးသံကြီးတစ်ခု ထွက်ပေါ်လာခဲ့သည်။

လှည့်ကြည့်လိုက်သောအခါ တံခါးအပြင်ဘက်တွင် ရဲများစွာ သေနတ်ကိုယ်စီနှင့် သူတို့ကို ချိန်ထားကြောင်း တွေ့လိုက်ရ၏။

လို့ူယင်းရှိတို့မှာ တံခါးကို တဘုန်းဘုန်း ကန်ကျောက်၍ အိမ်ထဲသို့ ဖောက်ဝင်လာခဲ့သောကြောင့် အိမ်နီးချင်းများမှာ ဓားပြဝင်

တယ်ထင်ပြီး ဧ၁၁ ကိုအကြောင်းကြား လိုက်ခြင်း ဖြစ်လောက်သည်။

မဟုတ်ပါက ထိုရဲများမှာ ဒီနေရာ၌ ဘာဖြစ် နေလဲဆိုတာ သိလိမ့်မည်တောင်မဟုတ်။

" အရာရှိကြီး...မင်္ဂလာပါဗျ...."

ရဲကိုမြင်တော့ လင်းရီ လည်း အပြုံးလေး ဖြင့် နှုတ်ဆက်လိုက်သည်။

"ပြောင်စပ်စပ် လာလုပ်မနေနဲ့..ဘေးမှာ သေချာရပ်ပြီးတော့ ဘာဖြစ်ခဲ့လဲဆိုတာ ပြောစမ်း..."

"အာ..ဒီလိုပါဗျ...."လင်းရီပြောလိုက်ပြီး

"ကျုပ်က မေ့ထွမ် လက်အောက်က အီရန် ဘိုင်းပါ...ဒီက အမျိုးသမီးက သူ့ကို ကလေး

ရအောင် လုပ်ပေးမယ်ဆိုရင် ပိုက်ဆံတွေ အများကြီး ပေးမယ်ဆိုပြီးတော့ အော်ဒါ တင်ထားပါတယ်...အဲ့တာနဲ့ စေနာ သဒ္ဓါတရား ထက်သန်လွန်းတဲ့ ကျွန်တော်က လည်း သန်မာထွားကြိုင်းတဲ့ ကျွန်တော့် ဘော်ဒါတွေနဲ့ အတူ ဒီကို အပြေးကလေး လာပြီး ကူညီပေးတာပေါ့ဗျာ...အမှန်အတိုင်း ပြောရရင် ကူညီရရင်ကို ကျေနပ်နေ ပြီ...ပိုက်ဆံက မပေးလဲရတယ်....ဒါပေမယ့် ဒီရောက်တော့ ဓားပြတိုက်ခံရလိမ့်မယ်လို့ ဘယ်ထင်ထားမှာ...ဟိုက ဓားကြီးပြပြီး ခြိမ်းခြောက်နေတာလေ...အဲ့တာနဲ့ ကျုပ် တို့တတွေလည်း မတတ်နိုင်တော့ပဲ ပြန်ချရ တော့တာပေါ့...ဟူး ...အရာရှိကြီးတို့ အ

ရောက်မြန်ပေလို့ပေါ့ဗျာ...မဟုတ်ရင် ကျုပ်တို့ ဆက်တောင့်ခံနိုင်မှာတောင် မဟုတ်တော့ဘူး.... "

ကျန်းရှန်ချန် မျက်နှာ စိမ်းပုပ်သွားခဲ့သည်။

ဟျောင့် ဘာသောက်တလွဲတွေ လျှောက်ပြောနေတာတုန်းကွ...

ခံရတဲ့ကောင်တွေက ငါတို့လေကွာ...မင့်ကြီးတော်ကြီးကို တောင့်မခံနိုင်တာလား....

လို့မေ့လည်း အမူအရာ အမျိုးမျိုး ပြောင်းနေပြီး စိတ်ထဲတွင် တိတ်တဆိတ် ကျိန်ဆဲနေလေ၏။

"ရှင်တို့ကလည်း ဗမာကားတွေထဲက အတိုင်းပဲ...ဘာလို့ ဒီထက် နောက်ကျပြီးမှ ရောက်မလာခဲ့တာလဲ....."

မူလကတော့ ရဲအရာရှိကြီးမှာ ဤအမှုကို သာမန် ဖောက်ထွင်းသည့်အမှုဟုသာ တွေးထင်နေလေသည်။ သို့သော်လည်း ငွေပမာဏအများကြီး ဟုသော စကားကို ကြားလည်း ကြားရော ချက်ချင်းအမူအရာ ပြောင်းသွားခဲ့၏။

ယနေ့ခေတ်၌ ယခုလို အွန်လိုင်းမှတစ်ဆင့် ငွေလိမ်လည်မှုများမှာ အတော်လေးကို တွင်ကျယ်နေလေသည်။ ထိုကဲ့သို့သော အမှုများကိုလည်း အမြဲတမ်းနီးပါး ထိတွေ့ကိုင်တွယ်နေရသောကြောင့် ဘာဖြစ်လဲဆို

တာတောင် ထွေထူး စဉ်းစားနေရန် မလို တော့ချေ။

သို့သော်လည်း သူ့ရှေ့ရှိ လူငယ်လေး ကတော့ တရားမျှတမှု ဘက်တော်သား ဖြစ်ပုံရသည်။ လူအများကြီးခေါ် ပြီး တောင်မှ ပြန်ချရန် ဟန်ပြင်နေလေ၏။

ကောင်းလေစွ။ သူ၏ လေးစားမှုနှင့် ထိုက်တန်ပေသည်။

"ကောင်းပြီ ဒီကောင်တွေကို ခေါ်သွားလိုက် တော့..."

ထို့နောက် လင်းရီကို ကြည့်၍ "ငါ့ညီတို့ လည်း စခန်းခဏ လိုက်ခဲ့ပေးဦး..ဒီတိုင်း

နည်းပါး ထွက်ဆိုချက်လေးပေး ရုံပါ ပဲ...သာမန် လုပ်ရိုးလုပ်စဉ်လေးပေါ့..."

"အာ...အရာရှိကြီး ကျွန်တော့်ကို လွှတ်ပေး လိုက်လို့မရဘူးလား...ကျုပ်က ဒီတိုင်း သာမညောင်ည အီရန်လုပ်နေရတဲ့ ကောင် လေးပါဗျာ..ပြီးတော့ ကျွန်တော့်မိသားစုက ငွေလည်း သိပ်ရှိတာမဟုတ်ဘူးဗျ....အရာရှိ ကြီးတို့နဲ့ လိုက်ခဲ့ရင် အရမ်းကြာသွားမှာ ဆိုး လို့ပါ...."

"အစ်ကိုတုန်..သူ့ကို လွှတ်ပေးလိုက်ပါလား ဟင်...သူက ဘာမှ မှားထားတာလည်း မဟုတ်ဘဲနဲ့..."ဆံပင်အတိုနှင့် အမျိုးသမီး ရဲ အရာရှိမှ ကူပြောပေးလိုက်၏။

"ဟုတ်တယ် အစ်ကိုတုန်...ညီမလေးမုန့်ပြော တာမှန်တယ်..ထွက်ဆိုချက် ပေးတာက အနည်းဆုံးတော့ နှစ်နာရီလောက်ကြာ တယ်...ဥပဒေဆိုတာက အကူညီတစ်ခုထက် မပိုဘူးမဟုတ်လား...ဒီတော့ သူ့ကို အတင်းအဓမ္မကြီး ခေါ်မနေပါနဲ့နော်...."

"အဟမ်း အဟမ်း..."ဖွတ်ပြီး ကူပြောပေးနေ သော အမျိုးသမီးရဲအရာရှိ နှစ်ယောက်ကို ကြည့်ရင်း လီတုန်း အကြိမ်ရေ အနည်းငယ် ခန့် ချောင်းဟန့်လိုက်သည်။

"နင်တို့နှစ်ယောက်...စကားပြောရင် အချိန်နဲ့ နေရာလေးလည်း ကြည့်ပြောကြဦး..ဝတ် ထားတာ ကယူနီဖောင်းနဲ့နော်..."

"အမှန်ပြောနေတာပဲကို..."ဆံပင်အတိုနှင့် အမျိုးသမီးအရာရှိမှ ပြောလိုက်ပြီး "ဒီရဲ့ အီရန်ဘွိုင်းက သူအလိမ်ခံရမှန်းသိတာတောင်မှ တရားမျှတမှုအတွက် ခုခံပေးခဲ့တာလေ...အဲ့တာကြောင့် ညီမတို့ သူ့ကို အတင်းထွက်ဆိုချက် ပေးခိုင်းဖို့ လိုမယ်လို့တော့ မထင်ဘူး....ဂုဏ်တောင် ပြုပေးရဦးမှာ..."

"ဟုတ်တယ်...ထောက်ခံတယ်.."နောက်တစ်ယောက်မှလည်း ဝင်ပြောပေးလိုက်သည်။

"ပြီးတော့ ဒီလူလိမ်လေးကောင်ကိုလည်း စခန်းရောက်ရင် သေချာလေး ပညာပေးရမယ်..ညီမတို့သာ စောရောက်မလာခဲ့ရင် အီရန်ဘွိုင်းလေးကတော့ ရုပ်ပျက်ဆင်ပျက်တွေ ဖြစ်ကုန်တော့မှာပဲ.."

"ဟင်း...သူ ရုပ်ပျက်ဆင်းပျင် ဖြစ်ရင်တောင်မှ သူ့ရဲ့ လက်ကျန်ဘဝတစ်လျှောက်လုံး အတွက် တာဝန်ယူပေးဖို့ ဆန္ဒရှိပါတယ်လေ"

ဖက်ခ်...ဘာတွေ ဆန္ဒရှိနေတာလည်း...ခင်များတို့ သောက်လုံးနဲ့ သေချာကြည့်စမ်း..ခံရတဲ့သူက ငါပါဟ...

"ကောင်းပြီလေ..ငါ့ညီမတွေ ဒီလောက်ပြောနေမှတော့ လွှတ်ထားလိုက်တော့မယ်..ဘာပဲဖြစ်ဖြစ် လုပ်ရိုးလုပ်စဉ်လေးပဲမလား..."

လီတုန်း လက်ဝှေ့ယမ်း၍ သူ့လုပ်ဖော်ကိုင်ဖက်များကို ခေါ်လိုက်ပြီး "ဒီ

လေးကောင်ကို ခေါ်သွားပြီး စစ်ဆေးရေး ဌာနကို ပို့ထားလိုက်။။..."

"နားလည်ပါပြီ အစ်ကိုတုန်.."

မိနစ်အနည်းငယ် ကြာပြီးနောက် ကျန်းရုံချန်နှင့် အပေါင်းအပါတစ်သိုက်တို့ စတီး လက်ကောက်လေးများဖြင့် ရဲကားဆီသို့ ခေါ်ဆောင်ခြင်း ခံလိုက်ရသည်။

အုပ်စုမှာ ခြံပေါက်ဝသို့ ရောက်လာခဲ့ပြီးနောက် လီတုန်း လင်းရီကိုကြည့်ကာ "ခုလို ကူညီပေးလို့ ကျေးဇူးပဲကွာ ငါ့ညီ...ပြန်ရောက်မှပဲ မင်းရဲ့ ရဲဝံ့မှုအတွက် ဂုဏ်ပြုမှတ်တမ်း လုပ်ပေးတော့မယ်..."

"မလိုပါဘူးဗျာ..ကောင်းသူကိုကယ်ပြီး မကောင်းသူကိုဖယ်ရမှာက ကျွန်တော်တို့ရဲ့ တာဝန်ပဲ မဟုတ်လား..."

"အစ်ကိုတုန်..မြင်လား..သူ့မှာ တရားမျှတတဲ့ စိတ်ဓာတ်ရှိပြီးတော့ အရမ်းလည်း နိမ့်ချတယ်နော်..လူတိုင်း သူ့ဆီကနေ သင်ယူကြရင် ဘယ်လောက်တောင် ကောင်းလိုက်မလဲ..."ဆံပင်အတိုနှင့် ရဲဝန်ထမ်း အမျိုးသမီးမှ ပြောလိုက်၏။

"ညီမတို့ သူ့ကို သီးသန့်အင်တာဗျူးပြီး သူ့ရဲ့ သူရဲကောင်းဆန်မှုကို ကျိုးဟိုင်တစ်မြို့လုံး သိအောင် ကြေညာကြရင်ကော ..."

"အာ..အဲ့လိုတွေ မလုပ်ပါနဲ့ဗျာ..ကျုပ်က ဒီတိုင်း မထင်မရှားလေးပဲ နေချင်တာ...သီးသန့်အင်တာဗျူး လုပ်ဖို့ရာကတော့ မေ့လိုက်ကြတာပေါ့.."လင်းရီပြောလိုက်၏။

လင်းရီတွင် လုပ်စရာ အများကြီး ရှိနေသေးသောကြောင့် ထိုကိစ္စအတွက် အချိန်မပေးချင်ပေ။

"ကောင်းပြီလေ..အဲ့တာဆိုလည်း မေ့လိုက်ကြတာပေါ့.."လီတုန်း အပြုံးလေးဖြင့် ပြောလိုက်ပြီး သူ၏ လုပ်ဖော်ကိုင်ဖက်များနှင့် အတူ ထွက်သွားခဲ့လေသည်။

ရဲများ ထွက်သွားပြီးေနာက်လူအုပ်ကြီးမှာလည်း လူစုခွဲသွားကြ၏။ လင်းရီ ကားထဲမှ

အနက်ရောင် အထုပ်တစ်ထုပ်ကို ယူလိုက်ပြီး "ဒီနေ့ ကူညီပေးတဲ့အတွက် ကျေးဇူးပဲကွာ.....ဒီထဲမှာ ယွမ် ၂၀၀,၀၀၀ ပါတယ်..ညီကိုတွေ မျှယူကြပေါ့..."

"မလုပ်ပါနဲ့ဗျာ..မစ္စတာလင်းက သခင်လေးချင်းရဲ့ သူငယ်ချင်းကောင်းဆိုတော့ ကူညီပေးရမှာက ကျွန်တော်တို့ တာဝန်ပါပဲ..လက်မခံပါရစေနဲ့ဗျာ..."

သို့နှင့် လိုျုယင်ရှီးနှင့် ကျန်သူများ လင်းရှီကို ပိုက်ဆံပေးရန် အခွင့်ရေး မပေးဘဲအလောသုံးဆယ်ဖြင့် ၎င်းတို့ကားထံ ပြေးသွားကြလေသည်။

လင်းရီ အိတ်ကို ကားထဲသို့ ပြန်ထည့်လိုက်သည်။ သူအချိန်ရမှပဲ ချင်းဟန်ကို ကျေးဇူးတင်သည့်အနေနှင့် တစ်နပ်လောက် ပြုစုလိုက်တော့မည်။

မစ်ရှင် ပြီးမြောက်နှုန်းမှာ (၁၇/၂၀)သို့ ရောက်နေသည်ကိုလည်းမြင်တော့ လင်းရီ ရွှင်မြူးသွားခဲ့သည်။ အကယ်၍ ကံတရားသာ စောင်မပါက ယနေ့အတွင်း မစ်ရှင် ပြီးမြောက်ရန် သေချာလေသည်။

နေ့လည်အချိန် နီးနေပြီ ဖြစ်သောကြောင့် နီးရာ နေရာ၌ နေ့လည်စာ ဝင်စားပြီးနောက် အလုပ်စတင်တော့၏။

အချိန်မှာ ညနေလေးနာရီ ထိုးပြီးဖြစ်သည်။ လင်းရီလည်း ရီဗျူးငါးခု လက်ခံထားပြီး ဖြစ်၏။

သို့သော်လည်း သုံးခုမှာ အသင့်တင့် ရီဗျူးများသာ ဖြစ်နေပြီး ကြယ်ငါးပွင့်ရီဗျူး နှစ်ခုတည်းသာ ရရှိခဲ့လေသည်။

မစ်ရှင်ပြီးမြောက်ရန် ရီဗျူးကောင်း တစ်ခုတည်းသာ လိုအပ်သောကြောင့် မပေးရကောင်းလားဟု စိတ်ထဲ မြင်ယောင်လာသူ မှန်သမျှကို ကျိန်ဆဲနေတော့၏။

ကလင် ကလင် ကလင်

လင်းရီ နောက်ထပ် ကြယ်ငါးပွင့် ရီဗျူးရရန် ကြိုးပမ်းတော့မည့်အချိန်တွင် ဝမ်းရင်းထံမှ ဖုန်းဝင်လာခဲ့၏။

"ရီ....နင်ခု ဘယ်မှာလဲ..ငါ့ကို လာကြိုပေးလို့ ရမလားဟင်..."ဝမ်ရင်း ငိုသံကြီးဖြင့် ပြော လာခဲ့သည်။

## အခန်း (၂၂၁)

"ဘာဖြစ်တာလဲ အစ်မရင်း.."

လင်းရီ စိတ်ပူမိသွားပြီး မသိလိုက်စွာဖြင့် အသံကိုမြှင့်ပြီး မေးလိုက်၏။

နှစ်ယောက်မှ နှစ်ဝက်နီးပါးခန့် အလုပ်အတူ တွဲလုပ်ဖူးသောကြောင့် လင်းရီ သူမ အကြောင်း ကောင်းကောင်းသိသည်။ အကယ်၍ သူမ ကိုင်တွယ်နိုင်သည့်အရာဆို ပါက မျက်ရည်လွယ်သည့် အမျိုးသမီး မဟုတ်ကြောင်း လင်းရီ ကောင်းစွာ နားလည် ပေသည်။

"အစ်မခု မြူးဇစ်စကွဲနားလေးက ရေပန်း ဘေးမှာ...ငါ့ကို လာကြိုပေးပါလား..."

"ဒါပေါ့...အဲ့မှာပဲ စောင့်နေနော်...ဘယ်မှ လည်း လျှောက်သွားမနေနဲ့ဦး.."လင်းရီ အလျင်လိုနေသည့် အသံဖြင့် ပြောလိုက်၏။

စိတ်ထွက်ရာ ရှာသည့်အနေဖြင့် သူမ လျှောက်သွားမည်ကိုလည်း စိတ်ပူနေရသည်။

လင်းရီထိုနေရာသို့ ရောက်သည့်အချိန်တွင်တော့ ဝမ်ရင်းမှာ လှေကားပေါ်တွင် အနက်ရောင် ခရီးဆောင်အိတ်တစ်လုံးနှင့်အတူ ထိုင်နေပြီး တစ်ကိုယ်တည်း ခြေဦးတည့်ရာ လျှောက်သွားနေသည့် အထီးကျန်ဆန်သော အမျိုးသမီးတစ်ယောက်ကဲ့သို့ ဖြစ်နေလေသည်။

"အစ်မရင်း..."

ဝမ်ရင်းကို မြင်တော့ လင်းရီ ကားထဲမှ ရေးကြီးသုတ်ပျာဖြင့် ထွက်လာခဲ့၏။

ဝမ်ရင်း ခေါင်းမော့ပြီး လင်းရှိကို ဖက်ကာ ရင်ခွင်ထဲသို့ မျက်နှာအပ်၍ ငိုချင်းချ တော့သည်။

"ရှိလေး...အဟင့် အဟင့်..."

"ဟုတ်ပြီ..မငိုနဲ့တော့နော်..ဘာဖြစ်ခဲ့လဲဆို တာသာ ကျွန်တော့်ကို သေချာလေးပြော ပြ.."လင်းရှိ ဝမ်ရင်းကို နှစ်သိမ့်ပေးသည့် အနေဖြင့် ကျောကို ဖြည်းညင်းစွာ ပွတ်သပ် ပေးလိုက်သည်။

ငိုကြွေးသည်က ပြဿနာဖြေရှင်းသည့်ပုံစံ မဟုတ်ချေ။ သူပြဿနာ၏ အကြောင်းရင်း အကြောင်းခံကို ရှာဖွေရပေမည်။

"ရီလေး....ခုငါ့မှာ နေစရာ မရှိတော့ဘူး..အိမ်ခြေရာမဲ့ ဖြစ်သွားပြီ...."

"အိမ်ခြေရာမဲ့..."

လင်းရီ သူမဆိုလိုသည်ကို နားမလည်ခဲ့။

ဘာလို့ အိမ်ခြေရာမဲ့ ဖြစ်သွားတာလဲဟ..

သူဘေးဘီကို ကြည့်မိတော့ လူတိုင်းသူတို့ကို ဝိုင်းကြည့်နေကြောင်း သတိထားမိသွားသည်။

"သွားစို့ အစ်မရင်း..ဒီနေရာက စကားပြောလို့ကောင်းတဲ့ နေရာမဟုတ်ဘူး..ကျွန်တော့်နေရာကို အရင်သွားပြီးတော့မှပဲ ဘာဖြစ်ခဲ့လဲဆိုတာ သေချာပြောကြတာပေါ့..."လင်းရီပြောလိုက်ပြီး "မပူနဲ့..တစ်ယောက်ယောက်

ကသာ အစ်မရင်းကို အနိုင်ကျင့်တယ်ဆိုရင် ကျုပ်သူ့ကို အစိမ်းလတ်လတ် အရေခွံ-ခွာပစ်မယ်"

"အွန်းပါ..ကျေးဇူးပါနော်...အစ်မ နေစရာ ရှာတွေ့တာနဲ့ တန်းထွက်သွားမှာပါ..မောင်လေး ရှိကိုလည်း ဒုက္ခအများကြီး မပေးပါဘူး..."

"မဟုတ်တာတွေ တွေးမနေစမ်းနဲ့ဗျာ...."

လင်းရှိ ဝမ်ရင်းကို ကားထဲသို့ ပွေ့ခေါ်လိုက်လာခဲ့လိုက်ပြီး ကျိုကျုံးဗီလာသို့ ခေါ်လာခဲ့လိုက်၏။

ခမ်းနားထည်ဝါလှသော ကျိုကျုံးဗီလာကြီးကို မြင်တော့ ဝမ်ရင်း စိတ်နည်ငြိမ်သွားခဲ့၏။ ကံမကောင်းစွာဖြင့် သူမ၏ နှလုံးသား

လေးမှာ ဝမ်းနည်းမှုများနှင့် ပြည့်နှက်လို့နေသည်။

အိမ်ထဲသို့ရောက်သောအခါ လင်းရီ ဝမ်ရင်းအတွက် ရေနွေးကြမ်းတစ်အိုးကြိုပေးလိုက်ပြီး သူမထံ ကမ်းပေးလိုက်၏။

"အစ်မရင်း ခုလောက်ဆို စိတ်လည်း အနည်ကျလောက်ရောပေါ့..ဘာဖြစ်ခဲ့လဲဆိုတာ ပြောပြလို့ရပြီလား.."

ဝမ်ရင်း ရေနွေးကြမ်းခွက်ကို လက်တစ်ဖက်မှ ကိုင်ထားပြီး ပကတိ တည်ငြိမ်နေသောလေသံဖြင့် "အစ်မတို့ ကွာရှင်းလိုက်ကြပြီ..."

"အဲ့တာကောင်းတာပဲ မဟုတ်ဘူးလား...."

လင်းရှိ မအုံ့ဩသွားခဲ့။ သူမတို့ အိမ်ထောင်ရေးမှာ အချိန်အတော်ကြာ ကတည်းက အဆုံးသတ်သင့်နေခဲ့၏။

ထို့ပြင် ယမန်နေ့ ကားမောင်းသင်ပေးသည့် ညဉ့်လည်း ဝမ်ရင်း၏ အမျိုးသားကို အခြား မိန်းမတစ်ယောက်နဲ့ အတူတွေ့လိုက်ရလေ သည်။ ကိုယ့်မျက်စိရှေ့တွင် ဖောက်ပြန်နေ သည့် ယောကျာ်းတစ်ယောက်အား မည် ကဲ့သို့သော မိန်းမသားမှ ဆက်လက် ပေါင်းသင်းနိုင်မည်နည်း။ ထို့ကြောင့် ဝမ် ရင်း၏ အမူအကျင့်အရ ကွာရှင်းပြတ်ဆဲ လိုက်သည်မှာ မထူးဆန်းချေ။

"သူ အိမ်နဲ့ ကားကို ယူသွားတယ်..."

"ဘာ....သူကလည်း ဖောက်ပြန်သေးတယ်...ပြီးတော့ အစ်မရင်းအတွက်ကျတော့ ဘာမှ လည်း ချန်မထားပေးဘူးပေါ့...."လင်းရီ မျက်မှောင်ကုပ်လိုက်ပြီး "ဒါဘာသောက်ချိုးလဲဟ...."

"သူပြောတာတော့ အိမ်က သူ့နာမည်နဲ့တဲ့..အဲ့တာကြောင့် အိမ်ကို သူ့ဘက်က သိမ်းသွားတာ..."

"ကားကျတော့ကော..."လင်းရီမေးလိုက်ပြီး "ကျွန်တော် ကားဝယ်တုန်းက အစ်မရင်းရဲ့ နာမည်နဲ့ ဝယ်ပေးခဲ့တာ မဟုတ်လား...."

"ဘာလို့လဲဆိုတော့ ငါ့နာမည်ကြောင့်မို့ပဲလေ..လက်ထပ်ပြီးမှ ရလာတဲ့ ပစ္စည်းဆို

တော့ သူလည်းပိုင်တယ်တဲ့....အဲ့တာကြောင့် ကားလည်း ယူသွားတယ်...."

လင်းရီ တခဏမျှ ကြက်သေသေသွားခဲ့ပြီး ကျယ်လောင်စွာ ရယ်မောတော့သည်။

သူ အရှက်မရှိသည့် လူများစွာကို မြင်ဖူးသော်လည်း ထိုကောင်လောက် သောက်ရှက်မဲ့သည့်လူကိုတော့ မမြင်ဖူးသေးချေ။

"အဲ့တာနဲ့ပဲ အစ်မရင်းက အဝတ်တစ်ထည်ကိုယ်တစ်ခုနဲ့ ဆင်းလာခဲ့တယ်ပေါ့..."လင်းရီ မေးလိုက်ပြီး "ပုံမှန်ဆို အစ်မရင်းက အဲ့လို ဘာမှ ပြန်မပြောရဲတဲ့ ငကြောက် မဟုတ်ပါဘူး..."

"သူ့မှာ စုန့်ဝန်လုံဆိုတဲ့ ညီလေးတစ်ယောက် ရှိတယ်လေ...သူညီမှာက အဆက်အသွယ်နဲ့ ဆိုတော့ အိမ်နဲ့ကားကို ဘာတစ်ခွန်းမှ ပြန်ပြောဖို့ အခွင့်အရေးတောင် မပေးဘဲ ယူသွားခဲ့တာ...."ဝမ်ရင်း မျက်တောင့် နီနီ ကြီးဖြင့် ပြောလိုက်၏။

"အစ်မဘက်က ပြန်ပြောရင်လည်း သူတို့က အစ်မကို မဟုတ်မဟတ်တွေ လုပ်ပြီး စွပ်စွဲ တော့မှာလေ..."

"အဲ့ကောင် အဲ့လောက် အတင့်ရဲနေတာ မဆန်းတော့ပါဘူး..တစ်ယောက်ယောက်က နောက်ခံပေးထားလို့ အဲ့လောက် ဖောင်းကြွ နေတာကိုး...."

လင်းရီ အေးစက်စွာ ပြုံး၍ ပြောလိုက်သည်။

"အစ်မက သူနဲ့ ကွာရှင်းချင်တယ်ဆိုပေမယ့် အိမ်ကို တစ်ယောက်တစ်ဝက် အညီမျှ ခွဲမှာပါ...ဒါပေမယ့် သူက အဲ့လိုလုပ်လိမ့်မယ်လို့တောင် ထင်မထားဘူး...."

"အင်း ...ခုလောလောဆယ်တော့ အစ်မရင်း ကျွန်တော့်ဆီမှာပဲ နေနှင့်ဦး...ကျွန်တော် ဒီကိစ္စကို ကိုင်တွယ်လိုက်မယ်...."

"ရီလေး..နင် ရှုံးရှုံးမိုက်မိုက်တွေ လျှောက်မလုပ်နဲ့နော်...."

ဝမ်ရင်းပြောလိုက်ပြီး "အစ်မမှာ ယွမ်သောင်းဂဏန်းလောက်တော့ ကျန်နေသေး

တယ်..အဲ့တာနဲ့ တိုက်ခန်း တစ်ခန်းလောက် ငှားကြည့်လိုက်မယ်....."

"ဟမ့်...သူက အိမ်ကို သိမ်းရုံတင်မက ဘူး.ကျွန်တော်ဝယ်ပေးထားတဲ့ ကားကို တောင်မှ ယူသွားတယ်ဆိုတော့ ဘယ်လို လုပ် သည်းခံပေးလို့ရမှာ "

"ဒါပေမယ့် စုန့်ဝန်လုံက လွယ်တဲ့သူတော့ မဟုတ်ဘူးနော်...နောက်ပြီး သူ့နောက်ခံက လည်း မသေးလောက်ဘူး..."ဝမ်ရင်း စိုးရိမ် ကြီးစွာဖြင့် "ရီလေး နင်က စဉ်းစားတတ်တဲ့ လူပါဟာ...သူတို့နဲ့ တုမနေပါနဲ့နော်..."

"ရတယ်...ကျွန်တော် သေချာလေး ဖြေရှင်း လိုက်မယ်..."လင်းရီ အသံနိမ့်လိုက်ပြီး "ခု

သူတို့ ဘယ်ရောက်နေလဲဆိုတာ အစ်မရင်း သိလား...."

"စောနတုန်းကတော့ သူတို့ အိမ်မှာပဲ...ခု တော့ ကားနဲ့ ထွက်သွားလောက်ပြီထင် တယ်...."

"အစ်မရင်းရဲ့ ကားကို မောင်းသွားတာမ လား..."

ဝမ်ရင်း အတည်ပြုသည့်အနေဖြင့် ခေါင်းညိ မ့်ပြလိုက်၏။

"အိုကေ..အဆင်ပြေပြီ..."

လင်းရီ ဖုန်းကို ထုတ်လိုက်ပြီး ချင်းဟာန်ထံ ဆက်သွယ်လိုက်၏။

"ချင်းကြီး..ငါ့ကို တစ်ခုလောက် ကူညီကွာ..."

"ဟမ်..လင်းကြီး...တစ်ခုခု ဖြစ်လို့လားကွ...မင်းလေသံကြည့်ရတာ မူမမှန်ဘူး...ဘာကိစ္စလဲ...."ချင်းဟန် လေးနက်စွာဖြင့် မေးမြန်းလိုက်သည်။

"ထွေထူးတော့ မဟုတ်ပါဘူး..ငါ့ကို ကားတစ်စီးလောက် ကူရှာပေးရုံပဲ.."လင်းရီ ပြောလိုက်ပြီး "BMW7 စီးရီး လိုင်စင်နံပါတ်က A38140 မြန်မြန်ရလေ ကောင်းလေပဲ...."

"အိုကေ..ခုပဲ ရှာကြည့်လိုက်မယ်..ငါ့ဆီက သတင်းသာ စောင့်နေလိုက်...."

"ကျေးဇူးပဲကွာ..ငါမင်းကို အကြွေးတင်သွားပြီ.."

"ယီးပဲ..မင်းက ဘာတွေ ပေးချင်သေးတာ....ညီကိုတွေပဲ မပြောပလောက်ပါဘူးကွာ...ငါ့ဆီက သတင်းသာ စောင့်နေလိုက်တော့..."

ဖုန်းချပြီးနောက် လင်းရီ သူ၏ဖုန်းကို ဘေးသို့ ချထားလိုက်သည်။

"ခဏနေဆို သိရပြီ...."

ကျိုးဟိုင်ရှိ ချင်းမိသားစု၏ အဆက်အသွယ်ကွန်ရက်ကြီးနှင့်ဆိုပါက ထိုကဲ့သို့သော ကိစ္စသေးသေးလေးမှာ မပြောပလောက်ချေ။

ယင်းဖြစ်ရပ်က လင်းရီကို သက်ပြင်းချသွားစေသည်။ နေ့ချင်းညချင်း ချမ်းသာလာသော်လည်း ကျိုးဟိုင်ရှိ နှစ်ပိုင်းများစွာ ခြေကုန်ယူလာခဲ့သော မိသားစုကြီးများနှင့်နှိုင်းယှဉ်ပါက သူ၏ အဆက်အသွယ်ကွန်ရက်မှာ အတော်လေး လိုနေသေး၏။

ငါ ဒီထက်ပိုပြီး ကြိုးစားရဦးမယ်....

လင်းရီ နာရီကို တစ်ချက်ကြည့်လိုက်သောအခါ ခြောက်နာရီကျော်နေပြီးဖြစ်ကြောင်းသတိထားမိသွားပြီး "ဝမ်းနည်းမနေနဲ့တော့..ပြီးခဲ့တာတွေက ပြီးသွားပြီပဲလေ..." ဝမ်ရင်းကို ဖျောင်းဖျလိုက်ပြီး "ကျွာလည်း ကျွာရှင်းပြီးပြီးဆိုတော့ ပျော်ပျော်ရွှင်ရွှင်နဲ့ နေလို့ရပြီပေါ့...မဟုတ်ဘူးလား...."

"အွန်း... ကွာရှင်းလိုက်တော့ အစ်မ တကယ့်ကို ပျော်တာသိလား...." ဝမ်ရင်း။ပြောလိုက်ပြီး "ဒါပေမယ့် တစ်ခုခုမှားနေသလို ခံစားနေရလို့..အစ်မက ကျိုးဟိုင် ဒေသခံ မဟုတ်ဘူးလေ..တကယ်လို့ မောင်လေးရီသာ ခေါ်မထားလို့ကတော့ အစ်မမှာ နေစရာ ရှိမှာတောင်မှ မဟုတ်တော့ဘူး... "

"နောက်တစ်မျိုးပြောင်းပြီး စဉ်းစားလိုက်ပေါ့.....ဒါလည်း ကမ္ဘတစ်မျိုးပဲ မဟုတ်လား....အနည်းဆုံးတော့ ကျွန်တော့်နားအကူညီတောင်းလို့ရ နေတာပဲလေ....."

"ဟုတ်သားပဲ "ဝမ်ရင်း ရယ်ေမာလိုက်ပြီး "လွန်ခဲ့တဲ့ နှစ်ဝက်လောက်တုန်းက နင့်ကို

စောင့်ရှောက်ပေးခဲ့တာတွေက ခုချိန်ကျ တော့ အကျိုးပြန်ပေးလာပြီလေ..."

"အင်း...ခုကျွန်တော် ကျေးဇူးတက်ဖို့ အချိန် ရောက်လာပြီပေါ့..."

ဝမ်ရင်း ပြုံးလိုက်ပြီး အသက်ပြင်းပြင်း ရှူ လိုက်လေသည်။ ယခု သူမ ခံစားချက်များ ပိုမိုကောင်းမွန်လာတော့၏။

"နင်ဗိုက်ဆာ နေပြီလား...အစ်မရီ တစ်ခုခု သွားချက်ပေးမယ်လေ...."

"မချက်နဲ့တော့..ကျွန်တော် အပြင်ကနေ မှာထားတယ်..အပေါ်ထပ်သွားပြီး ကြိုက်တဲ့ တစ်ခန်းသာ ရွေးထားလိုက်...ခု လောလောဆယ် ဘာမှ မစဉ်းစားနဲ့ဦး..."

"အွန်း...အရင်ဆုံး ရေသွားချိုးလိုက်ဦးမယ်..တစ်ကိုယ်လုံးလည်း ညစ်ပတ်နေတာပဲ...လူရုပ်နဲ့တောင် မတူချင်တော့သလိုပဲ..."

"ရတယ်..သွားချိုးလေ..."

ဝမ်ရင်း သူမ ပစ္စည်းများကို အပေါ်ထပ်သို့ သယ်သွားချိန်တွင်တော့ လင်းရီ အောက်ထပ်၌ ထိုင်နေပြီး သူ၏ အစာအိမ်ကို ဖြည့်နေလေသည်။

"ရီ...နင်...နင့်ဆီမှာ ဘာလို့ မိန်းကလေးပစ္စည်းတွေ ရှိနေတာလဲ...."ဝမ်ရင်း အပေါ်ထပ်မှ လှမ်းအော်လိုက်ပြီး "မဟုတ်မှလွဲရော နင့်နေရာမှာ မိန်းကလေး

တစ်ယောက်ယောက်ကများ နေသွား သေးတာလား..."

"ဘယ်သူမှ မဟုတ်ဘူး..အဲ့တာ ကျီချင်းရန်ရဲ့ ပစ္စည်းတွေ...သူက တစ်ခါတစ်လေ ဒီလာ နေတယ်လေ...."

"မဖြစ်နိုင်တာ....ဉက္ကဋ္ဌကျီက နင့်နေရာမှာ လာနေဖူးတယ်ပေါ့......"

"အင်း...ကျွန်တော် ဝယ်ဝယ်ပြီးချင်းပဲ သူ လာနေတာလေ....."လင်းရှီ ချက်ကျလက်ကျဖြင့်ပြောပြလိုက်သည်။

"ဒီအခြေနေထိတောင် ရောက်နေပြီ....နင်က သူ့ကို ခုထိ မစားရသေးဘူးပေါ့.."

# အခန်း (၂၂)

"ဟာ....အဲ့လို ဖြုန်းကနဲကြီး စားပစ်လိုက်လို့ ဘယ်ရမှာတုန်းဗျ အစ်မရင်းရဲ့..."

လင်းရီ ပြောလိုက်ပြီး ငိုရအခက် ရယ်ရအခက် ဖြစ်နေလေသည်။

"မောင်လေးရီရဲ့ အရည်အချင်းတွေနဲ့ဆိုရင် ဥက္ကဌကျီဆိုတာက အသာလေး ဆုပ်ကိုင်လို့ရတဲ့ ပန်းတစ်ပွင့်လေးပဲ မဟုတ်လား..."ဝမ်ရင်း ပြောလိုက်၏။

"အင်း.....တကယ်တော့ ချင်းရန်က အရမ်း လှတဲ့ မိန်းကလေးပါ..."

"မောင်လေးရဲ့ ပြောတာ မှန်တယ်..ကျီချင်း ရန်ရဲ့ အလှက မိန်းကလေးချင်းတောင် မ နာလိုဖို့ ကောင်းလောက်အောင် လှရက် လွန်းတယ်..."ဝမ်ရင်း ပြောလိုက်ပြီး "ဟူး...ဘယ်လောက်တောင် သနားဖို့ ကောင်းလိုက်လဲ..တင်းမှည့်နေတဲ့ မက်မွန်သီးကြီးကို ခုထိ ခြွေစားမယ့်သူ မရှိ သေးဘူးဖြစ်နေတာ...ကြာလို့ ပုပ်သွားရင် တော့ နှမြောစရာကြီး....ဘော့စ်ကျီလို အလှ လေးတောင်မှ အခူးမခံရသေးဘူးဆိုတော့ အစ်မရင်းလည်း နောက်တန်းမှာ တန်းစီနေ ရဦးမယ်နဲ့ တူပါတယ်ဟယ်.."

"ဘာလို့ အပိုတွေလျှောက်ပြောနေတာ...အစ်မရင်းကကျွန်တော့်ကို ရချင်နေသေးတာလား..."

"ခစ်ခစ် ဘာလို့ အဲ့လိုကြီး ပြောလိုက်တာလဲ...ဒီက မိန်းမသားပါဆိုနေမှ.."ဝမ်ရင်း ပြောလိုက်ပြီး "ဘာပဲဖြစ်ဖြစ် အစ်မရင်းလည်း ဆာနေတာနဲ့ အတော်ပဲ..ခဏနေစားကြမလား..."

"အင်း..ဒီကိစ္စက တော်တော်လေး နက်နဲသွားပြီ ...သေချာလေးဆွေးနွေးကြတာပေါ့"

"လဲေ-သလိုက်....ငါက ထမင်းစားဖို့ ပြောတာ"

ထိုသို့ပြောပြီးနောက် ဝမ်ရင်း ရေချိုးခန်းထဲ ဝင်သွား၏။

အောက်ထပ်တွင်တော့ ရေချိုးခန်းထဲရှိ ရေများ ပြေးလွှားနေသည့် အသံကို ကြားနေရပြီး လင်းရီကတော့ ထိုင်ခုံပေါ်တွင် ထိုင်၍ ချင်းဟာန်၏ သတင်းကို စောင့်နေလေသည်။

နာရီဝက်ကြာပြီးနောက် ဝမ်ရင်း ညအိပ်ဝတ်စုံနှင့် အတူ အောက်သို့ဆင်းလာခဲ့၏။ တစ်ချိန်တည်းတွင် လင်းရီမှာထားသည့် အစားအသောက်များလည်း ရောက်နေနှင့်ပြီး ဖြစ်သည်။

ကလင် ကလင် ကလင်

စားကောင်းနေစဉ် ဖုန်းသံ မြည်လာခဲ့၏။ ချင်းဟန်မှ ခေါ်လာခဲ့ခြင်းပင်။

"လင်းကြီး.....မင်းပြောထားတဲ့ကားကို ရှာတွေ့သွားပြီ..."ချင်းဟန် ပြောလိုက်ပြီး "ကားပိုင်ရှင်ကတော့ ဝမ်ရင်းလို့ခေါ်တဲ့ အမျိုးသမီးပဲ..ပြီးတော့ ကားက ဝယ်ထားတာလည်း သိပ် မကြာသေးဘူး..."

ချင်းဟန် ဝမ်ရင်းနှင့် တစ်ခါ ဆုံခဲ့ဖူးသော်လည်း ကားမှာ သူမ၏ ကားဖြစ်နေလိမ့်မည်လို့တော့ မထင်ထားပေ။

"အဲ့လိုမဟုတ်ဘူးလေကွာ.."လင်းရီ ပြောလိုက်ပြီး "ငါသိချင်တာက ခု အဲ့ကားရဲ့ တည်နေရာ အတိအကျကိုဟ.."

"အနောက်လမ်းရဲ့ ဟာရီကိန်းဘား အဝင် ပေါက်မှာ ...ခု ငါ့လူတွေ အဲ့ကားကို သေချာ စောင့်ကြည့်ထားတယ်..လစ်ထွက်သွားမှာ စိတ်ပူစရာ မလိုဘူး.."

"အေး... ကျေးဇူးပဲ..ငါခုပဲ အဲ့ကိုသွား မယ်..."လင်းရီ အသံနိမ့်၍ ပြောလိုက်လေ သည်။

"လင်းကြီး ပြောစမ်းပါကွာ..ဘာဖြစ်တာ လဲ....အကူညီလိုရင် ပြောနော်ဟျောင့် ...ဘာ မှ အားနာမနေနဲ့..."

"ရတယ် မလိုဘူး..ဒီတိုင်း အသေးမွှား ကိစ္စ လေးပါ....ငါ့ဘာငါ ကိုင်တွယ်လို့ရ

တယ်..."လင်းရီ ပြောလိုက်ပြီး"နောက်မှပဲ မင်းကို ညစာလိုက်ကျွေးမယ်ကွာ.."

ထို့နောက် လင်းရီ စကားပြန်ပြောရန် အခွင့်ရေးပင် မပေးဘဲ ဖုန်းတန်းချလိုက်၏။

"ရှာတွေ့ပြီတဲ့လား.."

လင်းရီ ခေါင်းညိမ့်လိုက်ပြီး "အစ်မရင်း အိမ်မှာပဲ နေခဲ့လိုက်..ကျွန်တော် ခဏနေဆို ပြန်လာခဲ့မယ်..."

"တော်ပြီ..အစ်မလည်း နင်နဲ့ လိုက်ခဲ့ချင်တယ်..."ဝမ်ရင်း တောင်းဆိုလိုက်၏။

"ကျွန်တော်နဲ့...."

"အွန်း...ဒါက အစ်မတို့နှစ်ယောက်ကြားက ကိစ္စဆိုတော့ အစ်မတို့နှစ်ယောက်ကိုယ်တိုင်

အဆုံးသတ်တာပိုကောင်းမယ်လို့ ထင်တယ်.."

လင်းရီ စက္ကန့်အနည်းငယ်ခန့် တိတ်ဆိတ်ပြီးနောက်

"ကောင်းပြီလေ..လိုက်ချင်သပဆိုလည်း လိုက်ခဲ့ပေါ့ဗျာ..."

"အွန်း..ခဏလောက်စောင့်ပေးဦးနော်..အဝတ်တွေလဲပြီး ပြန်လာခဲ့မယ်.."

ဝမ်ရင်း အဝတ်အစားပြန်လဲရန် သိပ်မကြာလိုက်ပဲ လင်းရီနှင့်အတူ ဟာရီကိန်းဘားသို့ ထွက်လာခဲ့လိုက်၏။

နှ၏ါ်ယောက်ဟား ဟာရီကိန်း ဘားသို့ ရောက်လာသောအခါ ဝမ်ရင်း၏ BMW7

မှာ ဝင်ပေါက်ဝ၌ ထိုးရပ်ထားကြောင်း တွေ့လိုက်ရသည်။

"သွားစို့..အထဲဝင်သွားကြည့်ရအောင်.."

လင်းရှိ ပေါ့ပါးစွာ ပြောလိုက်၏။

"အွန်း..."

"မစ္စတာလင်း.."

လင်းရှိတို့နှစ်ယောက် ဘားထဲ ဝင်တော့မည့်အချိန်တွင် နောက်မှ တစ်ယောက်ယောက် လှမ်းခေါ်သံကို ကြားလိုက်ရပြီး လှည့်ကြည့်လိုက်သောအခါ သူနှင့် ရင်းနှီးနေသူ တစ်ဦး လျှောက်လာခဲ့၏။

"ဟမ်...မင်းက ဒီဘာလာလုပ်တာ.."လင်းရှိ ထူးဆန်းဟန်ဖြင့် မေးလိုက်သည်။

"သခင်လေးချင်းက ကျွန်တော့်ကို ဒီနေရာမှာ စောင့်ခိုင်းပြီးတော့မှ မစ္စတာလင်းကို မဝင်ခိုင်းသေးဖို့ ပြောထားလို့ပါဗျ..."

"ငါ့ကို မဝင်သေးနဲ့ဦး...."

လျိုယင်းရှီ ခေါင်းညိမ့်လိုက်ပြီး "သခင်လေးချင်း ပြောတာတော့ ဒီဘားရဲ့ ပိုင်ရှင်က နောက်ခံ တစ်ချို့ ရှိတယ်တဲ့..အဲ့တာကြောင့် မစ္စတာလင်း တစ်ခုခု ဖြစ်မှာဆိုးလို့ သူ့အလာကို စောင့်ပေးပါဦးတဲ့ခင်ဗျ..."

"မလိုဘူး..မင်း ဒီမှာစောင့်နေလိုက်...ငါ ဝင်ပြီး တစ်ချက် သွားကြည့်လိုက်ဦးမယ်..."

"မစ္စတာလင်း...ကျွန်တော်လည်း သခင်လေးချင်း အမိန့်ပေးထားလို့ လုပ်နေရတာပါ

ဗျ..ခဏာနေဆို သခင်လေးချင်းလည်း ရောက်လာတော့မှာဆိုတော့ ဘာလို့......"

"ရတယ်..ငါ့ရှေ့က ဖယ်စမ်း..."

လင်းရီ လျိုယင်းရှီကို ပခုံးမှကိုင်၍ ဘေးသို့ တွန်းဖယ်လိုက်ပြီး ဝမ်ရင်းနှင့်အတူ ဘားထဲသို့ ဝင်သွားလေသည်။

အခြေနေက မျှော်လင့်ထားသည့်အတိုင်း သိပ်မဟန်သည်ကိုမြင်တော့ လျိုယင်းရှီလည်း လင်းရီ တို့နောက်မှ လိုက်သွားလိုက်သည်။ အကယ်၍ တစ်စုံတစ်ရာ ဖြစ်လာခဲ့မည်ဆိုပါက အနည်းဆုံးတော့ မစ္စတာလင်းကို ကာကွယ်ပေးလို့ရ၏။

တစ်ချိန်တည်းတွင် ဝမ်ရင်း၏ ခင်ပွန်းဟောင်း စုန့်ဝန်ဟိုင်မှာ ဘားထဲရှိ သီးသန့်ခန်း တစ်ခုတွင် သူ့အပေါင်းအပါများနှင့် ခွက်ချင်း တိုက်နေလေသည်။

"ညီလေး...လာကွာ..ဒီနေ့မင်းကိုကြီးက မင်းကို တိုစ်လုပ်ပေးပါရစေ...တကယ်လို့ မင်းသာ မကူညီလို့ကတော့ အဲ့ဒီရဲ့အိမ်နဲ့ကားကို ဘယ်လိုမှ ရဖို့ အခွင့်ရေး ရှိမှာ မဟုတ်ဘူး.."စုန့်ဝန်ဟိုင်မှ ပြောလိုက်သည်။

"ကျုပ်ရဲ့ အစ်ကိုကြီးဆိုမှတော့ ကူညီပေးရမှာ သဘာဝပဲ မဟုတ်လား..." စုန့်ဝန်လုံပြောလိုက်ပြီး "ဒါပေမယ့် မရီးက ကျုပ်ကို အတော်လေး အံ့အားသင့်သွားစေတယ် သိလား...ဒီလောက် ပိုက်ဆံတွေ အများကြီး

ကြိုတ်စုထားလိမ့်မယ်လို့တောင် ထင်မထားဘူး...ကျုပ်ဆိုခုထိ BMW7 ကို မမောင်းဖူးသေးဘူး..."

"ဒါပေါ့ကွ...ငါလည်း ကားကို မြင်တော့ အတော်လေး အံ့အားသင့်သွားတာ .."စုန်ဝန်ဟိုင် ပြောလိုက်ပြီး "သူ ဒီနှစ်တွေအတွင်း ကားဝယ်နိုင်လောက်တဲ့ထိ ပိုက်ဆံတွေ ဘယ်လို စုခဲ့လဲတောင် မသိဘူး..."

"အဲ့တာက အရေးမကြီးဘူး..ဘာပဲဖြစ်ဖြစ် နောက်ဆုံးကျတော့ ကျုပ်တို့ညီကို လက်ထဲရောက်လာတာပဲ မဟုတ်လား...ဟားဟား....."စုန့်ဝန်လုံး ကျယ်လောင်စွာ ရယ်မော၍ ပြောလိုက်သည်။

"ခု အိမ်နဲ့ ကားကလည်း အစ်ကိုကြီး အပိုင် ဖြစ်ပြီဆိုတော့ ခိုးစားနေစရာလည်း မလို တော့ဘူး....ပေါ်တင်သာကြိတ်တော့ဗျာ... "

"ငါမင်းကို ပြောပြမယ် ဘယ်သူ့မှ လျှောက် မပြောနဲ့...ငါသူနဲ့ ပေါင်းနေတယ်ဆိုတာက ငါ့ထက်ပိုက်ဆံ ပိုရှာနိုင်လို့ပဲကွ...မဟုတ်ရင် ငါက သောက်ဂရုတောင် စိုက်မှာ မဟုတ် ဘူး..."

စုန့်ဝန်ဟိုင်ပြောလိုက်ပြီး "တကယ်တော့ သူ့ ဆီကနေ နောက်ထပ် နည်းနည်းပါးပါး လောက် ညစ်ထုတ်ချင်သေးတာ..ဒီလိုတွေ ဖြစ်လာတော့မှလည်း ဘယ်တတ်နိုင်တော့ မှာ ....သူ့ပိုက်ဆံ အကုန်လုံးလည်း ကား

ထဲဝင်သွားလောက်ပြီဆိုတော့ အမြတ်လို့ပဲ တွေးတာပေါ့.ကွာ.."

"ထောက်ခံတယ်...."

စုန့်ဝန်လုံ မျက်မှန် ပင့်တင်လိုက်ပြီး "အစ်ကို ကြီး ..ကျုပ်တို့ ဒီနေ့ သောက်ရမ်းတွေ ပျော် နေတယ်ဆိုတော့ အပြတ်ကဲကြမယ်ဗျာ...မ မူးမချင်း အိမ်မပြန်ကြေး....."

ဘန်း....

လူတိုင်း ခွက်ချင်းတိုက်ပြီး သောက်နေကြ ချိန် သီးသန့်ခန်း တံခါးမှာ ဘန်း ခနဲ အသံမြည်၍ ပွင့်လာခဲ့ပြီး စုန့်ညီအစ်ကိုများ ကို တွန့်ခနဲ ဖြစ်သွားစေသည်။

"ဝမ်ရင်း..မင်းဒီဘာလာလုပ်တာလဲကွ..."

ဝမ်ရင်း ရောက်လာသည်ကိုမြင်တော့ ဝမ်ဟိုင် အံ့အားသင့်သွားခဲ့သည်။ ပိုပြီး သိချင်မိသည်က သူမ ဘေးနား ရပ်နေသည့်သူကိုပင်။

ဝမ်ရင်းကတော့ မျက်နှာချင်းဆိုင် ကြုံတွေ့ရသည့်အချိန်တွင် ကြောက်လန့်နေခဲ့ပြီး ဘာမှ ပြောမထွက်ပဲ လင်းရီနောက်သို့ မသိလိုက်စွာဖြင့် ပုန်းနေမိသွားသည်။

"ခင်များက ဒီလောက် သောက်ရှက်မရှိတဲ့ လုပ်ရပ်တွေ လုပ်ထားပြီးတော့မှ ဘာလာလုပ်တာလဲလို့ မေးထွက်သေးတယ်ပေါ့..."

ဝန်လုံ၏ လူများအားလုံး မတ်တပ်ရပ်လိုက်ကြပြီး လင်းရီကို တစ်ခုခု လုပ်တော့မည့်

အချိန်တွင် ဝန်လုံမှ လက်အသာ ကာပြ လိုက်သည်။

"ငါက ဘာလို့များ ဒီရောက်လာရဲတာလဲ ဆို ပြီးတော့ သိချင်နေခဲ့ တာ..လက်စသတ်တော့ အားကိုးလေး ပါလို့ ကိုး..."စုန့်ဝန်ဟိုင်ပြောလိုက်၏။

"လာတော့ကော ဘာဖြစ်လဲ..နင်က ငါ့ အပေါ် လည်းဖောက်ပြန်သေးတယ်..ပြီး တော့ ခြူတစ်ပြားမှ မကျန်အောင်လည်း ယူသွားဖို့ နင့်မှာ ဘာအခွင့်ရေးရှိလို့လဲ..."

"ဘာအခွင့်ရေး ရှိလဲ ဟုတ်လား...ငါ့ညီလေး က အဆက်အသွယ်တွေ ရှိတယ် လေ..."စုန့်ဝမ်ဟော့ပြောလိုက်ပြီး "ပြောကြ

တာတော့ တစ်ညအတူနေပြီးလည်း အကြင်လင်မယားပဲတဲ့...ငါလည်း မျက်နှာပျက်စရာတွေ မဖြစ်ချင်ဘူး..ဒီတိုင်း သာသာယာယာလေးပဲနေချင်တာ..ဒါပေ မယ့် မင်းဘက်က စပြီး ကွာရှင်းချင်နေ တယ်ဆိုမှတော့ ငါလည်း ဆောရီးလို့ပဲ ပြော နိုင်တယ်..အိမ်ထဲမှာ ရှိတဲ့ ပစ္စည်းတွေ အားလုံးက ငါ့အပိုင်ပဲ...မင်းနဲ့ ဘာမှ မဆိုင် တော့ဘူး..."

"အစ်ကိုကြီး ခင်များက သူမနဲ့ လမ်းခွဲပြီးပြီ ကိုပဲ..ဘာဆိုင်လို့ သောက်ရေးမပါတာ ဆက်ပြောနေဦးမှာလဲ..."စုန်ဝန်လုံပြော လိုက်ပြီး "သူ့ကို ယွမ် လေးငါးသိန်းလောက်

ပေးလိုက်စမ်းပါဗျာ..အဲ့လောက်ဆို ကြေ အေးပေးသင့်လောက်ရောပေါ့..."

"အဲ့လို မပြောနဲ့လေကွာ..ဘာပဲပြောပြော သူက မင်းမရှိး ဖြစ်ခဲ့ဖူးတာပဲမလား.."

ထိုသို့ပြောပြီးနောက် စုန့်ဝန်ဟိုင် ဝမ်ရင်းကို ကြည့်၍ "မင်းလည်း ငါ့စရိုက်အကြောင်း ကောင်းကောင်းသိပါတယ်..ငါက

လောဘကြီးတဲ့ကောင် မဟုတ်ဘူး..ဒီတော့ မင်းကို ယွမ် ၅,၀၀၀ ပေးမယ်...ယူပြီးတော့ ထွက်သွားလိုက်တော့.. ကောင်းသောခွဲခြင်း ဖြစ်မယ်လို့ မျှော်လင့်တယ်...နောက်ဆို ငါ့ ရှေ့မှာ ထပ်ပေါ်မလာနဲ့တော့.."

"ဘယ်သူက နင့်ရဲ့ညစ်ပတ်တဲ့ ငွေကို လိုချင်နေလို့လဲ..."ဝမ်ရင်း ပြောလိုက်ပြီး "ပြီးတော့ ငါ့ပိုက်ဆံတွေ နဲ့ပဲ အဲ့အိမ်ကို ဝယ်ထားတာ နင်နဲ့ ဘာဆိုင်လို့လဲ..."

"မင်း ဝယ်ထားတာ..."ဝန်ဟိုင် ရယ်မောလိုက်ပြီး

"ဟီးဟီး...စိတ်ဝင်စားစရာပဲ..အဲ့တော့ ငါက ဘာလုပ်ပေးရမှာ..ခုငါ့ဟာ ဖြစ်သွားပြီလေ.. မကျေနပ်လို့ တရားစွဲလည်း ယီးပဲလို့..အဆုံးကျရင် ငါ့ကိုပဲ ပေးရမှာ.."

ခွမ်း....

လင်းရီ စကားတစ်ခွန်းမျှ မပြောဘဲ ဘီယာပုလင်းကိုင်၍ စုန့်ဝန်ဟိုင်၏ ထိပ်တည့်တည့်ကို ပစ်ပေါက်လိုက်သည်။

"ကျုပ် သောက်ရှက်မဲ့တဲ့သူတွေ မရေမတွက်နိုင်လောက်အောင် မြင်ဖူးတယ်..ဒါပေမယ့် ခင်များလောက် သောက်ရှက်မဲ့တဲ့သူမျိုးတော့ မမြင်ဖူးသေးဘူး...တော်တော်လေးကို အမြင်ကျယ်သွားတယ်ပြောရမယ်...ချမ်းသာတာက မင်းမှ ချမ်းသာတာမဟုတ်ဘူး..ငါလည်း ချမ်းသာတယ်ကွ..မင်းထက် အဆထောင်သောင်းမက ချမ်းသာတယ် ...ဒါပေမယ့် မင်းလောက်တော့ ဝင့်ကြွားမနေဘူး..."

# အခန်း (၂၃)

အား....

ဘီယာပုလင်းမှာ စုန့်ဝန်ဟိုင်၏ ခေါင်းတည့်တည့် မှန်သွားခဲ့ပြီး သွေးများမှာ ရေအလား စီးကျလာပြီး ကြမ်းပြင်ပေါ်သို့ တတောက်တောက် ကျနေတော့၏။

"မင်းငါ့အစ်ကိုကြီးကို ထိရဲတယ်ပေါ့လေ..."စုန့်ဝန်လုံ သစ်သီးလှီးဓားကို ကောက်ကိုင်လိုက်ပြီး လင်းရီထံသို့ အရှိန်ဖြင့် ပြေးလာခဲ့၏။

"ဟျောင့် မင်း ကိုယ့်ဘာကိုယ် ဆင်ဆင်ခြင်ခြင်နေတာ ကောင်းမယ်နော်..."

လျိုယင်းရှီ သတိပေးလိုက်ပြီး "မင်းသိအောင် ပြောပြလိုက်မယ်..မစ္စတာလင်းက သခင်လေးချင်းရဲ့ သူငယ်ချင်းကွ..မင်းသူ့ကို ထိရဲရင် ဒီဘားထဲကနေ လေးဘက်ကုန်း သွားရလိမ့်မယ်..မယုံရင် စမ်းကြည့်ကြည့်လိုက်..."

"အဲ့တော့ ယီးလုပ်ရမှာလား..မင်းရဲ့ သခင်လေးချင်းကိုလည်း ယီးပဲလို့...ငါ့အစ်ကိုကို ထိရဲရင် ကျောက်စိမ်းကေရာဇ်ကြီး ဆက်းလာရင်တောင်မှ သူ့ကို ရအောင် သတ်မယ်ကွ...""

စုန့်ဝန်လုံကတော့ သခင်လေးချင်း ဘယ်သူလဲဆိုတာ သောက်ရေးလုပ်မနေတော့ပဲ တုံ့ဆိုင်းခြင်းမရှိလင်းရီထံသို့ ပြေးလာခဲ့လိုက်၏။

"ရီလေး..သတိထားနော်..."

လင်းရီ မျက်မှောင်ကုပ်လိုက်ပြီး ဓားကြီးကိုင်၍ အရှိန်ဖြင့် ပြေးလာသော စုန့်ဝန်လုံကို ခါးမှဆွဲကာ မြေပြင်ပေါ်သို့ ကိုင်ပေါက်လိုက်သည်။ စုန့်ဝန်လုံ အော်သံအကျယ်ကြီးတစ်ချက်ပြု၍ သစ်သီးလှီးထားမှာလည်းကြမ်းပြင်ပေါ်သို့ ပြုတ်ကျသွားပြီး ၎င်း၏တိုက်ခိုက်နိုင်သည့် ခွန်အားကို ရုတ်ချည်းဆုံးရှုံးသွားစေတော့၏။

ဘုန်း ဘုန်း ဘုန်း...

အမှောက်သိပ်ပြီးနောက် လင်းရီ ဝန်လုံ၏ ရင်ဘက်ကို တဘုန်းဘုန်း ဆောင့်ကန်လိုက်ပြီး အားရတော့မှ နောက်ဆုံးတစ်ချက်အနေဖြင့် ဘောလုံးတစ်လုံးလို မီတာအနည်းငယ် လွင့်သွားသည်အထိ ကန်ပစ်လိုက်သည်။

ဘန်း...

"အစ်ကိုလုံ..."

စုန့်ဝန်လုံ နံရံနှင့် တိုက်မိပြီးနောက် ကြမ်းပြင်ပေါ်သို့ ပြန်ပြုတ်ကျလာခဲ့လေသည်။

ထိုအခါ သူ့လူများ ဝန်လုံထံသို့ ဝိုင်းအုံလာကြ၏။

"မပူနဲ့...ငါဘာမှမဖြစ်ဘူး..အဲ့ ခွေးမသားကိုပဲ ရအောင်သ-တ်......"ဝန်လုံ အော်ဟစ်လိုက်သည်။

"ငိုးပဲ..ဘယ်ကောင်က ငါသခင်လေးချင်းရဲ့ သူငယ်ချင်းကို ထိရဲတဲ့အထိ ဘောတွေ ရှိနေတာလဲကွ..."

ယင်းအသံက အချေအတင်ဖြစ်တော့မည့် ရန်ပွဲကို ရပ်တန့်သွားစေပြီး လူတိုင်း အပြင်မှ ရောက်လာခဲ့သည့် လူငယ်လေးကို ကြည့်မိလိုက်ကြသည်။

ချင်းဟာန်ကို မြင်တော့ စုန့်ဝန်လုံ အထိတ်တလန့် ဖြစ်သွားခဲ့ပြီး "မင်း...မင်းက ကျိုးဟိုင်ရဲ့အင်ပါယာ ချင်းဟာန်မလား..."

"အိုး ငါ့ကို သိတာလား..အဲ့လိုဆို စကားပြောရတာ ပိုလွယ်သွားတာပေါ့..."

ချင်းဟာန် ဖြစ်ကြောင်း အတည်ပြုပြီးနောက် စုန့်ဝန်လုံ မျက်နှာ ဖြူလျော်သွားခဲ့ပြီး သေးထွက်လုမတတ် ကြောက်ရွံ့သွားခဲ့သည်။

လျိုယင်းရှီ ပြောနေသည့် သခင်လေးချင်းက ကျိုးဟိုင်၏ အင်ပါယာ ချင်းဟာန် ဖြစ်နေလိမ့်မည်လို့ သူထင်မထားခဲ့ပေ။ အိပ်မက်ဖြစ်ပါစေဟုသာ တိတ်တဆိတ် ဆုတောင်းနေမိတော့သည်။

ဒီလိုကောင်မျိုးက ချင်းဟန်နဲ့ ဘယ်လိုလုပ်သူငယ်ချင်း ဖြစ်နေတာလဲဟ...

"သခင်လေးချင်း..ဒါက ကျွန်တော်တို့မိသားစုကိစ္စပါ..ကျွန်တော့်ကို မျက်နှာသာပေးတဲ့အနေနဲ့ ဝင်မပါလို့ ရလား..."

စုန့်ဝန်လုံ ပြောလိုက်၏။

ချင်းဟန် မျက်မှောင်ကြုတ်သွားသည်။ "မင်းကို မျက်နှာသာပေးရအောင် မင်းက ကိုယ့်ကိုယ်ကို ဘာကောင် ထင်နေတာလဲကွ.."

"ချင်းမိသားစုဆိုတာက ကျိုးဟိုင်မှာ မိသားစုကြီးဆိုတာ နားလည်တယ်..ဒါပေမယ့် ကျွန်တော့်ရဲ့ ဘော့စ် အစ်မဟုန်က

လည်း မြေအောက်လောကမှာ အကောင်ကြီးကြီးပဲနော်...သခင်လေးချင်း သူ့နာမည်ကို ကြားဖူးမှာပါ...ဒီတော့ အစ်မဟုန်ရဲ့ မျက်နှာကိုထောက်ထားပြီးတော့ ကျွန်တော့်ကို မျက်နှာသာပေးဖို့ဆို ပြဿနာ မရှိဘူးမလား...

"မင်းရဲ့ အစ်မဟုန်ရော အစ်မဟွမ်ရော စိတ်မဝင်စားဘူး..အဲ့ခွေးမ ကိုယ်တိုင် ဒီရောက်နေရင်တောင်မှ ငါ့ကို ဒီလိုလေသံမျိုးနဲ့ မပြောရဲဘူးဆိုတာ နားလည်လားကွ...."

စုန့်ဝန်လုံ မျက်လုံးများ ကျဉ်းမြောင်းသွားခဲ့သည်။

"ကိုယ့်လူ ...စကားပြောရင် အေးဆေးပြော သင့်တယ်..မလိုအပ်ဘဲ ရန်သူမဖြစ်ကြရင် ပို ကောင်းမယ်..."

စုန့် ဝန်လုံ ပြောလိုက်၏။

"ရန်သူလုပ်တာထက် မိတ်ဆွေ ဖြစ်ကြတာ က ပိုမကောင်းဘူးလား.."

"မိတ်ဆွေ......ငါ့ထက် အဆင့်နိမ့်တဲ့ ကောင် နဲ့လား...ဒီနေ့ ကိစ္စကို ခက်ခဲအောင် မလုပ် ချင်ဘူး...မင်းလက်နှစ်ဖက်ကို ထားခဲ့ လိုက်..အဲ့တာဆို ဒီနေ့ ကိစ္စက ခွင့်လွှတ် လိုက်မယ်...."

စုန့်ဝမ်လုံ လက်သီးကျစ်ကျစ်ပါအောင် ဆုပ် မိလိုက်သည်။

ချင်းဟန်မှာ ထိုမျှ ခေါင်းမာသည့်လူ ဖြစ်လိမ့်မည်လို့ မမျှော်လင့်မထားခဲ့။

သူစကားတွေ အများကြီးပြောပြီးဖြစ်၏။ အစ်မဟုန်၏ နာမည်ကိုပင် ထုတ်ပြောလိုက်သေးသည်။ သို့တိုင်အောင် ချင်းဟန်မှာ သူ့ကို မျက်နှာသာ တစ်စက်မျှ မပေးချေ။

သူမှာ မိသားစုအကြီးကြီးနဲ့ ပိုက်ဆံရှိတာနဲ့ပဲ လူတကာကို မောက်မာလို့ရပြီလို့များ ထင်နေလား မသိဘူး..

"သခင်လေးချင်းက မဖော်ရွေချင်မှတော့ ကျွန်တော့်ဘက်ကလည်း ပြောစရာ မရှိတော့ဘူး"

စုန့်ဝန်လုံ ဆိုဖာပေါ်တွင် မှီလိုက်ပြီး လက်တစ်ဖက်က သူ၏ ရင်ဘက်ကို ဖိနှိပ်ကာ ကျန်လက်တစ်ဖက်က ဖုန်းကို ကိုင်ထားပြီး

"ကျုပ်က ဘာကောင်မှ မဟုတ်ဘူး ဆိုတော့ သခင်လေးချင်းနဲ့ပြောဖို့ အခွင့်အရေး မရှိဘူးမလား...ဒီတော့ အစ်မဟုန်ကိုပဲ ခေါ်လိုက်တော့မယ်...."

ဝန်လုံ ပြောလိုက်၏။

"ခေါ်နေစရာ မလိုတော့ဘူး..ငါက ဒီရောက်နေပြီ.."

ဖုန်းဝင်တော့မည့် အချိန်တွင် ရေခဲတမျှ အေးစက်နေသည့် အသံတစ်သံမှာ တံခါးအပြင်ဘက်မှ ထွက်ပေါ်လာခဲ့ပြီးဝတ်စုံအနီ

ရောင် ဝတ်ဆင်ထားသည့် အမျိုးသမီးတစ် ဦး အပြင်ဘက်မှ လျှောက်လာလေသည်။

အမျိုးသမီးမှာ အသက်လေးဆယ် အရွယ် ခန့်ရှိပြီး ဆံပင်အတိုနှင့် အနည်းငယ် ဝဖိုင့်ဖိုင့် ရှိ၏။ မျက်နှာထက်တွင် တက်တူး များလည်း ထိုးထားပြီး သူမ လက်ညိုးတွင် ခည်း မြလက်စွပ်တစ်ကွင်းကို ပန်ဆင်ထား လေသည်။ထို့ပြင် သူမနောက်၌ ကြောက်ရွံ့ တုန်လှုပ်ဖွယ် အရှိန်အဝါများကို ပေးစွမ်းနေ သော အမျိုးသား နှစ်ယောက်လည်းက လည်း ကိုယ်ရံတော်သဖွယ် ရှိနေ၏။

လင်းရီ ထိုအမျိုးသမီးမှာ စုန့်ဝန်လုံ ပြော ပြောနေသည့် အစ်မဟုန်ပင် ဖြစ်ရမည်ဟု ခန့်မှန်းလိုက်သည်။

ယခုနေရာသို့ ရောက်လာသည်မှာတော့ တိုက်ဆိုင်ခြင်းမဟုတ်လောက်။ ကြည့်ရသလောက်တော့ ချင်းဟန် ခေါ်လိုက်သည့်ပုံပင်။

အစ်မဟုန်ကိုလည်း မြင်ရော စုန့်ဝန်လုံ ရွှင်မြူးသွားပြီး အပြေးကလေးသွား၍ "အစ်မဟုန်....အစ်မဟုန် ကျွန်တော့်ဘက်ကနေ သေချာပေါက် ရပ်တည်ပေးရမယ်နော်..."

ဖြန်း...

လက်တစ်ကမ်းလောက် အလိုတွင် အစ်မဟုန် သူ့ကို ပါးပိတ်ချလိုက်သည်။

"နင်က အဲ့လောက် ဂြိုဟ်မွှေထားမှတော့ ငါက ဘယ်လို ရပ်တည်ပေးရမှာလဲ.."

ပါးရိုက်ခံလိုက်ရသောကြောင့် စုန့်ဝန်လုံ အနည်းငယ် မူးဝေသွားခဲ့သည်။

"အစ်မဟုန်..အမှန်ဆို ဒါက ကျွန်တော်တို့ မိသားစုရေးရာပါဗျာ..အဲ့တာကို သခင်လေးချင်းက အတင်းဝင်စွက်ဖက်နေတာ..ဒါကြီးက လုံးဝ ကျိုးကြောင်းမှ မဆီလျော်တာ..."

"နင့်ဘယ်လို သတ္တိမျိုးနဲ့ ဒီစကားတွေ ပြောထွက်နေတာလဲ..."

အစ်မဟုန်ဆိုသူမှ ကျယ်လောင်စွာ အော်ငေါက်လိုက်ပြီး "ငါနင့်ကို ပြောလိုက်မယ်..သခင်လေးချင်း ဝင်စွက်ဖက်လို့

ကျေးဇူးတင်လိုက်..တကယ်လို့ မစ္စတာလင်းသာ ကိုင်တွယ်မယ်ဆိုရင် နင့်အသက်ဘယ်အပေါက်က ထွက်သွားလိုက်လဲမသိဖြစ်သွားမယ်...."

"မစ္စတာလင်း..ဘယ်နားက မစ္စတာလင်းလဲ..."

"နင့်ရှေ့မှာ ရပ်နေတဲ့သူကို ပြောနေတာဟချီးဘရိန်းရ..."အစ်မဟုန်မှ ပြောလိုက်ပြီး "မစ္စတာလင်းရဲ့မိသားစု နောက်ခံကို မပြောနဲ့ဦး ..ယောင်တုန်းလိုင်နဲ့ လျိုချန်းတောင်မှ မစ္စတာလင်းရှေ့ရောက်ရင် ရိုရိုကျိုးကျိုးနဲ့နေပေးရတယ်...နင်ခု ရှာထားတဲ့ ပြဿနာက ဘယ်လောက်ကြီးလဲဆိုတာ သိပြီလား...."

စုန့်ဝန်လုံနှင့် သူ့လူများအားလုံးလုံးဝ အံ့အားသင့်သွားခဲ့ကြသည်။

ယောင်တုန်းလိုင်နှင့် လျိုချန်းတို့မှ ကျိုးဟိုင်တွင် မြေအောက်လောကတွင် ဂုဏ်သတင်းမသေးသူများပင်။ သူတို့၏ အင်အားကအစ်မဟုန်နှင့် မတိမ်းမယိမ်းဟုပင်ပြော၍ရ၏။

သို့သော်လည်း ထိုအကောင်ကြီးကြီးများကပင် ဤလူရှေ့၌ ရိုကျိုးရသည်ဟု ပြောနေလေသည်။

သူ့နောက်ခံက ဘယ်လောက်တောင် ကြီးလိုက်လဲ...

ပြီးတော့ သူ့မရီးက ဒီလို ပုဂ္ဂိုလ်ကြီးနဲ့ ဘယ်လိုလုပ် ရင်းနှီးသွားတာလဲတဲ့...

"သခင်လေးချင်း..သူတို့ကို သချော မသွန်သင်ထားမိတဲ့ ကျွန်မအပြစ်တွေပါ...သူတို့ကို ဘယ်လိုအပြစ်ပေးရမလဲဆိုတာ ပြောလိုက်ပါ..သခင်လေးချင်း ကျေနပ်တဲ့ အထိ လုပ်ဆောင်ပေးမယ်လို့ အာမခံပါတယ်.."

အစ်မဟုန်မှ ပြောလိုက်၏။

ချင်းဟန် လင်းရီကို ကြည့်လိုက်ပြီး "လက်နှစ်ဖက်ဆို လောက်ပြီလား..မကျေနပ်သေးရင် နောက်ထပ် ခြေနှစ်ဖက်ပါ ထပ်ဖြတ်ခိုင်းလိုက်မယ်..."

"ထားလိုက်ပါ..ညှာတာတဲ့အနေနဲ့ လက်တစ်ဖက် ခြေတစ်ဖက်ပဲ ဖြတ်လိုက်..ငါက လူတွေကို ရက်စက်ရတာ မကြိုက်ဘူး..."

ချင်းဟာန် :"...."

"ဟုတ်ကဲ့ ကောင်းပါပြီ..မစ္စတာလင်း သဘောအတိုင်းပါပဲ..."

"အဲ့ကောင်တွေကို ခေါ်သွားလိုက်ကြ..."

လင်းရီ ခေါင်းဘိမ့်လိုက်ပြီး "ခုလို ကူညီပေးလို့ ကျေးဇူးပဲ..ကျုပ်သူတို့နှစ်ယောက်ကို ခင်များလက်ထဲ ထားခဲ့လိုက်တော့မယ်..."

"မ..မလုပ်ပါနဲ့..."

ထိုအခါ စုန့်ဝန်ဟိုင်နှင့် စုန့်ဝန်လုံတို့ ကြောက်ချီးပန်းနေကြပြီး ဝမ်ရင်းထံသို့

တွားသွား၍ "မရီး..ကျေးဇူးပြုပြီး ကူပြော ပေးပါဦးဗျာ..ကျွန်တော်တို့ မှားမှန်း သိပါ ပြီ..."

စုန့်ဝန်ဟိုင်မှာလည်း သူ့ပါးသူ အဆက်မပြတ် ရိုက်နှက်နေသည်။ အကယ်၍ သူသာ ထိုဗီလိန်တို့ လက်ထဲ ကျ ရောက်သွားပါက မည်သို့မျှ ရှင်သန်နိုင်မည် မဟုတ်ချေ။

"ရင်းရင်း ငါမှားမှန်း သိပါပြီကွာ..အိမ်နဲ့ ကား ကိုလည်း မင်းယူပါ..ငါဘာမှ မပါဘဲ ထွက် သွားပေးပါ့မယ်..ကျေးဇူးပြုပြီး ငါ့ကို အဲ့ ကောင်တွေ လက်ထဲတော့ မထည့်လိုက်ပါနဲ့ ကွာ..ကူပြောပေးပါဦးနော်.."

"ခုမှ ဒီစကား တွေလာပြောနေလည်း အလကားပဲ...."

ဝမ်ရင်း အသက်ပြင်းပြင်း ရှူလိုက်ပြီး "ကျွန်မတို့နှစ်ယောက်ကြား ပတ်သက်မှုက ဒီမှာတင် အဆုံးသတ်ပြီ..ရှင့်ကိုသနားပြီး ပြောပေးစရာ အကြောင်း မရှိတော့ဘူး.."

"မင်း ..ငါတို့နှစ်ယောက်ရဲ့ လင်နဲ့ မယား ဆက်ဆံရေးကို မေ့ပစ်လိုက်ပြီလို့တော့မ ပြောနဲ့..."

"ကျွန်မကို အိမ်ပေါ်ကနေ နှင်ချတုန်းက လင်မယား ဆက်ဆံရေးတွေ ဘယ်ရောက် ကုန်တာ..ရီလေးရဲ့အကူညီကြောင့်သာ မဟုတ်ရင် ကျွန်မ လမ်းပေါ်မှာတင်

အဆုံးသတ်နေလောက်ပြီ...ခုမှ ဒါတွေ လာပြောလို့လည်း နောက်ကျသွားပြီ..."

"ငါမှားခဲ့တယ်ဆိုတာ ဝန်ခံပါတယ်ကွာ..ငါက ခွေးတွေ ဝက်တွေထက်တောင် နိမ့်ကျတဲ့ကောင်ပါ...ကျေးဇူးပြုပြီး နောက်တစ်ကြိမ် အခွင့်အရေးလေးပဲ ထပ်ပေးပါကွာ....."

ဖြန်း ဖြန်း ဖြန်း ဖြန်း

ဝန်ဟိုင် ကြမ်းပြင်ပေါ်တွင် ဒူးထောက်တောင်းပန်ရင်း သူ့ပါးကို စည်ဆက်မပြတ်ရိုက်နှက်နေသည်ကို မြင်တော့ ဝမ်ရင်း သနားစိတ် ဝင်လာခဲ့သည်။

အမျိုးသမီးတစ်ယောက်၏ နှလုံးသားမှာ ရေကဲ့သို့ နူးညံ့လှ၏။ ကျောက်တုံးကဲ့သို့ နှလုံးသား ဖြစ်အောင် မည်သို့ ကြိုးစား ကြိုးစား သူမ မအောင်မြင်ခဲ့ချေ။

"ရီ နင်သူတို့နှစ်ယောက်ကို ..."

"တော် အစ်မရင်း...အစ်မရင်း ခုလို ညှာတာ တတ်သာကို သိလို့ အဲ့ကောင်က အခွင့်ရေး ယူပြီး ဒီလိုတွေ လုပ်ပြနေတာ..."

"ဒီလိုကောင်မျိုးတွေကို ဘာမှ ခွင့်လွှတ်ပေး စရာ အကြောင်းမရှိဘူး.."

လင်းရီ ချင်းဟန်ကို ကြည့်လိုက်ပြီး "အဲ့ ကောင်တွေကို မျက်စိအောက်က ဆွဲခေါ် သွားခိုင်း လိုက်တော့ကွာ..လက်တစ်ဖက်

ခြေထောက် တစ်ဖက်..သေချာလေး ဖြတ်ခိုင်းနော်...သေသေသပ်သပ်လေးလည်း လုပ်ခိုင်းလိုက်ဦး.....ဖြတ်နေတုန်း အော်လို့ သောက်ချိုးမပြေရင် အဲ့ကောင်တွေကို လမ်းဘေးမှာ ပစ်ထားပြီး ခွက်တစ်လုံး ချထားပေးလိုက်ကွာ.."

ဝမ်ရင်းမှ မိန်းမသားပြီပြီ ကြင်နာသနားတတ် လွန်းသောကြောင့် လင်းရှီမှ ကိုယ်စားလှူမိုက်လုပ်ပေးလိုက်ရသည်။

"ငိုးပဲ..လင်းကြီး မင်းက တယ်ရက်စက်တဲ့ကောင်ပါလားကွ.."

"မင်းပြောသလောက်ကြီးလည်း မဟုတ်ပါဘူးကွာ..."

လင်းရှိ ချင်းဟန်၏ ပခုံးကို ပုတ်လိုက်ပြီး "အိုကေ..ငါခုသွားတော့မယ်..ခုလို ကူညီပေး တဲ့အတွက် ကျေးဇူးပဲ..ဒါနဲ့ ငါ့လွိုင်ကန်က မင်း ဆီမှာမလား..ယူလိုက်တော့ကွာ..ပြန်မပေးနဲ့ တော့.."

"ယီးပဲဟျောင့်..ငှားတာက ငှားတာပဲ..ကူညီ ပေးတာက ကူညီတာပဲ..လာမရောနဲ့..ငါက လည်း မင်းကို စိတ်သန့်သန့်နဲ့ ကူညီပေး တာ..."

"အဲ့လိုဆိုလည်း ကျေးဇူးပဲကွာ..နောက်မှ ညစာ လိုက်ကျွေးမယ်.."

နှုတ်ဆက်ပြီးနောက် လင်းရီ ဘားထဲမှ ထွက်လာပြီး ဝမ်ရင်းနှင့်အတူ ကျိုကျုံး ဗီလာသို့ ပြန်လာခဲ့လိုက်၏။

"ရီ..ဒီနေ့အတွက် နင့်ကို အရမ်းကျေးဇူးတင်တယ်သိလား...နင်သာ မရှိရင် အစ်မရင်း ဘယ်လိုလုပ်ရမလဲတောင် မသိတော့ဘူး.."

"အသေးမွှားလေးပါ..စိတ်ထဲထားမနေနဲ့..ကောင်းကောင်းသာ အနားယူ..."လင်းရီ အပြုံးလေးဖြင့် ပြောလိုက်သည်။

"အွန်းပါ.."

ဝမ်ရင်းမှာ ယင်းဖြစ်ရပ်ကြောင့် စိတ်ရောကိုယ်ပါ ပင်ပမ်းနေပြီး မကြာမီ ခလူး..ခလောဖြင့် အိပ်ပျော်သွားတော့၏။

လင်းရီလည်း သူမ အဆင်ပြေနေသည်ကို မြင်တော့ သူ့အခန်းထဲသို့ ပြန်လာပြီး အနားယူလိုက်လေသည်။

နောက်တစ်နေ့ နံ့နက် နိုးလာသည့်အချိန်တွင်တော့ ဝမ်ရင်း အောက်ထပ်တွင် ညအိပ်ဝတ်စုံဖြင့် မနက်စာပြင်နေကြောင်း တွေ့လိုက်ရ၏။

"သွားပြီး မျက်နှာသစ်လိုက်ဦး..မနက်စာက ခဏနေဆိုရယ်ဒီဖြစ်တော့မယ်..."

"အင်း..အဲ့လိုဆိုလည်း အားနာမနေတော့ဘူးနော်..."

"ခစ်ခစ်..ကိုယ့်အိမ်ကိုယ် နင်က အားနာချင်နေသေးတာလား....."

ကိုယ်လက်သန့်စင်ပြီးနောက် မနက်စာမှာ စားပွဲပေါ်တွင် ခင်းကျင်းထားပြီးဖြစ်၏။စား သောက်ဖွယ်ရာများမှာ ရိုးရှင်းသော်လည်း စားမြိန်ပေသည်။

"အခု ကွာရှင်းတဲ့ ကိစ္စတွေလည်း ပြီးသွားပြီ ဆိုတော့ အစ်မရင်း နောက်ထပ် ဘာလုပ်ဖို့ စိတ်ကူးထားလဲ.. "

"အစ်မ အဲ့ဒီအိမ်ကို ရောင်းပစ်ပြီးတော့ တခြားနေရာမှာ အသစ်တစ်လုံး ဝယ်ချင် တယ်..အဲ့တာမှ စိတ်သစ်လူသစ်နဲ့ ဘဝသစ် ကောင်းကောင်း စလို့ရမှာ.."

"အင်း..အဲ့လိုလည်း ရတာပဲလေ..ဒါပေမယ့် သင့်တော်တဲ့ အိမ်မတွေ့ဘူးဆိုရင်တော့

ကျွန်တော့်ဆီမှာ နေလို့ရတယ်နော်..ဗီလာကိုးခု လုံးက ကျွန်တော့်အပိုင်တွေကြီးပဲ... အစ်မရင်း ကြိုက်တဲ့ တစ်လုံးသာ ရွေးလိုက်"

"မဖြစ်နိုင်တာ...ဗီလာကိုးခုလုံးက နင့်ဟာတွေ..."

ဝမ်ရင်း လင်းရီကို မျက်လုံးရွဲကြီးများဖြင့် ကြည့်လိုက်ပြီး "ကျိုးကျုံးဗီလာဆိုတာက ကျိုးဟိုင်မှာ နံပါတ်တစ် ဇိမ်ခံဗီလာကြီးလေ..တစ်လုံးတောင် တစ်ဘီလီယမ်ကျော်လောက်ရှိတယ်..ကိုးခုလုံးဆိုတော့ အနည်းဆုံးဆယ်ဘီလီယမ်ကျော်မယ်ထင်တယ်..."

"ဒီတိုင်း နေဖို့ အိမ်လေးတွေပါ ဗျာ..ရေးကြီးခွင်ကျယ်တွေ လုပ်မနေစမ်းပါ နဲ့...အစ်မရင်းသာ ကြိုက်တဲ့ ဗီလာ ရွေး လိုက်..."

"ထားပါဟယ်..အိမ်တော်ရဲ့ သခင်မ ဥက္ကဌ ကျီတောင် သူနေမယ့် နေရာကို မရွေးရ သေးတာ..ငါကမောင်လေးရီရဲ့ ချစ်သူလည်း မဟုတ်ဘဲနဲ့ ဘာကိစ္စ ဒီမှာ နေဖို့ အခွင့်ရေးရှိ မှာလဲတဲ့..."

**အခန်း (၂၄)**

"ချင်းရန်က ချင်းရန့်.အစ်မရင်းက အစ်မရင်း လေ...ဘာဆိုင်လို့တုန်း..."လင်းရီ မေးလိုက် သည်။

"မလုပ်လို့ မရဘူး..အမျိုးသမီးတွေက အရမ်း အူတိုတတ်တာ..."ဝမ်ရင်း ပြော လိုက်ပြီး "နင်လည်း ဥက္ကဌကျီလို အကိတ်မ လေးကို သေချာလေးဖမ်းထားနော်..လွတ် ထွက်သွားရင်တော့ နောက်ဆို သူ့လို အချောလေး ရှာတွေ့ဖို့ရာ မသေချာဘူးဆို တာသိလား..."

"ဟုတ်ပါပြီ...သူမရှိလည်း အစ်မရင်း ရှိနေ တာပဲ မဟုတ်လား..."လင်းရီ အပြုံးလေး ဖြင့် ပြောလိုက်လေသည်။

"ကောင်စုတ်လေး.စကားတွေ အတော်တတ်နေတယ်ပေါ့.."ဝမ်ရင်းမေးလေး ထောက်ပြီး လင်းရီ ကို အပြုံးလေးဖြင့် ကြည့်လိုက်၏။

"ကဲပါ အစ်မရင်း က ဒီတိုင်း အကြံပေးတာပါ..ဆုံးဖြတ်ရမှာက မောင်လေးရီ သဘောအတိုင်းပဲ... "

"ဟုတ်ပါပြီဗျ.."

မနက်စာစားပြီးနောက် ဝမ်ရင်း စားပွဲသိမ်းလိုက်ပြီး လင်းရီကတော့ အလုပ်လုပ်ရန် မောင်းထွက်လာခဲ့၏။

အိမ်မှ ထွက်လာပြီးနောက် လင်းရီ စနစ်၏ ပင်မစာမျက်နှာကို ဖွင့်လိုက်သည်။ သူမစ်

ရှင်ပြီးမြောက်စေရန် ကြယ်ငါးပွင့် ရီဗျူး တစ်ခုမျှသာ လိုတော့၏။

"သင့်တွင် အော်ဒါအသစ်ရှိပါတယ်..ကျေးဇူးပြုပြီး သေချာ စစ်ကြည့်ပေးပါ.."

လင်းရီ လမ်းတစ်ဝိုက် လျှောက်မောင်းနေတုန်း သူ၏ ဖုန်းထဲသို့ အသိပေးစာတစ်စောင် တက်လာခဲ့သည်။

အော်ဒါမှာတော့ အတော်လေး စိတ်ဝင်စားဖို့ကောင်းလှ၏။ သူ့ကို အရည်အသွေးမြင့် ပီတက်ခ် ဖီလီပီအတုကို ဝယ်ရန် တောင်းဆိုထားလေသည်။ ဈေးကတော့ ၅၀၀ နှင့်

၁၀၀၀ အတွင်းဆိုပါက အဆင်ပြေလေသည်။

ထို့ပြင် အောက်ဆုံး၌ မှတ်စုအသေးလေး ရေးပေးထားသေးသည်။

အကယ်၍ သူသာ ပီတက်ဖီလစ်ပီကို မရပါက အခြား အရည်အသွေးမြင့် နာရီများ ဝယ်လာခဲ့ပါကလည်း အဆင်ပြေကြောင်း ပြောထားလေသည်။

သို့သော်လည်း ဈေးမှာ အနည်းငယ်များနေသောကြောင့် သေချာစေရန် ဖုန်းဆက်ကြည့်လိုက်၏။ အကယ်၍ ကတ်စတန်မာမှ မကျေနပ်ဘဲ မကောင်းသည့်ရီဗျူးပေးလိုက်

မည်ဆိုပါက သူ၏ အချိန်များမှာ အလဟဿ ဖြစ်သွားပေလိမ့်မည်။

ထို့ကြောင့် လင်းရီ အသေးစိတ် သေချာအောင် ကတ်စတန်မာထံ ဖုန်းခေါ်လိုက်၏။။။

စိတ်ဝင်စားဖို့ကောင်းသည်က သူဖုန်းနံပါတ်ရိုက်ထည့်ပြီးနောက် ခေါ်ဆိုလိုက်သည့်အချိန်တွင် ဖုန်းမျက်နှာပြင်၌ နာမည်တစ်ခုပေါ်လာခဲ့၏။ ထိုနာမည်ကတော့ သူနှင့်အတော်လေး ရင်းနှီးနေသည့် စုန့်ကျားပင်။

လင်းရီ ကြက်သေသေသွား၏။

ဒါကြီးက မတိုက်ဆိုင်လွန်းဘူးလားဟ...

ဒါမှမဟုတ် အော်ဒါတင်လိုက်တဲ့သူက စုန့်ကျားများလား...

မကြာမီ ဖုန်းဝင်သွားပြီး တစ်ဖက်မှ ဖုန်းကိုင်လိုက်၏။

"ဒါရိုက်တာလင်း..ရှင်လည်း ခုမှ ပေါ်လာတော့တယ်နော်.."စုန့်ကျား အပြုံးလေးဖြင့် ပြောလိုက်ပြီး "ရှင် အစ်မထျန်ကို ရှာနေတာလား..ရှာတွေ့လို့ ကျွန်မဆီ ဖုန်းဆက်လိုက်တာမလား..."

စုန့်ကျား၏ အသံကိုကြားတော့ လင်းရီ ပြုံးလိုက်မိသည်။

"တော်ပါကွာ..အဲ့ဒီ သွေးဆုံးတော့မယ့် ကျားမကြီးနဲ့ တော့ မတွေ့ချင်ပါဘူး..မင်း အွန်လိုင်းပေါ်မှာ ပီတက်ခ်ဖီလစ်ပီနာရီ ဝယ်

ပေးဖို့ အော်ဒါတင်ထားတယ်မလား..အဲ့ဒါ အတည်ပြုဖို့ပဲ ဖုန်းခေါ်လိုက်တာလေ..."

"ဟမ်..."

စုန့်ကျား လုံးဝ ကြက်သေသေသွားပြီး "အွန်း ကျွန်မ အော်ဒါတင်ထားတယ်..ဒါပေမယ့်..ရှင်က ဘယ်လိုသိသွားတာလဲ.."

"ဘာလို့လဲဆိုတော့ ငါက အီရန်ဘွိုင်း လေ..မင်းရဲ့ အော်ဒါကိုလည်း ငါပဲ လက်ခံလိုက်တာ..."

"မဖြစ်နိုင်တာ..အဲ့လောက်တောင် တိုက်ဆိုင်ရသလား..."

စုန့်ကျား အံ့အားသင့်နေသည့် လေသံဖြင့် ပြောလိုက်သည်။

ရှောင်ထျန်မှ လင်းရီ၏ အလုပ်အကြောင်း သိသော်လည်း ရေငုံနှုတ်ပိတ် နေလေသည်။ လင်းရီ ဘာလုပ်နေလဲဆိုတာ မည်သူမျှ မသိကြချေ။

ထို့ကြောင့်စုန့်ကျားလည်း လင်းရီ အိမ်ရန် ဘွိုင်းဆိုတာ လုံးဝ မသိသလို ချမ်းသာသည့် ဒုတိယမျိုးဆက် သခင်လေး ဖြစ်နေသည်ဆိုတာ လုံးဝ သိရှိခြင်းမရှိ။

"ဘယ်လောက်တောင် တိုက်ဆိုင်လိုက်လဲ.."

"အမ်..နေပါဦး..ဒါရိုက်တာလင်း ရှင်က ဘာလို့ အိမ်ရန်ဘွိုင်းလုပ်နေတာ ..ရှင်အဲ့လို အလုပ်တွေ လုပ်လို့မရဘူးလေ..."

စုန့်ကျားပြောလိုက်ပြီး "ရှင်က ချင်းဟန်နဲ့ ရင်းနှီးတယ် မဟုတ်လား...သူ့ကို အလုပ် တစ်ခုလောက် ပေးဖို့ ပြောကြည့်ပေါ့ ...."

လင်းရှီနှင့် ချင်းဟန်တို့ကြား ဆက်ဆံရေးမှာ စွန်းရှောင်ယွီ တိုက်ပေါ်မှ ခုန်ချမည် ပြုစဉ် ကတည်းက ထုတ်ဖော်ပြီး ဖြစ်၏။

ကျိုးဟိုင်၏ အင်ပါယာနှင့် ရင်းနှီးနေတာ တောင်မှ လင်းရှီ အဘယ်ကြောင့် အီရန် ဘွိုင်း လုပ်နေလဲဆိုတာ နားမလည်နိုင်ချေ။

"ဘာလို့လဲ..လွတ်လည်းလွတ်လပ်တယ်..ငွေ လည်း ရှင်တယ်..ငါတော့ အတော်လေး ကောင်းတယ်လို့ ထင်တာပဲ.."လင်းရှီ ပြော လိုက်လေသည်။

"ကျောင်းကော်မတီက ပေးတဲ့ လစာက လည်း သပ်မများပင်မယ့် လက်ခံနိုင်တဲ့ အနေအထားတော့ ရှိပါတယ်ရှင်ရယ်.. ပိုက်ဆံ လိုတိုင်းနဲ့ အဲ့လို တောက်တိုမယ်ရ အလုပ်ကြီးတွေ လိုက်လုပ်မနေနဲ့လေ....ရှက်စရာကြီး ..."

"ဘာ ရှက်စရာရှိလို့လဲ..အလုပ်ဟူသမျှ ဂုဏ်ရှိစွတဲ့..ငါ့ဟာငါ ကောင်းရောင်းကောင်းဝယ် လုပ်စားနေတာကို ဘယ်သူ့ သောက်ဂရုစိုက်ပြီး ရှက်နေရမှာ..."လင်းရီ အပြုံးလေးဖြင့် ပြောပြီး ခေါင်းစဉ် ပြောင်းလိုက်၏။

"မင်း တကယ်ကြီး အရည်သွေးမြင့်တဲ့ ပီတက်ခ် ဖီလစ်ပီကို ဝယ်ချင်တာ သေချာရဲ့

လား..တကယ်ဆိုရင် ငါဝယ်လိုက်တော့မယ် နော်.."လင်းရီ အပြုံးလေးဖြင့် ပြောလိုက် လေသည်။

"ဒါပဲနော် ဒါရိုက်တာလင်း ကျွန်မ အော်ဒါကို ပြန်ဖျက်လိုက်တော့မယ်..ရှင့်ကို ကျွန်မ အတွက် စျေးဝယ်ခိုင်းရမှာ အားနာလွန်း လို့..."စုန့်ကျား အားတောင့်အားနာဖြစ်နေ သည့် လေသံဖြင့် ပြောလိုက်လေသည်။

"ဟေး ဟေး ဟေး..အဲ့လို မလုပ်နဲ့လေ ကွာ..ခုလို ကြင်နာပေးတဲ့အတွက်လည်း ကျေးဇူးတင်ပါတယ်.ဒါပေမယ့် လုပ်သင့် လုပ်ထိုက်တာတော့ လုပ်ရမှာပဲ လေ....တကယ်လို့ မင်းသာ တခြားတစ် ယောက်ကို အော်ဒါတင်လိုက်မယ်ဆိုရင် အဲ့

ပိုက်ဆံက အပြင်လူဆီ ရောက်သွားမှာ..ကိုယ့်အချင်းချင်း ဖိတ်တာက ပိုမကောင်းဘူးလား.."

လင်းရီ စုန့်ကျား အော်ဒါပြန်ဖျက်မှာကို လွန်စွာ စိုးရိမ်နေမိတော့၏။ သူတို့နှစ်ယောက်ကြားရှိ ဆက်ဆံရေးကြောင့် လင်းရီ ကြယ်ငါးပွင့်ရီဗျူး ရမည်မှာ မြေကြီးလက်ခတ်မလွဲပင်။

ထိုအခါ မစ်ရှင်လည်း တစ်ခါတည်း ပြီးမြောက်သွားပေလိမ့်မည်။

အကယ်၍ သူမသာ အော်ဒါကို ကန်ဆယ်(cancel) ပြီး တစ်ခြားတစ်ယောက်ကို ယူခိုင်း လိုက်မည်ဆိုပါက လင်းရီ ကြယ်ငါး

ပွင့်ရီဗျူး ရရန် အချိန်မည်မျှ ကြာမလဲဆို တာ မပြောတတ်တော့ပေ။

"အဆင်ပြေရဲ့လားရှင်..ကျွန်မ ..စုန့်ကျားက အဲ့လိုလုပ်ရမှာကို..အရမ်းအားနာနေတာ..."

"ဘာမှ ရေးကြီးခွင်ကျယ်တွေ လုပ်မနေနဲ့ ..ငါ့ကို အီရန်ဘွိုင်းတစ်ယောက်လို့သာ သဘောထားလိုက်..မင်းနာရီဝယ်မှာ သေချာ ပြီဆိုရင် ငါအခုပဲ သွားတော့မယ်နော်...."

"အွန်းပါ..အဲ့တာဆိုလည်း ဒါရိုက်တာလင်း ကို အလုပ်ရှုပ်စေမိပြီ..."စုန့်ကျား ပြော လိုက်၏။

"နာရီ ကောင်းကောင်းလေး ရွေးခဲ့ပေး နော်..အစစ်နဲ့ ပိုတူရင် ပိုကောင်းတယ်..ဈေး

နည်းနည်း ပိုသွားလည်း ပြဿနာ မရှိဘူး..သူများတွေ မရိပ်မိရင် ပြီးရောပဲ.."စုန့်ကျား ပြောလိုက်သည်။

"စိတ်ချထားလိုက်တော့.."

လင်းရီ ဖုန်းချလိုက်ပြီး နာရီတစ်လုံးဝယ်ရန် စဉ်းစားလိုက်သည်။

သို့သော်လည်း သူမည်မျှ တွေးတောစေကာမူ မည်သည့်နေရာ၌ ဝယ်ရမလဲဆိုတာ စဉ်းစားရအခက် ဖြစ်နေလေသည်။

လက်ရှိ လင်းရီ၏ အဆင့်အတန်းနှင့် ဆိုပါက နာရီ အတုများကို တာ့တာပြပြီးသား ဖြစ်၏။

"မိန်းကလေးစုန့်ရဲ့ စရိုက်က တကယ်မဆိုးဘူး..ဟို အဲဗား ဒေါ်သထွက်နေတဲ့ ကျားမကြီးနဲ့ လားလားမှကိုမဆိုင်တာ..အဲ့တော့အသစ်တစ်လုံး ဝယ်ပေးလိုက်ရင်ကော..ဘာပဲဖြစ်ဖြစ် အဲ့လောက် စျေးကြီးနေတာမှ မဟုတ်တာ..."

ဆုံးဖြတ်ချက် ချပြီးနောက် လင်းရီ တိုင်းစကွဲသို့ မောင်းသွားလိုက်ပြီး ပီတက်ခ်ဖီလစ်ပီအရောင်းဆိုင်သို့ တန်းတန်းမတ်မတ် ဝင်လာခဲ့လိုက်သည်။

လင်းရီ နာရီအကြောင်းလည်း ဂဃနဏ မသိတော့ ၎င်းတို့၏ ဒီဇိုင်း ပေါ်တွင် မှီခို၍ရွေးချယ်လိုက်တော့၏။ မကြာမီ သူ စိန်စီခြယ်သထားသော ပလက်တီနမ်

အမျိုးသမီးပတ် နာရီလေးတစ်လုံးကို အတော်လေး မျက်စိကျသွားခဲ့သည်။

ဒီဇိုင်းမှာ အတော်လေး ဆန်းသစ်ပြီး စုန့်ကျားနှင့် ဆိုပါက အတော်လေး လိုက်ဖက်မည့်ပုံပင်။

"ဒီနာရီလေး ပြပေးလို့ရမလား..."

အမျိုးသမီး ဝန်ထမ်းတစ်ဦးမှာ ရောက်လာခဲ့ပြီး "လူကြီးမင်း ဒီနာရီက ၁.၇၂ မီလီယမ် တန်ကြေးရှိပါတယ်ရှင့်..ကြည့်ချင်တယ်ဆိုတာ သေချာရဲ့လား..."

"ဟမ်..ဘာလို့လဲ..ငါမဝယ်နိုင်မှာ ဆိုးလို့လား..."

"ဟိတ်..နင်ဘာတွေ လျှောက်မေးနေတာ..."

အမျိုးသမီးဝန်ထမ်း ဘာမျှ မပြောရသေးခင် လင်းရီ အသံတစ်သံကို ကြားလိုက်ရ၏။

ဘေးသို့ လှည့်ကြည့်လိုက်သောအခါ လင်းရီ ပြောလိုက်သည့်သူကို မှတ်မိသွားသည်။

ထိုသူကတော့ သူ့ကို ပီတက်ခ်ဖီလစ်ပြီ ၁၇၅ နှစ်မြောက် အထိမ်းအမှတ်နာရီ ယူလာပေးသည့် ဆိုင်မန်နေဂျာပင်။

"အစ်မရှ...ညီမ ဘာမှလည်း မပြောရသေးပဲနဲ့..သူ့ကို ဒီတိုင်း စျေးပြောပြရုံလေးတင်ကို..."အရောင်းသမလေးမှ အပြစ်ကင်းစင်သည့်ပုံစံဖြင့် ပြောလိုက်လေသည်။

"နင်က ပြန်ငြင်းချင်နေသေးတယ်ပေါ့..."ဆိုင်မန်နေဂျာမှ ဟောက်ထည့်လိုက်

ပြီး "စတိုခန်းထဲမှာ ငါ့ကို စောင့်နေ..နောက်မှ နှင်နဲ့ ရှင်းမယ်..."

အရောင်းသမလေးမှာ အကြောင်းပြချက်မရှိပဲ အဆူခံလိုက်ရသောကြောင့် ကျေတော့မကျေနပ်။ သို့သော်လည်း မန်နေဂျာစကားကို မလွန်ဆန်ဝံ့သောကြောင့် စတိုခန်းထဲသို့ သွားပြီး သူမကို လက်ချာလာရိုက်မည်ကို ထိုင်စောင့်နေရတော့သည်။

"မစ္စတာလင်း..စိတ်မရှိပါနဲ့နော်..သူက ကျွန်မတို့ ဆိုင်က ဝန်ထမ်းအသစ်ဆိုတော့ ဘာမှ သိပ်နားမလည်သေးလို့ပါ...ကျေးဇူးပြုပြီး ခွင့်လွှတ်ပေးလိုက်ပါနော်.."ဆိုင်မန်နေဂျာမှ အရောင်းသမလေး ကိုယ်စား တောင်းပန်ပေးလိုက်သည်။

"ကျုပ်ကလည်း အဲ့လောက်ကြီး သဘောထား သေးသိမ်နေတဲ့ လူလည်း မဟုတ်ဘူး..ဒါပေမယ့် ခင်များ ဝန်ထမ်းတွေကိုတော့ သေချာလေ့ကျင့်ပေးသင့်တယ်လို့တော့ ထင်တာပဲ.."

"ဟုတ် ဟုတ်ကဲ့..မစ္စတာလင်းပြောတာ မှန်ပါတယ်ရှင့် ..ကျွန်မ ဒီကိစ္စကို သေချာလေးဂရုစိုက်လိုက်ပါ့မယ်..."အမျိုးသမီး ဆိုင်မန်နေဂျာမှာ လင်းရီကို ကြည့်လိုက်ပြီး "မစ္စတာလင်းက ဒီနာရီကို နှစ်သက်နေတာလားရှင့်..ကျွန်မ ပြပေးပါ့မယ်.."

"ပြမနေနဲ့..တစ်ခါတည်းသာ ထုပ်ပေးလိုက်တော့.."

အမျိုးသမီးမန်နေဂျာမှာ အပျော်လွန်သွားပြီး တစ်ချိန်တည်းတွင် စိတ်ထဲမှ ကြိတ်၍ သက်ပြင်းချမိလိုက်သည်။

သူက တကယ့်ကို ကျိကျိတက် ချမ်းသာတာပဲဟ...

၁.၇၂ မီလီယမ်က သူ့မျက်လုံးထဲမှာ ၁၇၂ ယွမ်များလား မသိဘူး..

"မစ္စတာလင်းက တိုင်းစကွဲရဲ့ ပလက်တီနမ် အဖွဲ့ဝင်ဆိုမှတော့ ဒစ်စကောင့် ၃၀% ရပါတယ်ရှင့်..ပြီးတော့ သီးသန့်လည်း ဈေးလျှော့ပေးလိုက်ပါ့မယ်..၁.၂ မီလီယမ်ပဲ ပေးလိုက်ပါရှင့်.."

"ကောင်းပြီလေ..အဲ့တာဆိုလည်း တစ်ချက်လောက် ထုပ်ပေးဦး..."

ငွေချေသည့် လုပ်ငန်းစဉ်ကတော့ ခပ်သွက်သွက်ကလေးပင်။ လင်းရီ ကတ်ဖြတ်ပြီးနောက် ထိုနေရာမှ ထွက်လာခဲ့လိုက်၏။

တစ်ချိန်တည်းတွင် အမျိုးသမီး စတိုးဆိုင်မန်နေဂျာမှာ စတိုခန်းထဲသို့ သွား၍ စေနကဖြစ်ရပ်ကို သေချာလေး ကိုင်တွယ်ရန် မာန်ပြင်ထားလိုက်သည်။

"အစ်မရှုကလည်း ညီမ ဘာမှားနေလို့လဲ..သူ့ပုံစံကြည့်တာနဲ့ ဘာမှ ဝယ်နိုင်တဲ့သူ မဟုတ်ဘူး ဆိုတာ တန်းပြောနိုင်တယ်...အလက

အချိန်ကုန်တာပဲ ရှိမယ်..ဘာလို့ သူ့ကို ဝန်တောင်မှု ပေးနေမှာလဲတဲ့..."

"နင်ပြောတာ သူက မဝယ်နိုင်ဘူးနော်.."

အမျိုးသမီး စတိုးဆိုင်မန်နေဂျာမှာ လင်းရီဝယ်ယူသွားသည့် ဘောလ်ကို ထုတ်ပြလိုက်ပြီး "သူက ၁.၇၂ မီလီယမ်တန် နာရီတစ်လုံးကို သုံးမိနစ်အတွင်း ဝယ်သွားတာနော်...သူ မဝယ်နိုင်ဘူးလို့ နင်ထင်နေသေးတာလား..."

အရောင်းသမလေးမှာ ကြက်သေသေသွားခဲ့ပြီး "သူ...သူက သုံးမိနစ်အတွင်း ၁.၇၂ မီလီယမ်တန်တဲ့ နာရီကြီးကို ဝယ်ပစ်လိုက်တယ်..."

"အဲ့တာက ဘာမှ မဟုတ်သေးဘူး..ပီတက်ခ် ဖီလစ်ပီ ၁၇၅ နှစ်မြောက် အထိမ်းမှတ်နာရီ ဝယ်တုန်းက ဆိုရင် မျက်တောင် တစ်ချက် တောင် မခတ်ဘူး..."

## အခန်း (၂၅)

ၐင်းကိုလည်း ကြားရော အရောင်းသမ လေး၏ စိတ်မှာ ဗလာကျင်းသွားခဲ့သည်။

"သူက အဲ့လောက်ထိ ချမ်းသာတယ်ပေါ့.."

"မင်းဘယ်လိုထင်လဲ.."မန်နေဂျာမှ သူမကို လက်ချာရိုက်လိုက်ပြီး "နောက်ဆို သေချာ

လေး သတိထား..ငယ်တယ်ဆိုပြီးတော့ မတတ်နိုင်ဘူး မထင်လိုက်နဲ့..ခုက နင့်အတွက် သင်ခန်းစာပဲ..နားလည်ပြီလား..."

"ဟုတ်ကဲ့..နားလည်ပါပြီရှင့်..နောက်မဖြစ်စေရပါဘူး.."

နာရီဝယ်ပြီးနောက် လင်းရီ စုန့်ကျား၏ နေအိမ်သို့ မောင်းသွားလိုက်သည်။

သူမ နေသည့်နေရာကတော့ ၅၀ စတုရန်းမီတာမျှသာရှိပြီး မိသားစု အသေးလေးတစ်ခု နေနိုင်ရုံမျှသာ ကျယ်ဝန်းပေသည်။

အိမ်တွင်တော့ သာမန် ပေါ့ပေါ့ပါးပါး အဖြူရောင် ရှပ်အရှည်ကို ဝတ်ဆင်ထားပြီး အင်္ကျီမှာ ပေါင်ရင်းလောက်ထိ ဖုံးနေ

သောကြောင့် အမှတ်မထင် ကြည့်လိုက်မည်ဆိုပါက ဘောင်းဘီ မဝတ်ထားသကဲ့သို့ ထင်နေရသည်။

"ဒါရိုက်တာလင်း..လာ..မြန်မြန်လာ..အပြင်မှာ နေကတော်တော်လေး ပူတယ်..ရှင်လည်း ပင်ပမ်းသွားရောပေါ့..."

စုန့်ကျား လက်ယပ်ခေါ်ရင်း ပြောလိုက်သည်။

"မပင်ပမ်းပါဘူးကွာ..ရော့ မင်းဝယ်ခိုင်းလိုက်တဲ့နာရီ..ကျေနပ်ရဲ့လားလို့ ထုတ်ကြည့်လိုက်ဦး..."

စုန့်ကျား လင်းရီ ပေးသော နာရီကို ယူကြည့်လိုက်ပြီး လက်ထဲတွင်တော့ ရှော့ခ်ရစ္စာဖြင့်

"မဖြစ်နိုင်တာ..လုံးဝ အစစ်အတိုင်းပဲ....တကယ်လို့ ကျွန်မကသာ ပုံစံတူ ဝယ်ဖို့ မတောင်းဆိုထားဘူးဆိုရင် အစစ်လို့ ထင်မိမှာပဲ.."

စုန့်ကျား နာရီကို တစိမ့်စိမ့် ကြည့်ရင်း နှစ်ခြိုက်နေသောလေသံဖြင့် "ဒါရိုက်တာလင်း ရှင်က တစ်ခုခုတော့ တစ်ခုခုပဲနော်...ဒီလောက်ကောင်းတဲ့ နာရီကိုတောင်မှ ရအောင် ဝယ်လာခဲ့ပေးနိုင်တယ်..ဘယ်လောက်သုံးလိုက်ရလဲ.."

လင်းရှီကတော့ မနေနိုင်ပဲ ရယ်လိုက်မိသည်။

အဲ့တာက နာရီအစစ်ပဲလေ..အစစ်နဲ့ တူမှာ ပေါ့ဟ...

သို့သော်လည်း လင်းရီ ထိုအကြောင်း ပြော မနေခဲ့ချေ။

စုန့်ကျားဓါ လစာဝင်ငွေနှင့် ဆိုပါက ၁.၂ မီလီယမ်ကို သုံးရန် မတတ်နိုင်သည်မှာ သဘာဝပင်။ ထို့ကြောင့် သူ အမှန်အတိုင်း မပြောပြသည်က ပိုကောင်း၏။

"အဲ့လောက်ကြီးလည်း ဈေးမရှိပါဘူး က..အချင်းချင်းတွေပဲမလား..လက်ဆောင် ပေးတယ်လို့ သဘောထားလိုက်တော့.."

"မရဘူး..ဒါရိုက်တာလင်း..ရှင် အဲ့လိုလုပ်ရင် ကျွန်မကို ကြွေအောင် လုပ်နေတယ်ဆိုပြီး

ထင်မိလိမ့်မယ်..ခစ်ခစ် "စုန့်ကျား ရယ်မော ရင်း ပြောလိုက်လေသည်။

"မင်းက ဆရာမနော်..စကားကို အဲ့လိုတွေ လျှောက်မပြောရဘူးလေ..."

"အာ...ကျွန်မတို့က အိမ်ထဲမှာကိုပဲ..ဒီမှာ ဘယ်အပြင်လူမှလည်း မရှိဘူး..."စုန့်ကျား ပြောလိုက်ပြီး "ဘယ်လောက်နဲ့ ဝယ်ခဲ့ရတာ လဲလို့...ကျွန်မ ပိုက်ဆံ ပြန်လွှဲပေးမယ်..."

"ယွမ် ၂၆၀ တည်းပါ...ငါက နာရီတွေ ရောင်း တဲ့ကောင်နဲ့ သိတယ်လေ..အချင်းချင်းဆို တော့ ပိုက်ဆံ သိပ်မပေးခဲ့ရဘူး."လင်းရီ ပြုံး၍ ပြောလိုက်သည်။

"အိုးမိုင်ဂေါ့ဒ် ..ဒီလောက်လှတဲ့ နာရီကို အဲ့လောက်နဲ့ ဝယ်ခဲ့တယ်ပေါ့..ဒါရိုက်တာလင်း..ရှင်တော့ ကျွန်မကို အထင်ကြီးအောင် လုပ်ပြလိုက်တာပဲ....တစ်ခါတစ်လေလည်း အဆက်အသွယ်တွေ ရှိတာ မဆိုးပါဘူး..."

ထိုသို့ပြောပြီးနောက် စုန့်ကျား ယွမ် ၂၆၀ကို ဝီချက်မှတစ်ဆင့် လွှဲပေးလိုက်လေသည်။

"ဒါရိုက်တာလင်း..ပိုက်ဆံ လွှဲပြီးပြီနော်.."

လင်းရီ ခေါင်းညိမ့်လိုက်ပြီး "တခြား ဘာမှ မရှိတော့ဘူးဆိုရင် သွားတော့မယ်..ကြယ်ငါးပွင့်ရီဗျူး ပေးဖို့လည်း မမေ့မနေနဲ့ဦး..."

"အိုကေ...ပြဿနာမရှိဘူး..."

စုန့်ကျား ဖုန်းထုတ်လိုက်ပြီး ကြယ်ငါးပွင့်ရီဗျူး ပေးရန် ဟန်ပြင်လိုက်သည်။

သို့သော်လည်း ထိုအချိန်တွင် သူမ ရုတ်တရက် တစ်ခုခုကို သတိရသွားပြီး လင်းရီကို တောက်လောင်သော အကြည့်များဖြင့် ကြည့်လာခဲ့သည်။

"ဘာလို့ ဒီလိုကြီးကြည့်နေတာလဲဟ..မသိရင် ခုန်အုပ်တော့မယ့် အတိုင်းပဲ.."

"ဒါရိုက်တာလင်း..ကျွန်မတစ်ခုလောက် တောင်းဆိုချင်လို့..."စုန့်ကျား လင်းရီကို သာမန်ကတ်စတန်မာ တစ်ယောက် လေသံဖြင့် ပြောလိုက်သည်။

"ဘာလဲ တောင်းဆိုမှာ.."

"ရှင် သူဌေးဂိုက် ဘယ်လိုဖမ်းရမလဲ ဆိုတာ သိလား.."

ဟမ်..

ဘယ်လိုမေးခွန်းကြီးလဲဟ..

ငါက ချမ်းသာနေပြီးသားလေကွာ.....

"ဘာလဲ လုပ်မလို့.."

"ကျွန်မ ဒီည ကျောင်းသားဟောင်း တွေ့ဆုံပွဲ ရှိတယ်..ကျောင်းသားဟောင်းတွေ့ဆုံပွဲဆို တော့ ရှင်သိတဲ့ အတိုင်းပဲလေ.. အားလုံးက သူတို့ ဘယ်လောက် ဌေးကြောင်း၊ တစ် လဝင်ငွေ ဘယ်လောက် ရနေလဲဆိုတာတွေ

လွှတ်ကြွားကြတော့မှာ..ဘယ်ရမှာ ကျွန်မလဲ အကြောတော့ မခံနိုင်ဘူး..."

"အဲ့ဒါဆို ...ဒီနာရီ ဝယ်တာကလည်း ရှိုးပြဖို့ပဲပေါ့..."

"ဒါပေါ့.."စုန့်ကျား ပြောလိုက်ပြီး "ဒီခုခေတ်လူတွေက ပါးစပ်ကသာ အဆင်ပြေလား အဆင်ပြေလားနဲ့..အတွင်းစိတ်ကျတော့ ငတ်ေ-သပါစေလို့ ကြိတ်စုတောင်းနေတဲ့ဟာတွေ...ကျွန်မသာ ခုလို နေနေရတယ်ဆိုရင် ဘယ်လောက်တောင် ဝမ်းသာကြမလဲ သိလား..သူတို့ကို ဝမ်းသာခွင့် မပေးနိုင်ပေါင်.."

"ဒါပေမယ့် မင်းက ကျောင်းကော်မတီ အဖွဲ့ဝင်လေ..မင်းလစာ ဘယ်လောက်ရှိတယ် ဆိုတာ လူတိုင်း သိနေကြတာပဲ မဟုတ်လား..အဲ့တာကို ဘယ်လို ကြွားလုံး ထုတ်မှာ.."

"အဲ့တာကြောင့် မို့ ရှင့်ကို သူ ဧှေဟန်ဆောင် ပေးဖို့ အကူညီတောင်းရတာပေါ့..ရှင်က ကျွန်မရည်းစား ဟန်ဆောင်လိုက်..အဲ့တာဆို ကျွန်မလည်း ရှင့်ကို မှီခိုပြီး သာသာယာယာ နေနေရတဲ့ ပုံပေါက်တယ်လေ..အဲ့တာဆို သူတို့ မနာလို တွေဖြစ်ကုန်မှာ.. "

"အဲ့လောက်ကြီးတောင်လားဟ..အဲ့လိုဆို လည်း သူတို့နဲ့ သွားတွေ့မနေနဲ့လေကွာ.."

"အဲ့လူတွေ ဘယ်လောက်တောင် မုန်းဖို့ကောင်းလဲဆိုတာ ရှင်မသိလို့နော်..."

စုန့်ကျားပြောလေ ပိုပြီး မုဒ်ဝင်လာလေဖြစ်ပြီး ဆိုဖာပေါ်တွင် ခြေတင်ချိတ်၍ "နင်တို့ ဘာတွေ ပြောနေကြတာလဲ..ငါတို့ ကောလိပ်က ထိပ်တန်းကျောင်းသူကြီးက ခုဆို အဆင်ပြေနေလောက်ရောပေါ့...အနည်းဆုံးတော့ တစ်နှစ်ကို တစ်မီလီယမ်လောက်တော့ ရသင့်တယ်လေ..."

"ဟူး...ငါတို့လို ကျောင်းတုန်းက စာမလိုက်နိုင်တဲ့ ကျောင်းသူတွေကတော့ အသုံးမဝင်ဆုံးပဲ..အပြင်သွားရင် မာစီးဒီးတို့ BMW တို့လောက်ပဲ စီးနိုင်တာ...ကျားကျားနဲ့ ဘယ်လိုယှဥ်လို့ ရမှာလဲနော..."

စုန့်ကျား သူတို့ ပြောပြမည့် လေသံကို ကြို သိနေသကဲ့သို့ လုပ်ပြလိုက်ပြီး ပြောလေ စိတ်တိုလေဖြစ်ကာ "ဒါရိုက်တာလင်း....ရှင် ပြောကြည့် ..အဲ့တာကျွန်မကို စော်ကားနေ တာပဲ မဟုတ်လား..ကျွန်မသာ မသွားလို့ ကတော့ သေလောက်တဲ့ထိတောင် လျော် ရယ်ခံရဦးမှာ..."

"အေးပါကွာ..အဲ့တာဆို..ငါလည်း ဘာမှ လုပ်စရာမရှိတာနဲ့အတော်ပဲ..လိုက်ခဲ့ပေး မယ်..."

"အွန်း အွန်း.."စုန့်ကျား မျက်လုံး လက်သွား ပြီး အားရပါးရ ခေါင်းညိမ့်ကာ "ဒါရိုက်တာ လင်း အချိန်ကျလာရင် ရှင် သူ့ဌေး ဟန်ဆောင်ပြီးတော့ ရှင့်ပိုင်ဆိုင်မှုတွေ ဘာ

လောက်များလဲဆိုတာ ကြားရမယ်နော်..ရှင့်လက်အောက်မှာ ထိန်းချုပ်ထားတဲ့ ကုမ္ပဏီတွေ ဘယ်လောက်ပေါလဲဆိုတာ လျှောက်ရွတ်ပြလိုက်ရင်...အဲ့တာဆို သူတို့တွေ ဆွံ့အသွားပြီး ပေါက်တတ်ကရတွေ ပြောနိုင်မှာတောင် မဟုတ်တော့ဘူး... "

"အာ...ငါပြောကြည့်တာပေါ့.."

လင်းရီလည်း သူ့တွင် သူဌေးပုံစံ ရှိကြောင်း သိပ်မသေချာပေ။

ချင်းဟာန်ဆိုပါက ယခုလိုလုပ်ဖို့ရာ ပိုပြီး သင့်တော်ပေလိမ့်မည်။

"ဟီးဟီး..ကျေးဇူးပဲနော် ဒါရိုက်တာ လင်း.."စုန့်ကျား အပြုံးလေးဖြင့် ပြောလိုက်သည်။

"ကျွန်မခု ရေသွားချိုးလိုက်ဦးမယ်..ကျွန်မ ငှားထားတဲ့ ဝတ်စုံ ရောက်လာတာနဲ့ သွားကြတာပေါ့.."

"ဝတ်စုံလည်း ငှားထားတယ်...?"

"အွန်း..."စုန့်ကျားခေါင်းညိမ့်လိုက်ပြီး "အစကတော့ ကျွန်မ သူငယ်ချင်းတစ်ယောက်ကို အကူညီတောင်းမလို့ဘဲ...ဒါပေမယ့် ရှင်က သူ့ထက်ပိုချောပြီး အထက်တန်းဆန်တဲ့ ပုံပေါက်တော့ သူ့ကို ဘေးချိတ်ပြီး ရှင့်ကို

အကူညီတောင်းဖို့ ဆုံးဖြတ်လိုက်တာ လေ..."

"အာ...အဲ့လိုဆို ငါက သူ့နေရာကို ဝင်လု သွားတာပေါ့...မကောင်းဘူးထင်တယ် နော..."

"ဘယ်တတ်နိုင်မှာ..ဒါရိုက်တာလင်းက အရမ်းခန့်နေတာကိုး.."

"ဟားဟား..ငါလည်း မင်းလို ရိုးသားတဲ့သူ တွေမှ ကြိုက်တာ.."

စုန့်ကျား ရယ်မောလိုက်ပြီး "ဒါရိုက်တာ လင်း ..ဒီမှာ စောင့်နေဦးနော်...အသီးနဲ့ သောက်စရာတွေက ရေခဲသေတ္တာထဲမှာ ရှိ

တယ်...ကိုယ့်အိမ်ကိုယ့်ယာလို သဘောထားပြီးသာနေ......"

"အိုကေလေ..မင်းလုပ်စရာရှိတာသာ သွားလုပ်..."

"အွန်း...အဲ့လိုဆို သွားပြီ..."

စုန့်ကျား ရေချိုးခန်းထဲသို့ ဝင်သွားခဲ့သည်။ လင်းရှီလည်း ရေအနည်းငယ် ဆာနေခဲ့၏။ သို့သော်လည်း ရေခဲသေတ္တာထဲမှ အသီးတစ်ချို့ ယူစားရန် အကြံကို ပယ်ဖျက်လိုက်လေသည်။

စုန့်ကျားလည်း စတော်ကင်များ ဝတ်တတ်သည့် အကျင့်ရှိ သောကြောင့် မတော်လို့

သူမ စတော်ကင်များကိုသာ ရေခဲသေတ္တာထဲ၌ သိမ်းထားတော့မှဖြင့် ....

ထို့ကြောင့် ရိုးရိုးရေ တစ်ခွက်သာ သောက်ရန် ဆုံးဖြတ်လိုက်ရ၏။

ထိုအတောအတွင်း စုန့်ကျားငှားထားသည့် ဝတ်စုံကိုလည်း သူ၏ လုပ်ဖော်ကိုက်ဖက် အီရန်ဘွိုင်းတစ်ယောက်မှ လာပို့လာသည်။

နာရီဝက်ကြာပြီးနောက် စုန့်ကျား ရေချိုးခန်းထဲမှ ကိုယ်ကို တဘက်ဖြင့် ပတ်၍ ထွက်လာခဲ့၏။ ရှောင်ထျန်ကဲ့သို့ ကိတ်မနေသော်လည်း သူ့နေရာနှင့်သူတော့ အတော်လေး ဆွဲဆောင်မှု ရှိလှပေသည်။

"ဒါရိုကတာလင်း ကော်ဖီစားပွဲပေါ်မှာ ကွန်ပျူတာ ရှိတယ်နော်..ပျင်းရင် ဇာတ်ကား လေးဘာလေးကြည့်ပေါ့..ကျွန်မ မိတ်ကပ် လိမ်းလိုက်ဦးမယ်..."

"အိုကေ..ကြယ်ငါးပွင့်ရီဗျူး ပေးဖို့လည်း သတိရဦးဗျ...ဒီက စောင့်နေတာ."

"အိုကေ..ပြဿနာမရှိဘူး..."

စုန့်ကျား အခန်းထဲသို့ ဝင်သွားပြီး မိတ်ကပ် လိမ်းနေချိတ်တွင် လင်းရီကတော့ ဧည့်ခန်း ထဲတွင် ပျင်းရိစွာဖြင့် ဖုန်းဆော့နေလေ သည်။

မိနစ်အနည်းငယ်အတွင်း စုန့်ကျား၏ ကြယ်ငါးပွင့်ရီဗျူးမှာ ရောက်လာခဲ့၏။

တစ်ချိန်တည်းတွင် သူ၏ စိတ်ထဲ၌ စနစ်၏ အသိပေးသံလည်း မြည်ဟီးလာသည်။

[မစ်ရှင် ပြီးမြောက်ပါပြီ။ ]

[ဆုလာဒ် : အတွေ့အကြုံမှတ် ၁ သိန်း]

[အလုပ်ပြီးမြောက်နှုန်း : ၁၀၀% ]

[ဆုလာဒ် : ယွမ် ၃ ဘီလီယမ်..]

[အီရန်ဘွိုင်း အလုပ်အကိုင် သော့ခတ်ထားပါသည်။ ဖွင့်၍ မရနိုင်ပါ။ ]

လင်းရီ ယွမ် ၃ ဘီလီယမ်ဟူသော စာသားကို မြင်တော့ စိတ်မလှုပ်ရှားသွားခဲ့။ ၎င်းကို သူမျှော်လင့်ထားပြီး ဖြစ်၏။

မစ်ရှင် အတွေ့အကြုံမှတ် တစ်သိန်းနှင့် ယွမ် သုံးဘီလီယမ်မှာလည်း အတော်လေး မဆိုးဟု ပြောနိုင်ပေသည်။

မည်သို့ပင်ဆိုစေ ရှေ့မစ်ရှင်တုန်းက အတွေ့ကြုံမှတ် နှစ်သိန်းနှင့် ၂ ဘီလီယမ် ရရှိသောကြောင့် သူ ရသလောက်နှင့် ကျေနပ်ရပေမည်။

ထို့နောက် လင်းရီ စနစ်၏ စာမျက်နှာကို ကြည့်လိုက်သောအခါ အီရန်ဘွိုင်း အလုပ်အကိုင်မှာ သော့ပိတ်သွားကြောင်း တွေ့လိုက်ရ၏။

စိတ်ဝင်စားဖို့ ကောင်းသည်ကတော့ ထိုနေရာ၌ ရွှေတံဆိပ်လေးတစ်ခု ရှိနေပြီး ဂိမ်း

ထဲ၌ အောင်မြင်မှု ရရှိသောအခါ ပေးသည့် တံဆိပ်နှင့် ဆင်တူနေ၏။

လင်းရီ ဆိုဖာပေါ်တွင် သက်တောင့်သက်တာ လဲလျောင်းလိုက်ပြီး နောက်ထပ် ဘာဆက်လုပ်ရမလဲ ဆိုတာ စဉ်းစားနေသည်။

Didi ဒရိုင်ဘာနှင့် ကျောင်းဆရာ အလုပ်အကိုင် နှစ်ခုလုံး၏ ရပ်စဲထားခြင်း အချိန်အပိုင်းအခြားမှာ ကုန်ဆုံးသွားပြီးဖြစ်၏။ ထို့ကြောင့် သူတစ်ခုကို ရွေး၍ အန္တိမ မစ်ရှင်ကို လုပ်ရပေမည်။

"မိန်းကလေးစုန့်..."လင်းရီ အော်ဟစ်လိုက်သည်။

"ဘာလဲ...မပူနဲ့..ကျွန်မပြီးတော့မယ်..."

"ရတယ်..အေးဆေးသာလုပ်.."လင်းရီ ပြော လိုက်ပြီး "ငါသိချင်တာက ကျောင်း အားလပ်ရက် ရောက်တော့မှာလားလို့..."

"ရောက်တော့မှာ လေ...စာမေးပွဲတွေက နောက်တစ်လဆိုဖြေပြီ... ဘာလဲဖြစ်လို့ ဒါရိုက်တာလင်း..."

"ဘာမှမဟုတ်ပါဘူး..မင်းဘာမင်း လုပ်စရာ ရှိသာတာလုပ်ပါ..."

လင်းရီ တွက်ချက်ကြည့်လိုက်ပြီး ထိုသို့ဆို ပါက သူ ကျောင်းဆရာ အလုပ်မစ်ရှင်ကို အ ရင်ဆုံး လုပ်ရမည့်ပုံပင်။

မဟုတ်ပါက ကျောင်းသားများခရီးထွက်သွားခဲ့ပါက အချိန်အကြာကြီး စောင့်ဆိုင်းနေရပေလိမ့်မည်။

အဲ့တော့လည်း ကျောင်းဆရာအလုပ်ရဲ့ အနှိမ့် မစ်ရှင်ကိုပဲ အရင်လုပ်တာပေါ့ကွာ...

**စာစဥ် (၁၅)ပြီး၏။**